ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ သောကြာနေ့၊ (20-3-2015) (၈၁၅၀)


**ယာဝဇီဝမ္ပိစေဟလော၊ ပဏ္ဍိတံပယိရုပါသတိ။**
**နသောဓမ္မံဝိဇာနာတိ၊ ဒဗ္ဗီသူပရသံယထာ။**

ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်စေကာမူ သူတော်ကောင်းတရားကို မသိနိုင်။

(ဓမ္မပဒ)

**ထူးခြားသည့် နေ့အပူချိန်များ**

ဘော်လခဲ
၄၂ ဒီဂရီစင်တီဂရိတ်
ချောက်
၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူး
၄၁ ဒီဂရီစင်တီဂရိတ်
မကွေး
၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၁ ဒီဂရီစင်တီဂရိတ်

# စီးပွားရေးကဏ္ဍများအပြင် အခြားကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်နှင့် အဖနိုင်ငံတော်တပ်ဦးဗဟိုကော်မတီဥက္ကဋ္ဌ မစ္စတာ ငုယင်သီယက်ညန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေးကဏ္ဍများအပြင် အခြားကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်အချောထည် ထုတ်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**



# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် ရှေ့သို့ ဆက်လက်တိုးနိုင်ပြီ

သတင်း ›› ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ ›› ဖိုးထောင်



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT) တို့သည် (၇)ကြိမ်မြောက်ဆွေးနွေးပွဲအား မတ်လ ၁၇ ရက်နေ့မှ စတင်ခဲ့ပြီး ယနေ့တွင် တတိယမြောက်နေ့အဖြစ် MPC တွင် ဆက်လက်ပြုလုပ်နေသည်။

ယနေ့ တတိယနေ့အစည်းအဝေးအပြီးတွင် MPC မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦး၊ NCCT အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(ချင်းအမျိုးသားတပ်ဦး-CNF)နှင့် ဒေါ်စောမြရာဇာလင်း (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ-ALP) တို့က မီဒီယာများနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းတို့၏ ရှင်းလင်းချက်များအား ကောက်နုတ်ဖော်ပြပါသည်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(အဖွဲ့ဝင်)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့**(NCCT)

ဒီနေ့ ဆွေးနွေးပွဲကတော်တော်များများ ရှေ့ရောက်ပါတယ်။ အဆင်ပြေတဲ့အပိုင်းတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့က (၇)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲမှာပါတဲ့ အစီအစဉ်သုံးခုထဲက ပဋိပက္ခလျှော့ချရေးကိုဆွေးနွေးပြီးပြီ။ တပ်ပိုင်းဆိုင်ရာကိစ္စ

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ○**

# ဒဂုံတက္ကသိုလ်စာမေးပွဲများစတင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိ

သတင်း-မင်းသစ်၊ဓာတ်ပုံ-နေလင်း(သတင်းစဉ်)

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးဒဂုံတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်စာမေးပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိရာ အထူးပြုဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ဒဂုံတက္ကသိုလ်စာမေးပွဲများကို နံနက်ပိုင်းတွင် ဒုတိယနှစ်၊ တတိယနှစ်နှင့် ပထမနှစ် ဂုဏ်ထူးတန်းများဖြေဆိုကြပြီး ညနေပိုင်းတွင် ပထမနှစ်၊ စတုတ္ထနှစ်၊ ဒုတိယနှစ် ဂုဏ်ထူးတန်း မဟာအရည်အချင်းစစ်စာမေးပွဲနှင့် ပထမနှစ် မဟာတန်းများ ဖြေဆိုကြကြောင်းသိရသည်။

တက္ကသိုလ်စာမေးပွဲများဖြေဆိုနေသည့်ကျောင်းသားကျောင်းသူများ သွားလာရေးလွယ်ကူစေရန် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ စာမေးပွဲဖြေဆိုချိန် အချိန်မီရောက်ရှိရန်နှင့် စာမေးပွဲဖြေဆိုချိန်အတွင်း ကျန်းမာရေးတစ်စုံတစ်ရာ ချို့ယွင်းမှုရှိခဲ့ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်၊ သူနာပြုများ စီစဉ်ပေးထားကြောင်းသိရသည်။


ဒဂုံတက္ကသိုလ်သင်တန်းရေးရာဌာနမှူး ဆရာဦးသက်လွင်က "ဆေးရုံမှာဖြေရမယ့် ကျောင်းသား ကျောင်းသူတွေအတွက် ရန်ကုန်အရှေ့ပိုင်းဆေးရုံမှာ စီစဉ်ထားပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**



သမရိုးကျခြင်လုံဇကာ ၏ အားနည်းချက် အားလုံး ကို ဖြည့်စွက် ပေး နိုင် သော

Roll-Up™

ရိုလာ(ROLLER) ခြင်လုံဇကာ



အပေါ်အောက် ဖွင့်ပုံစံ



ဘေးတိုက် ဖွင့်ပုံစံ

ရန်ကုန် 09-25 991 8812 , 09-25 991 8813
မန္တလေး 09-25 003 9366

အရုံသင့်တပ်ဆင်နိုင်သော ရေချိုးခန်း



Price 390000 Ks

V1207
Size :80cm X 120cm X 215cm

Radio, Exhaust Fan

☎ 01 - 400434 , 09 -25 991 8813

Show Room 1 : အမှတ် N 8 / အခန်း (၀၀၁)၊ ... ( Super One & ILBC အနီး) ...
Show Room 2 : အမှတ် E- 21 ...

**ကြေးမုံ စာတည်းရှုထောင့်  ၂၀-၃-၂၀၁၅၊ သောကြာနေ့**

# လူသားအားလုံးအတွက်ရေ

ရေသည် လူသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သောအရာဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေအတွက် မခက်သော်လည်း အချို့နေရာများတွင် ရေရှားပါးသဖြင့် ရေရရှိရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသည်။ အိန္ဒိယကျွန်းစုနိုင်ငံ မော်လ်ဒိုက်သည် ရေပတ်လည်ဝန်းရံနေသည့် ကျွန်းနိုင်ငံဖြစ်သော်လည်း ရေပြတ်လပ်မှုနှင့်ကြုံတွေ့နေရသည်။ ရေကို အခြားနိုင်ငံများမှ ခဲရာခဲဆစ်တင်ပို့ပေးရသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြေအောက်ရေ၊ ကန်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေဟူ၍ ရေကိုနည်းလမ်းပေါင်းစုံဖြင့်ရနိုင်သောကြောင့် ရေအတွက်အခက်အခဲမရှိလှချေ။ လက်တွေ့တွင်လည်း ရေမရသောနေရာများအတွက် မြေအောက်ရေ၊ ကန်ရေတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ဆည်ငယ်၊ ကန်ငယ် ၂၅၂ ကန်ကို ပြုပြင်ဆောင်ရွက်ခြင်း၊ စက်ရေတွင်း ၅၈၈၉ တွင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေသည်ကို ကြားသိရပြီး ကန် ၄၃ ကန်၊ မြေအောက်ရေတွင်း ၃၁၅၂ တွင်း ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲရှိနေသည်ကို အားရဖွယ်မြင်တွေ့ရသည်။

သောက်သုံးရေနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှာ မြစ်ရေ၊ တောင်ကျချောင်းရေများကို အားထားနေရဆဲဖြစ်သည်။ ဥပမာ ဧရာဝတီ၊သံလွင်နှင့် ရခိုင်ပြည်နယ်မှ လေးမြို့ ကုလားတန်မြစ်ညာအရပ်မှပြည်သူများ မြစ်ရေကိုရှေးအစဉ်အဆက် အားထားနေရဆဲဖြစ်သည်။ အချို့နေရာများတွင် မြေအောက်ရေကို ရယူကြသည်။ အချို့ရေလျှံတွင်းများလည်းရှိသည်။

ထိုရေတို့ကို သောက်သုံးရေအဖြစ်အသုံးပြုရာတွင် ကျန်းမာရေးအတွက် အထူးဂရုစိုက်ရသည်။ ရေကို မြေအောက်မှဖြစ်စေ၊ မြစ်ချောင်းမှဖြစ်စေ ရယူရာတွင် ခာတ်ပြုမှု၊ အရောအနှောပါဝင်မှု ရှိတတ်သည်။ သောက်သုံးရေသာမက စိုက်ပျိုးရေအတွက်ပါ သတိပြုရသည်။ ရေဟူ၍ မျက်ဝါးထင်ထင်မြင်တွေ့ရ သော်လည်း ထိုရေတွင် သာမန်မျက်စိနှင့်မမြင်နိုင်သည့် အကျိုးမပြုသော ဒြပ်ပစ္စည်းများကို သတိထားရသည်။

မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကအသုံးပြုသော ရေတို့၏ဆိုးကျိုး၊ကောင်းသင့်တို့ကို ထုတ်ဖော်ပြောကြားထားသည်။ ကုန်းတွင်းမှလာသော အညစ်အကြေးများနှင့် ယင်းတို့ကိုဖြစ်ပေါ်စေသော လုပ်ဆောင်မှုများ၊ ရေယာဉ်များမှအညစ်အကြေးများ၊ ယင်းတို့မှယိုဖိတ်၊ စွန့်ထွက်စက်ဆီများနှင့် အမှိုက်သရိုက်များကြောင့် ရေထုညစ်ညမ်းမှုရှိလာသည်။

မြစ်ရေ၊ ချောင်းရေ သောက်သုံးအသုံးပြုသူများအတွက် အကျိုးသက်ရောက်မှုဖြစ်လာသည်။ သို့သော် အချို့နေရာများတွင် မြစ်ရေကို အစိမ်းသက်သက် မသောက်သုံးတတ်ကြ။ သဲနှင့်စစ်၍ သောက်သုံးကြသည်။ ဤနည်းသည် မြစ်ရေညစ်ညမ်းမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်သော်လည်း စိတ်ချရသောအဆင့်ဟု သတ်မှတ်၍မရချေ။

ယူနက်စကိုအဖွဲ့၏ ကြေညာချက်အရ ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်း ၈၀၀ ခန့်သည် သန့်ရှင်းသော သောက်သုံးရေမရသေးဟုဆိုထားသည်။ တစ်ဖက်တွင် ဆိုင်ရာတို့က သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေသလို အခြားတစ်ဖက်တွင် လူဦးရေထူထပ်မှုနှင့်အတူ လုပ်ငန်းဆောင်ရွက်မှုမြင့်တက်လာသောကြောင့် ရေကောင်းရေသန့်ရရှိရေးအတွက် စိန်ခေါ်မှုများစွာနှင့်ကြုံတွေ့နေရသည်။

မြန်မာနိုင်ငံအနေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးကို ဆိုင်ရာတို့က ဒေသအလိုက် အလေးထားဆောင်ရွက်ပေးနေသောကြောင့် ရေအတွက် အခက်အခဲမရှိသော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သုံးစွဲမှုအပိုင်းတွင် စည်းကမ်းစနစ်ကျနစွာဖြင့် ရေကိုအချည်းအနှီးမဖြစ်စေဘဲ တန်ဖိုးရှိရှိအသုံးပြုသင့်သည်။ ရေအတွက်မပူရသော်လည်း ရေ၏တန်ဖိုး၊ ရေ၏အကျိုးကို အသိတရားဖြင့် အလေးထားအသုံးပြုကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော်  မတ်  ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် အသိပေးကြေညာချက်အား မတ် ၁၈ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။ ကြေညာချက် အပြည့်အစုံမှာ-

ရန်ကုန်တိုင်းဒေသကြီးမှ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဒေါပုံ၊ ဆိပ်ကြီးခနောင်တို၊ ဆိပ်ကမ်း၊ ဒဂုံ၊ လသာ၊ ကျောက်တံတား၊ လမ်းမတော်နှင့် ကမာရွတ်မြို့နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးများ၌ မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ ၁၄ ရက်တိုင်တိုင်ကြေညာကပ်ထားမည်ဖြစ်သည်။

မိမိတို့၏အမည် မဲစာရင်းတွင် ပါ/မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြရန်ဖြစ်ပြီး၊ မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အချက်အလက်များမှားနေလျှင် ပုံစံ (၄-ဂ)ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

မဲစာရင်းတွင် မပါဝင်သင့်သူများ (ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ (၄)ဖြင့် ကန့်ကွက်နိုင်သည်။


ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့် မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## နယူးဇီလန်နိုင်ငံ အော့ကလန်နည်းပညာတက္ကသိုလ် ပါမောက္ခဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် မတ်  ၁၉**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နယူးဇီလန်နိုင်ငံ အော့ကလန်နည်းပညာတက္ကသိုလ် Auckland University of Technology ၏ Pro-Vice Chancellor ၊ ပါမောက္ခ Nigel Hemmington ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့် အမျိုးသားလွှတ်တော်၊ ဗီယက်နမ်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးနေဝင်းထွန်း၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါ်နန်းနီနီအေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအဖွဲ့ဝင် ဦးတင်ရှန်၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးကံညွန့်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

**ရန်ကုန်  မတ်  ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၇၈၀၀ | - | ၆၆၈၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၇၅၀၀ | - | ၆၆၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၁၉. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၄. ၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁. ၄၁၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၀. ၁၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၃၇၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၅၇. ၅၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၂. ၃၁၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၇၉၉. ၂၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၄၆. ၆၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## စိတ်ကြွဆေးများ ရောင်းချခြင်းမပြုရန် ပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၁၉**

ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မတ် ၁၉ ရက် ညနေ ၃ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူဖြူမြင့်တို့ ဦးစီး၍ မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် စိတ်ကြွဆေးများရောင်းချခြင်းမပြုရန် ပညာပေးဆွေးနွေးပွဲ ကျင်းပရာ ပုဇွန်တောင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ခွဲမှူး ဦးအောင်ထွေး၊ ဦးကျော်ကျော်၊ SKY NET Police Channel မှ သတင်းထောက် သီဟစိုးမင်းနှင့် နယ်မြေအတွင်းရှိ ဆေးဆိုင်ပိုင်ရှင် ၁၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**




**သချာအောင်သင်း ကျော်**
၄-တန်း၊ ၈-တန်း၊ ၉-တန်း၊ ၁၀-တန်းနှင့် တက္ကသိုလ်ဝင်ခွင့်ဖွင့်ပြီ။ (ဓနုသချာ)
ရာထူးဝင်ခွင့်သင်တန်းများဖွင့်ပြီ။
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:09421042332,09420005131

**ရွှေထူးလွင်** ချောင်းသာ (စာတည်းခြင်း) ၂၅၀၀၀/-း (မော်တော်ခွန်း) (ငွေဆောင်)
Ph : 09450044494, 09450044496,389920

ဟိုတယ် ထိရောက်ချောမွေ့စွာ (စတင်) လည်ပတ်နိုင်ရန်
**HOST Hotel Consultant** တွင်
လုပ်ငန်းအကြံပေး ဝန်ဆောင်မှု နှင့်
သင်တန်းများ အပ်နှံနိုင်ပါသည်။
(မန်နေဂျာသင်တန်းများ မတ်လ(၂၀)ရက်နေ့ စမည်။)
Ph: 09 5199071, 09 799649983, 09 6815637
No. 32, Myay Nu St., San Chaung Tsp. Yangon

**ရွှေထိပ်တန်း ❄ ချောင်းသာ(နေ့စဉ်)**
✦ ရွှေစက်တော်၊ အလောင်းတော်ကဿပ
✦ ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ
✦ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
ကျိုက်ထီးရိုး (နေ့စဉ်)  ငွေဆောင် (သောကြာ)  စီးလုံးငှားလက်ခံသည်
သကြ်န်တွင်း ပိတ်ရက်မရှိပါ  ကြိုတင်လက်မှတ်ရောင်းပြီ
01-701015,01-710436,09-5403844,09-5044830

ပြည်တွင်းရေးရာ

# တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းပါ ကွဲလွဲချက်အများစုအား တတိယနေ့အစည်းအဝေးတွင် နှစ်ဖက်အဖွဲ့များ သဘောတူညီနိုင်းနိုင်ခဲ့



**ရန်ကုန် မတ် ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် (၇) ကြိမ်မြောက်ဆွေးနွေးပွဲကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက တတိယမြောက်နေ့အဖြစ် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်တွေ့ဆုံဆွေးနွေး ခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်မူကြမ်းတွင် ပါဝင်သော ပဋိပက္ခလျှော့ချရေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ပါ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးသဘောတူညီမှုရရှိခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့၏ တရားဝင်တွေ့ဆုံဆွေးနွေးပွဲသည် ပဋိပက္ခလျှော့ချရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ပါ တပ်ပိုင်းဆိုင်ရာကိစ္စများကို ဆွေးနွေးခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) တွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသော အချက်များဆွေးနွေးခြင်းစသည့် အချက်သုံးချက်ကို အဓိကထား ဆွေးနွေးကြခြင်းဖြစ်သည်။

UPWC နှင့် NCCT တို့၏ တွေ့ဆုံခြင်း တတိယနေ့ အစည်းအဝေးအပြီးတွင် MPC မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦး၊ NCCT အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(ချင်းအမျိုးသားတပ်ဦး-CNF) နှင့် ဒေါ်စောမြရာဇာလင်း (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ-ALP) တို့က မီဒီယာများနှင့် တွေ့ဆုံ၍ ယနေ့ပြုလုပ်သည့် တတိယနေ့ဆွေးနွေးပွဲအပေါ် ရှင်းလင်းပြောကြားခဲ့ကြသည်။

တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်မူကြမ်း (Singal Text)တွင် အခန်း (၇) ခန်း ပါဝင်ကြောင်း၊ အခန်း (၁)မှ (၃) အထိ အပြီးသတ်ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အခန်း (၄)တွင် ဆွေးနွေးရန်အတွက် စကားလုံးအသုံးအနှုန်းတစ်ခုသာ ကျန်ရှိတော့ကြောင်း၊ ယနေ့ပြုလုပ်သည့် တတိယနေ့ဆွေးနွေးပွဲတွင် အခန်း (၅) အား ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း၊ အခန်း (၆) နှင့် (၇) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာကိစ္စများ ဖြစ်၍ လမ်းပြမြေပုံ (Road Map) ဆွေးနွေးရန် အဆင်ပြေပါက ကျန်သည့်အပိုင်းများတွင် လွယ်ကူစွာဆွေးနွေးနိုင်တော့မည်ဖြစ်ကြောင်း နှစ်ဖက်ကိုယ်စားလှယ်များက မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားသည်။

ယခင်ဆွေးနွေးပွဲများ၌ နှစ်ဖက်ညှိနှိုင်းရန် ခက်ခဲသော "တော်လှန်ရေး" ဟူသည့် စကားလုံးအသုံးအနှုန်းကိုပင် နှစ်ဖက်ညှိနှိုင်းလက်ခံနိုင်ခဲ့သဖြင့် ဆွေးနွေးပွဲအခြေအနေ တိုးတက်ခဲ့ကြောင်း ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တော်လှန်ရေးကို အခြေခံသော နိုင်ငံရေးဆန္ဒကို အသိအမှတ်ပြုသောအားဖြင့် ဆိုတဲ့ စကားလုံးတွေနဲ့ ကျွန်တော်တို့ ရေးထားတာဖြစ်တဲ့အတွက် အရင်က တစ်ဆို့နေတဲ့ တော်လှန်ရေး စကားလုံးလည်း ပြေလည်သွားပါပြီ။ တော်လှန်ရေးဆိုတဲ့ စကားလုံးကို လက်ခံလိုက်တယ်ဆိုတော့ ဆွေးနွေးပွဲအခြေအနေ အတော်ကို တိုးတက်တယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ ရပါတယ်" ဟု ၎င်းက မီဒီယာများအား ဆွေးနွေးပွဲအပြီး၌ ပြောကြားခဲ့သည်။

မတ် ၂၀ ရက်တွင် ပြုလုပ်မည့် စတုတ္ထနေ့တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(မူကြမ်း)တွင် ပါဝင်သည့် ကျန်ရှိနေသည့် အခန်းများ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီးပါက စာချုပ်အား ပူးတွဲအကောင်အထည်ဖော်ရန်အတွက် ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ Structure (ဖွဲ့စည်းမှုပုံသဏ္ဌာန်) နှင့် လမ်းပြမြေပုံ (Road Map) ကိစ္စရပ်များကို မတ် ၂၀ ရက်တွင် ပြုလုပ်မည့် စတုတ္ထနေ့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲ ပထဝီဝင်ဘာသာဖြေဆိုသူ ၄၈၅၇၁ ဦးရှိ

**နေပြည်တော် မတ် ၁၉**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်ပထဝီဝင်ဘာသာရပ်ဖြေဆိုရန်စာရင်းရှိ ၅၂၆၀၃ ဦးအနက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၄၈၅၇၁ ဦးရှိ၍ ဖြေဆိုရန် ပျက်ကွက်သူ ၄၀၃၂ ဦးရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**❐ ဒဂုံတက္ကသိုလ်မှ**

ခြေ၊ လက်ကျိုးတာတွေ၊ အမြင်အာရုံချို့တဲ့သူတွေအတွက် ယာယီစာဖြေခန်းဖွင့်ပြီး ဒဂုံတက္ကသိုလ်က ဆရာဝန်၊ သူနာပြုတွေစောင့်ရှောက်ပြီး ဖြေဆိုခွင့်ပေးထားပါတယ်"ဟု ပြောသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ တက္ကသိုလ်စာမေးပွဲများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ယနေ့နံနက်ပိုင်းမှစတင်ကာ စာမေးပွဲများကျင်းပလျက်ရှိပြီး ဒဂုံတက္ကသိုလ်တွင် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၂၀၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ဒဂုံတက္ကသိုလ်၌ စာမေးပွဲများ စတင်ကျင်းပလျက်ရှိရာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိစဉ်။**



**○ ရှေ့ဖုံးမှ**

အားလုံးကိုလည်း ဆွေးနွေးပြီးပြီ။ ဒီနေ့မှာတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်မူကြမ်း (Singal Text) ကျွန်တော်တို့ ဆွေးနွေးတာဖြစ်ပါတယ်။ အဲဒီမှာ အခန်း (၇)ခန်းပါဝင်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အခန်း (၁)ကနေ (၅)အထိကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။

ဒီနေ့ပွဲမှာ **"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တော်လှန်ရေးကိုအခြေခံသော နိုင်ငံရေးဆန္ဒကို အသိအမှတ်ပြုသောအားဖြင့်"** ဆိုတဲ့ စကားလုံးတွေက အရင်ကဆို တစ်ဆို့နေတဲ့ စကားလုံးတွေဖြစ်ပေမယ့် အခုတော့ ပြေလည်သွားပါပြီ။ **"တော်လှန်ရေး"** ဆိုတဲ့စကားလုံးကို လက်ခံလိုက်တယ်ဆိုကတည်းက ဆွေးနွေးပွဲအခြေအနေက တော်တော်လေးကို တိုးတက်လာတယ်လို့ ကျွန်တော်တို့သုံးသပ်လို့ရပါတယ်။

ဆက်ပြီးတော့ ဆွေးနွေးဖို့ကျန်နေတဲ့ အချက်တစ်ချက်ကတော့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ပြီးလို့ရှိရင် အဲဒီစာချုပ်ကို ကျွန်တော်တို့ ပူးတွဲအကောင်အထည်ဖော်ဖို့ကိစ္စနဲ့ ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စ အဲဒါတွေအတွက် ဘာတွေဆက်လုပ်မယ်၊ ဘာတွေဆက်လုပ်မယ်ဆိုတဲ့ Structure (ဖွဲ့စည်းမှုပုံသဏ္ဌာန်)အပိုင်းမှာ ကော်မတီနာမည်ကို ဆက်ဆွေးနွေးဖို့ရှိမယ်။ ဒါက နံပါတ်(၁)။ ဒုတိယအနေနဲ့ Road Map ကို ကျွန်တော်တို့ ဆက်ဆွေးနွေးပါမယ်။

အားလုံးသိတဲ့အတိုင်း စက်တင်ဘာလတုန်းက Road Map(လမ်းပြမြေပုံ)ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ကျွန်တော်တို့ အများကြီးတုံ့ဆိုင်းခဲ့ရတယ်။ ဒီနေ့မှာတော့ အစိုးရဘက်က ပြန်ပြီးတင်ပြတာက လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကို Road Map အဆင့်အနေနဲ့ မဟုတ်ဘဲ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးမှုရမယ်ဆိုတဲ့ အကြောင်းအရာပုံစံမျိုးနဲ့ ပြန်ပြီးတော့တင်ပြတဲ့အတွက် ဒါက တိုးတက်မှုလို့ ကျွန်တော်မြင်ပါတယ်။ ဒါကို ကျွန်တော်တို့ NCCT အတွင်းမှာ ဒီညပြန်ပြီးတော့ စကားလုံးအနေအထားနဲ့ အရေးအသားကို အသေးစိတ်ပြန်ပြီး ဆွေးနွေးမယ်။ မနက်ဖြန် ဆွေးနွေးပွဲမှာ Road Map ကိစ္စကို သေချာပြန်ဆွေးနွေးမယ်။ ပြီးတော့ Structure နဲ့ ပတ်သက်ပြီးတော့ အစိုးရဘက်က ကျွန်တော်တို့ ပြန်တင်ပြတဲ့ဟာကို လက်ခံခြင်း ရှိ၊ မရှိဆိုတာကို မနက်ဖြန်မှာ အတည်ပြုမယ်။ ကျွန်တော်တို့ဘက်က ကြည့်ရတာကတော့ သူတို့လက်ခံမယ့် အလားအလာရှိတယ်လို့ မြင်တယ်။ ကျန်တဲ့အပိုင်းကတော့ မူကြမ်းမှာပါတဲ့အခန်း (၆) နဲ့ (၇)ရှိမယ်။ အခန်း (၆) နဲ့ (၇) ကတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ ကိစ္စတွေဖြစ်ပါတယ်။ ဒါပေမယ့် Road Map သဘောတူရင် ကျန်တဲ့အပိုင်းတွေက မခက်တော့ပါဘူး။ အဆင်ချောမယ်လို့ ကျွန်တော်မြင်ပါတယ်။ မနက်ဖြန် ဆွေးနွေးပွဲအောင်မြင်မယ်လို့လည်း မျှော်လင့်တယ်။

**ဦးအောင်နိုင်ဦး (တွဲဖက်ဒါရိုက်တာ)**
**ငြိမ်းချမ်းရေးဆွေးနွေးပွဲ အစီအစဉ်**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)**

ဒီနေ့ဆိုရင် အပိုဒ်တစ်ပိုဒ်ပြီးတစ်ပိုဒ် ဆွေးနွေးပြီးပြီဆိုတိုင်း လက်ခုပ်သံတွေ အများကြီးကြားရတယ်။ ဆွေးနွေးနေတဲ့အချက်တွေကို မူအားဖြင့် သဘောတူညီမှုရပြီးတိုင်း ကျွန်တော်တို့ လက်ခုပ်တီးကြတယ်။ တကယ်လို့ အခန်းတစ်ခန်းလုံး ဆွေးနွေးပြီးရင်တော့ အနားယူကြပါတယ်။ ဒီနေ့ဆိုရင် အပြုံးတွေ တော်တော်များများ၊ လက်ခုပ်သံတွေ တော်တော်များများ တွေ့ရကြားရပါတယ်။

မနက်ဖြန်မှာ Road Map ကိစ္စ၊ Structure ပိုင်းကို အတည်ပြုဖို့ ကိစ္စတွေကို ဆွေးနွေးမယ်။ Structure ဆိုတာက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ပြီးရင် နှစ်ဖက်တပ်တွေ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းများ (Military CoC)၊ အဲ့ဒီစည်းမျဉ်းစည်းကမ်းတွေကိုစောင့်ကြည့်မယ့် ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitering Committee) ဖွဲ့စည်းရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်နိုင်ဖို့ ဘယ်လိုဖွဲ့စည်းပုံနဲ့ သွားမလဲဆိုတာကို ဆွေးနွေးတာဟာ Structure ဖြစ်ပါတယ်။ ဒီအပေါ်မှာ အားလုံးနှစ်ဖက်အယူအဆတွေက အတော်တူလာပါပြီ။ မနက်ဖြန်မှာ ဒါကိုဆွေးနွေးနိုင်ရင် မူအားဖြင့် သဘောတူညီမှုတွေ အတော်လေးကို ချောချောမွေ့မွေ့ ဖြစ်သွားပါပြီ။

**ဒေါ်စောမြရာဇာလင်း**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)**

သုံးရက်တာ ဆွေးနွေးပွဲဟာ တော်တော့်ကို အဆင်ပြေချောမွေ့ပါတယ်။ နှစ်ဖက်ဆွေးနွေးတဲ့ ပုံစံမျိုးမဟုတ်ဘဲ ရှေ့ကို နိုင်ငံရေးတစ်လှမ်းတက်ဖို့ ဆွေးနွေးကြရာမှာ မိသားစုတစ်ခုလို နိုင်ငံတော်အတွက် အင်မတန်မှ တာဝန်ရှိကြတဲ့ ပုဂ္ဂိုလ်အချင်းချင်း အင်မတန်မှ ဝမ်းသာဖို့ကောင်းတယ်။ ရှေ့ကို တစ်လှမ်းတက်ဖို့အတွက် အနေအထားတွေ အများကြီးရှိပါတယ်။ လမ်းပြမြေပုံအပိုင်းကို ကျွန်မတို့ သွားနေပါပြီ။ ဒီအခါမှာ ကျွန်မတို့ အရမ်းကြီး တစ်ဆို့မှုဖြစ်လိမ့်မယ်လို့ မယူဆပါဘူး။ အထစ်အငေါ့တွေအားလုံးကို ချောချောမွေ့မွေ့နဲ့ ရှေ့ကို တစ်လှမ်းတက်နိုင်ဖို့ ကြိုးစားနေတယ်လို့ပဲ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ အကောင်းဆုံးကိုပဲ မျှော်လင့်နေကြပါလို့ သတင်းကောင်းပါးချင်ပါတယ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# ကြွေးမြီတွေနဲ့ပတ်သက်ပြီးတော့ လူတစ်ဦးချင်း ဘယ်လောက်အကြွေးတွေ တင်နေပြီလို့ သတ်မှတ်တဲ့ Indicator လို အညွှန်းကိန်းကို နိုင်ငံတကာမှာ တရားဝင်သုံးစွဲထားတာ မရှိပါဘူး

ဦးဝင်းရှိန်

**နိုင်ငံတော်တွင် တည်ရှိနေသည့် ချေးငွေများနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ပြည်ပ ကြွေးမြီချေးငွေ၊ ပြည်တွင်းကြွေးမြီချေးငွေများနှင့်ဆက်စပ်၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် တွေ့ဆုံမေးမြန်း ပြောကြားချက်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

**(ယမန်နေ့မှအဆက်)**

အစိုးရသစ်ကာလမတိုင်မီမှာရှိတဲ့ ကြွေးမြီ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၄၁ ဘီလီယံအနက် ၅ ဒသမ ၉၅၆ ဘီလီယံကို ပြန်ဆပ်လိုက်တဲ့အတွက် ကြွေးမြီဟာ ၉ ဒသမ ၄၈၅ ဘီလီယံလောက်သာ ကျန်ရှိပါတယ်။

ဒီလိုကြွေးမြီတွေရှင်းပြီးတဲ့ကာလမှာ သက်ဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းတွေဖြစ်တဲ့ World Bank, ADB အစရှိတဲ့ဆီက မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထဲကို ဝင်ရောက်ပြီးတော့ ပူးပေါင်း ဆက်ဆံမှုတွေရရှိခဲ့ပါတယ်။

ခုနကျွန်တော်ပြောခဲ့သလို **ကြွေးမြီတွေရှင်းပြီးတဲ့ အခါမှာ သက်ဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းတွေဖြစ်တဲ့ WorldBank၊ ADB တို့ကနေ ချေးငွေတွေပြန်ရလာတယ်။ ထို့အတူ Paris Club နဲ့ဆက်စပ်တဲ့ကြွေးမြီတွေရှင်းပြီး တဲ့အခါမှာ ဥရောပသမဂ္ဂအပါအဝင် အခြားသော နိုင်ငံ တွေကလည်း အထောက်အပံ့တွေပေးခဲ့ကြတယ်။ အဲဒီလို ရရှိလာတာကြောင့် နိုင်ငံအတွက် အများကြီးအကူအညီ အထောက်အပံ့တွေ ဖြစ်လာတယ်။**

ကြွေးမြီကို ကျွန်တော်တို့ ဆပ်လိုက်ပြီးနောက် ကျန်တဲ့ငွေဟာ ၉ ဒသမ ၄၈၅ ဘီလီယံပဲကျန်ပါတယ်။ အဲဒီနောက်ပိုင်းမှာ သက်ဆိုင်ရာနိုင်ငံများ၊ အဖွဲ့အစည်း များက ချေးငွေကို ဆက်လက်ပေးအပ်လာပါတယ်။ ပေးတဲ့အခါမှာ သက်သာသော ချေးငွေတွေပါတယ်။ နောက်တစ်ခု ကူးသန်းရောင်းဝယ်ရေးချေးငွေတွေဟာ မယူသင့်ဘူးဆိုပေမယ့်လည်း ကျွန်တော်တို့က ယခင် ကာလက ယူခဲ့တာတွေကို ဆက်ပြီးတော့တာဝန်ယူခဲ့ရ တာတွေရှိတယ်။ အဲဒီတော့ ဒီနေရာမှာ ဖြတ်ပြီးပြောရ မယ်ဆိုလို့ရှိရင် ဒီချေးငွေတွေနဲ့ပတ်သက်တဲ့ ကြွေးမြီ တွေရယူတာ၊ ချေးငွေတွေကို ပြန်ဆပ်ရမယ့်တာဝန်ဟာ နိုင်ငံတော်မှာ တာဝန်ရှိတယ်။ အဲဒီတော့ မိမိတို့နိုင်ငံ အတွက်ကို သက်သာသောချေးငွေနဲ့ နိုင်ငံတကာမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်တာ နိုင်ငံတိုင်းရဲ့ သဘာဝပဲဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံမှာကြည့်လည်း ဒီအတိုင်းပါပဲ။ ODA Loans တွေရအောင်ယူကြတယ်။ ကျွန်တော်တို့ ပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ODA Loans ယူတဲ့ ဂျပန်နိုင်ငံကိုလည်း ရည်ညွှန်းပြီးပြောရမယ်။ အတိုးနှုန်းက သုည ဒသမ ၀၁ ရာခိုင်နှုန်း၊ ချေးငွေ သက်တမ်းက နှစ် ၄၀ ဆိုတော့ ဒီလောက်သက်သာတဲ့ အတိုးနှုန်းနဲ့ နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုအတွက် ယူသင့်သလား၊ မယူသင့်ဘူးလားဆိုတာ ကျွန်တော်တို့ အားလုံးအသိပဲ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီလိုသက်သာ တဲ့ World Bank ချေးငွေက အတိုးနှုန်းမရှိပေမယ့် စီမံ ခန့်ခွဲမှုစရိတ်နဲ့ တစ်နှစ်ကို သုည ဒသမ ၇၅ ရာခိုင်နှုန်း သက်တမ်းက ၃၈ နှစ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ကမ္ဘာ့ဘဏ်က အဖွဲ့ဝင်နိုင်ငံတွေ ထည့်ထားတဲ့ Share တွေထဲကနေ ထောက်ပံ့ပေးတာဖြစ်ပါတယ်။

ဒါကြောင့် ဒီ ODA ချေးငွေနဲ့ နိုင်ငံကို ဖွံ့ဖြိုးတိုး တက်အောင်ဆောင်ရွက်ဖို့၊ နိုင်ငံတော်ရဲ့ အဓိက ဦးတည် ချက်ထားတဲ့ ဦးစားပေးအစီအစဉ်ထဲမှာပါတဲ့ လုပ်ငန်း တွေနဲ့ ဆောင်ရွက်ဖို့၊ ဘတ်ဂျက်နဲ့ မဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေဆောင်ရွက်ဖို့ အဓိကထားပြီး ယူရတာဖြစ် တယ်။ ဒါပေမယ့် ဒီအစိုးရသစ်ကာလမှာ လွှတ်တော်တွေ ပေါ်ပေါက်လာပြီးတဲ့အခါ ချေးငွေတွေရယူဖို့ ကျွန်တော် တို့ အစိုးရရဲ့သဘောထားနဲ့ ယူလို့မရပါဘူး။ ပြည်ထောင်စု လွှတ်တော်ရဲ့သဘောတူညီချက်၊ အတည်ပြုချက်ရယူရပါ တယ်။ အဲဒါကြောင့် လွှတ်တော်ရဲ့ အတည်ပြုချက်ကို တင်ပြပြီးမှယူရပါတယ်။

အခုအချိန်ထိ ပြည်ထောင်စုလွှတ်တော်ပေါ်လာပြီး တဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ယူထားတဲ့ ၂၀၁၅ ခုနှစ်



ဖေဖော်ဝါရီ ၂၈ ရက်ထိ ကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံ တကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးမှုဘဏ်၊ JICA ၊ တရုတ်၊ အိန္ဒိယ၊ အီတလီစသည်ဖြင့် အဲဒီချေးငွေ တွေ အားလုံးဟာ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပေးခဲ့တဲ့ချေးငွေတွေပါ။

အမေရိကန်ဒေါ်လာ ၄၅၅၆ ဒသမ ၉၅၉ သန်း သို့မဟုတ် ၄ ဒသမ ၅၆ ဘီလီယံကျော်ရှိနေတယ်။ ဒီငွေ တွေ များလှချည်လားလို့ ထင်ရမှာပါ။ ဒါတွေဟာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတာပဲရှိပါတယ်။ ဒီအစိုးရသစ်ကာလမှာ တကယ်တမ်းငွေထုတ်ယူသုံးစွဲတာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ပဲရှိပါတယ်။ ဒါဟာ ချေးငွေဆိုတာ သူတို့ပေးတဲ့ ဒီလိုဘီလီယံနဲ့ချီတဲ့ ချေးငွေ ဆိုတာ တစ်နှစ်ထဲအတွက် မဟုတ်ဘူး၊ နှစ်အဆက်ဆက်၊ ဘယ်နှစ်မှာ ဘယ်လောက်ပေးမယ်ဆိုပြီး သတ်မှတ်ပြီး ပေးလိုက်တာဖြစ်တယ်။ နောက်အစိုးရပြောင်းသွားရင် နောက်အစိုးရအဆက်ဆက်က ဒီချေးငွေတွေကို ဆက်လက် လက်ခံရယူသွားရမယ့် အနေအထားဖြစ်ပါတယ်။

ထို့အတူ လုပ်သင့်လုပ်ထိုက်တဲ့ ဒီချေးငွေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေဟာ နောက်အစိုးရက လုပ်သင့်လုပ်ထိုက်တယ် ဆိုရင် ဆက်လုပ်မယ်။ မလုပ်သင့်မလုပ်ထိုက်ဘူးဆိုရင် ပြောင်းနိုင်တယ်။ ဒါပေမယ့် ဒီချေးငွေဟာ သတ်မှတ်တဲ့ ကာလအတွင်းမှာ ယူကိုယူရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့လိုပဲ ဥပမာချေးငွေပေးတဲ့နိုင်ငံ၊ ဥပမာ ဂျပန်နိုင်ငံချေးငွေပေးမယ်ဆိုရင် ဒီအတိုင်းပေးလို့ မရပါဘူး။ သူတို့မှာလည်း သူတို့လွှတ်တော်ရှိပါတယ်။ မြန်မာနိုင်ငံကိုထောက်ပံ့ဖို့ လွှတ်တော်ကအတည်ပြုချက် ရယူရပါတယ်။ သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေ၊ သူ့ရဲ့စည်းမျဉ်း စည်းကမ်းတွေ ဒါကိုတော့လည်း သူတို့ဘက်မှာ ဖြည့် ဆည်းရပါတယ်။

**ကျွန်တော်တို့ဘက်မှာလည်း ပြည်ထောင်စုလွှတ်တော် က အတည်ပြုချက်ရယူပြီးရင် သက်ဆိုင်ရာ ချေးငွေပေးတဲ့ နိုင်ငံတွေဆီကနေ သူတို့သတ်မှတ်တဲ့ Procedure တွေကို လုပ်ပြီးတဲ့အခါ သတ်မှတ်တဲ့ ချေးငွေသဘောတူညီချက် ချုပ်ဆိုရပါတယ်။ လုပ်ရတဲ့အဆင့်တွေကအများကြီးရှိတဲ့ အတွက် ချေးငွေကိုချက်ချင်းမရပါဘူး၊ ဒါကြောင့် ကျွန်တော် တင်ပြခဲ့သလို အတည်ပြုထားတဲ့ လွှတ်တော်ကာလအတွင်း မှာ ချေးငွေတွေယူပါမယ်လို့ အတည်ပြုထားတဲ့ ဟာသည် လေးဘီလီယံလောက်ရှိပေမယ့်လို့ တကယ်တမ်း ချေးငွေ စာချုပ်ချုပ်ပြီးတာ တစ်ဝက်လောက်ပဲရှိပါတယ်။**

ထို့အတူပဲ တကယ့်ငွေသား ထုတ်ပြီးသုံးတဲ့ ပမာဏ က တော်တော်ကိုနည်းပါတယ်။ ဒါကြောင့် ချေးငွေရယူဖို့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုချက်ရယူတာ မစဉ်း မစားဘဲ လုပ်တာလား၊ အနာဂတ်ကို မကြည့်ဘူးဆိုတာ မဟုတ်ဘူးလို့ ကျွန်တော်ပြောလိုပါတယ်။ ဒီချေးငွေရယူဖို့ အတွက် တစ်ဖက်က ချေးပေးတဲ့နိုင်ငံရဲ့ လုပ်ထုံးလုပ်နည်း ကို ဖြည့်ဆည်းဖို့အတွက် ဆောင်ရွက်ရသလို ကျွန်တော်တို့ ဘက်ကလည်း ကျွန်တော်တို့ရဲ့ Procedure တွေကို သူတို့ Procedure တွေနဲ့ လိုက်အောင်လုပ်ပေးရတာ၊ ဒါတွေဟာ ပမာဏများသော်လည်း ချက်ချင်းမရပါဘူး။ ကျွန်တော်တို့ အစိုးရတစ်ဖွဲ့တည်းသုံးမှာမဟုတ်ပါဘူး။ နောင်အစိုးရ အဆက်ဆက်လုပ်သင့်လုပ်ထိုက်တဲ့လုပ်ငန်းတွေကို ဆက်လုပ် ပြီး မလုပ်သင့်သေးဘူးဆိုလည်း ဒါတွေကို ပြန်လည် ညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲသုံးစွဲသွားရမယ့် အနေအထား ဖြစ်ပါတယ်။ အဓိကကတော့ထိရောက်တဲ့ ချေးငွေဖြစ်ရ မယ်။ ပြန်ရချက်တွေရှိရမယ်။ နိုင်ငံတော်အတွက် အကျိုး ဖြစ်တဲ့ချေးငွေဖြစ်ရမယ်။

အရေးကြီးတာက ဒီချေးငွေတွေကို စနစ်တကျ ကြပ်မတ်ပြီး ထိရောက်အောင်သုံးစွဲဖို့လိုပါတယ်။ လွှတ်တော် က ထောက်ပြသလို ထိရောက်တဲ့ချေးငွေဖြစ်အောင် ကျွန်တော်တို့တွေ ကြိုးပမ်းဆောင်ရွက်ရမယ်။ ထို့အတူ ပြန်ဆပ်နိုင်စွမ်းရှိအောင်လည်း ပြင်ဆင်ရမှာဖြစ်ပါတယ်။ တချို့ချေးငွေတွေဟာ ပြန်ရနိုင်တဲ့ချေးငွေတွေဖြစ်ပြီး စီးပွားရေးလုပ်ငန်းတွေကနေ ပြန်ရနိုင်တဲ့ ချေးငွေဖြစ်သလို တချို့က နိုင်ငံတော်အနေနဲ့ စိုက်ထုတ်ပေးလိုက်ရတာရှိပါ တယ်။ ဥပမာ တံတားတွေဆောက်၊ လမ်းတွေဖောက်ပေး လိုက်ရတာတွေရှိပါတယ်။ ဒါတွေက ပြန်ရဖို့အတွက် ယူတာမဟုတ်ပါ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ယူရတာဖြစ်ပါတယ်။ Subsidize လို့ခေါ်တဲ့ နိုင်ငံတော်က ပြည်သူလူထုအကျိုးအတွက် မျှဝေကျခံတဲ့ဟာတွေက ပြန်ရချက်မရှိပါဘူး။

တစ်ဖက်ကလည်း ချေးငွေတွေ ပြန်ဆပ်ဖို့ တာဝန်ရှိတဲ့ အတွက် ဒီချေးငွေတွေကို ဆပ်နိုင်တဲ့ ပမာဏရှိတဲ့ဝင်ငွေ ရအောင် နိုင်ငံတော်ကကြိုးစားရပါတယ်။ လက်ရှိဘတ်ဂျက် အနေအထားအရ နိုင်ငံတော်ရဲ့အခွန်အကောက်ရငွေ တိုးတက်အောင်လုပ်ရမယ်။ ရသင့်ရထိုက်တဲ့ငွေတွေ ရအောင်လုပ်ရမယ်။ နိုင်ငံတော်ရဲ့ ပေးဆပ်ရမယ့်ချေးငွေ တွေကို နှစ်အလိုက်ပေးဆပ်နိုင်အောင် ပြင်ဆင်ပေးရမယ်။ အလားတူပဲ ဒီချေးငွေတွေရှိလို့ နိုင်ငံတော်က ကြွေးမြီထဲမှာ နစ်နေပြီ၊ လူတစ်ဦးချင်းကို ဒီချေးငွေတွေရှိပမာဏကို တိုင်းပြည် လူဦးရေ ၅၁ သန်းနဲ့ စားလိုက်ပြီးတော့ ကြွေးမြီ ဘယ်လောက်ရှိပြီဆိုတာ တကယ်တမ်းကျတော့ အဲဒီခုန ပြောတဲ့ ကိန်းဂဏန်းကို လူဦးရေနဲ့စားတဲ့ ကိန်းဂဏန်းတစ်ခု မျှသာ ဖြစ်ပါတယ်။

လူတစ်ဦးချင်းပြန်ဆပ်ရမယ့် အနေအထားလို့ သွယ်ဝိုက်ပြီးတော့ ယူဆပြီးပြောတဲ့စကားဖြစ်ပါတယ်။ တကယ်တမ်းကြွေးမြီတွေနဲ့ ပတ်သက်ပြီးတော့ လူတစ်ဦး ချင်းဘယ်လောက် အကြွေးတွေတင်နေပြီလို့ သတ်မှတ်တဲ့ Indicator လို့ခေါ်တဲ့ အညွှန်းကိန်းကို နိုင်ငံတကာမှာ တရားဝင်သုံးစွဲထားတာမရှိပါဘူး။ တရားဝင်သုံးစွဲနေတဲ့ ပြည်ပကြွေးမြီနဲ့ GDP အချိုး၊ ပြည်ပကြွေးမြီနဲ့ ပြည်ပပို့ကုန် ရငွေအချိုး၊ ပြည်ပကြွေးမြီနဲ့ စုစုပေါင်းရငွေအချိုး၊ ပြည်ပ ကြွေးမြီပေးဆပ်မှုနဲ့ ပြည်ပပို့ကုန်ရငွေအချိုး ပြည်ပကြွေးမြီ ပေးဆပ်မှုနဲ့ စုစုပေါင်းရငွေအချိုး ဒါတွေဟာ နိုင်ငံတကာ စံနှုန်းနဲ့အညီ ဒီချေးငွေတွေကို စောင့်ကြပ်ပေးကြတာဖြစ်ပါ တယ်။

ဒါကြောင့် လက်ရှိအနေအထားမှာ ကျွန်တော်တို့ ဒီနေ့အထိ ကြွေးမြီဆပ်ပြီးတဲ့နောက်ပိုင်းမှာ လက်ရှိ ကြွေးမြီ ချေးငွေပမာဏ ၃၀-၉-၂၀၁၄ စာရင်းအရ အမေရိကန် ဒေါ်လာ ၉ ဒသမ ၃၇၃ ဘီလီယံပဲရှိပါတယ်။ ပမာဏက လျော့သွားတဲ့ အနေအထားဖြစ်ပါတယ်။

နောက်တစ်ခုက ကမ္ဘာ့နိုင်ငံ အတော်များများမှာ လည်း ကြွေးမြီတွေရှိပါတယ်။ သူတို့ယူတာကတော့ ဒီချေးငွေရယူပြီးတော့ ငွေတွေတိုးပွားရရှိအောင် ရင်းနှီး မြှုပ်နှံကြတာပါ။ ကိုယ့်ပိုက်ဆံကို သုံးမယ့်အစား သက်သာ တဲ့ အတိုးနှုန်းချေးငွေကိုရယူပြီး တခြားနိုင်ငံမှာ ရင်းနှီး မြှုပ်နှံကြပြီး ပိုပြီးတော့ ဝင်ငွေတိုးတက်အောင်လုပ်ကြတာ ပါ။

ထို့အတူ အရှေ့တောင်အာရှနိုင်ငံတွေမှာ အကြမ်း ဖျင်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာစာရင်းအရ ကမ္ဘောဒီးယားမှာ ပြည်ပကြွေးမြီနဲ့ GDP အချိုးဟာ ၃၁ ဒသမ ၄ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားမှာ ၂၅ ဒသမ ၈ ရာခိုင်နှုန်း၊ လာအိုမှာ ၆၆ ဒသမ ၂ ရာခိုင်နှုန်း၊ မလေးရှားမှာ ၃၂ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်မှာ ၂၆ ဒသမ ၈ ရာခိုင်နှုန်း၊ ထိုင်းမှာ ၃၅ ဒသမ ၆၊ ဗီယက်နမ်မှာ ၄၀ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ ဆိုလိုတာက နိုင်ငံတိုင်းဟာ ကိုယ့်အတိုင်းအတာနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြည်ပချေးငွေတွေရယူပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေကြတာဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ အနေအထားဟာ IMF ရဲ့ သတ်မှတ်ချက်အရ ကြွေးမြီခံနိုင်ရည်ရှိတယ်။ ဆုံးရှုံးနိုင် ခြေနည်းပါးတဲ့အဆင့်မှာရှိတယ်လို့ တွက်ဆထားပါ တယ်။ ဒါက IMF က ၂၀၁၄ ခုနှစ် ဇန်နဝါရီလ သုံးသပ် ချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ လက်ရှိ အနေအထားမှာ ကြွေးမြီခံနိုင်ရည်ရှိတယ်။ သို့သော် ခံနိုင်ရည်ရှိတိုင်း ချေးငွေကို လက်လွတ်စပယ်ယူသလား ဆိုတော့မယူပါဘူး။ စနစ်တကျထိန်းကျောင်းပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်တွင်းပြည်ပက ချေးငွေ ရယူဖို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့က အခြေခံဥပဒေနဲ့အညီ ပြည်သူ့လွှတ်တော်ကို တင်ပြပြီး ရယူရပါတယ်။

နောက်တစ်ပိုင်းက ပြည်တွင်းချေးငွေပါ။ ပြည်တွင်း ချေးငွေဆိုတာက နှစ်စဉ်ဘတ်ဂျက်လိုငွေ ဖြည့်ဆည်း တာတွေ၊ နောက်တစ်ခါ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းကာ ပြည်တွင်းချေးငွေ လို့သတ်မှတ်ပြီး ဒါတွေက ကျွန်တော်တို့ ထုတ်ဝေတဲ့ ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်တွေကို ဗဟိုဘဏ် ကနေ ထုတ်ရောင်းပြီးတော့ ဖြည့်ဆည်းပေးရပါတယ်။ ပြည်တွင်းချေးငွေဟာ ၂၀၁၁-၂၀၁၂ အစိုးရသစ်တက်တဲ့ ကာလအတွင်းမှာ ကျပ် ၉၉၃၈ ဘီလီယံရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရဲ့ ၃၀-၉-၂၀၁၄ ရက်နေ့ အထိ ကျပ် ၁၀၈၁၅ ဘီလီယံရှိပါတယ်။ ပြည်တွင်းပြည်ပ ကြွေးမြီတွေကို ထိန်းကျောင်းဖို့လိုပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အဓိကရငွေကတော့ အခွန်အကောက်ရငွေ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ ဝင်ငွေဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း များက ဝင်ငွေတွေကိုလည်း တိုးတက်ရရှိအောင်ကြိုးစား ရပါတယ်။ တစ်ဖက်ကလည်း ဝန်ကြီးဌာနတွေရဲ့သုံးစွဲတဲ့ အသုံးစရိတ်တွေကို စိစစ်ပြီးစနစ်တကျ သုံးစွဲပြီး လိုငွေ ပေါ်ပေါက်မှုကို လျှော့ချရပါမယ်။ တစ်ဖက်ကလည်း ဘတ်ဂျက်လိုအပ်နေတဲ့ နိုင်ငံဖြစ်တဲ့အတွက် ပြည်ပနိုင်ငံ များက သက်သာတဲ့ချေးငွေတွေကို အဓိကဦးစားပေးပြီး ရယူဖို့လိုအပ်ပါတယ်။ ဒီငွေတွေနဲ့ ထိရောက်စွာ သုံးစွဲဖို့ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ချေးငွေတွေ ရယူတာဟာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး ပြည်သူလူထုအတွက် လိုအပ်တဲ့အထောက်အပံ့ရရှိဖို့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ထို့အတူ ဘဏ္ဍာရေး ဝန်ကြီးဌာနကလည်း ချေးငွေကို အမြဲတမ်းထိန်းကျောင်း ကြပ်မတ်ပြီး အစိုးရဘက်ကလည်း ထိရောက်သော ချေးငွေသုံးစွဲမှုတွေဖြစ်ဖို့ ရလဒ်ကောင်းဖို့ နိုင်ငံတော် အတွက် ရည်မှန်းထားတဲ့ ရည်ရွယ်ချက်တွေ၊ ချေးငွေနဲ့ ရယူဆောင်ရွက်ရတဲ့လုပ်ငန်းတာဝန်တွေ အောင်မြင် အောင် ဆောင်ရွက်ရန် ကြိုးပမ်းကြပ်မတ်ဆောင်ရွက် သွားရမှာဖြစ်ပါတယ်။ ။


# နှစ်နိုင်ငံတပ်မတော်အချင်းချင်း ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေး၊ လေ့လာရေးခရီးစဉ်များနှင့် ချစ်ကြည်ရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(မြဝတီ)**



## မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၈-က၊ ပုဒ်မခွဲ (၃) တို့ကို ပယ်ဖျက်ရမည်။

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

## တက္ကသိုလ်ဝင်စာမေးပွဲ ရန်ကုန်တိုင်းဒေသကြီး၌ ပထဝီဝင်ဘာသာ အေးချမ်းစွာ ဖြေဆို

**ရန်ကုန် မတ် ၁၉**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံး၌ ကျင်းပလျက်ရှိရာ ယနေ့ဆိုလျှင် အဋ္ဌမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုကြသည်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရှိ စာစစ်ဌာန ၄၇ ခု၌ ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၆၁ ဦး အေးချမ်းစွာ ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ပထဝီဝင်ဘာသာရပ်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၅၉၀ ဦးအနက် ကျောင်းသား ၁၉၀၊ ကျောင်းသူ ၂၇၁ ဦး စုစုပေါင်း ၄၆၁ ဦး ဖြေဆိုကြပြီး ဖြေဆိုသူ ၇၈ ဒသမ ၁၄ ရာခိုင်နှုန်းရှိသည်။

**(ခင်ချိုဝင်း)**

# မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာစာချွန်လွှာသုံးခု လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာသုံးခု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂျပန်နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi Higuchi ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။





အခမ်းအနားတွင် ဆိပ်ကမ်းခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲရေးစီမံချက်အတွက် ဂျပန်ယန်း ၁၇၂၀ သန်း အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ရေဖိုးရေခ မရရှိသောရေလေလွင့်ဆုံးရှုံးမှုလျှော့ချရေးစီမံချက်အတွက်ဂျပန်ယန်း ၂၁၀၆ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှင့် မန္တလေးမြို့တော် ရေပေးဝေရေး အဆင့်မြှင့်တင်မှု စီမံချက်အတွက် ဂျပန်ယန်း ၂၅၅၅ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၅၄ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အပူပိုင်းဇုန်သစ်တောထိန်းသိမ်းရေး ကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရရှိရေးနှင့် လျှပ်စစ်ရရှိရေးစသည့်ကဏ္ဍများတွင် (ODA Grant) အကူအညီ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ပေးအပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း စီမံကိန်း ၁၃ ခုကို အကောင်အထည်ဖော်နိုင်ရေးအတွက် Exchange of Note ကို လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခမ်းအနားတွင် လက်မှတ်ရေးထိုးသော စီမံကိန်းသုံးခုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပေးအပ်ရန် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခုစာချွန်လွှာသုံးခုကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံတွင် ဆိပ်ကမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်း၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၏ ရေပေးဝေရေးလုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်ခြင်း စသည့် ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များတွင် အထောက်အကူရရှိစေမည်ဖြစ်ပြီး မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းသုံးခုအတွက် ဂျပန်နိုင်ငံမှ ပေးအပ်မည့် အကူအညီငွေစုစုပေါင်းတန်ဖိုးမှာ ဂျပန်ယန်း ၆ ဒသမ ၃၈၁ ဘီလီယံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၃-၂၀၁၅ ရက်(ကြာသပတေးနေ့)ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄) ကော်လံ(၁) လေးပိုဒ်မြောက် ပထမစာကြောင်းတွင် **“ကြွေးမြီအခွန်”** ဆိုသည့်စကားရပ်အစား **“ကြွေးမြီအဖြစ်”**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(ကြေးမုံ)**

# အိန္ဒိယရေတပ်မှ တိုင်းတာရေးစစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ ဆိုက်ရောက်

**ရန်ကုန် မတ် ၁၉**


အိန္ဒိယနိုင်ငံရေတပ်မှ Cdr. Amol Gopal Merwade ဦးစီး၍ အရာရှိ ၂၀၊ အခြားအဆင့် ၂၁၀ တို့ လိုက်ပါလာသည့် အိန္ဒိယရေတပ်မှ တိုင်းတာရေးစစ်ရေယာဉ် INS Darshak သည် မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရန်ကုန်မြို့ သန်လျင် သီလဝါဆိပ်ကမ်း MITT ဆိပ်ခံတံတားသို့ ယနေ့မွန်းလွဲ ၁ နာရီတွင် ရောက်ရှိလာရာ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းသိမ်းတင်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါတိုင်းတာရေးစစ်ရေယာဉ်သည် မြန်မာနိုင်ငံတွင် မတ် ၁၉ ရက်မှ ၂၂ ရက်အထိ လေးရက်ကြာ နေထိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ အိမ်နီးနားချင်းမိတ်ဆွေနိုင်ငံများမှ စစ်ရေယာဉ်များ မကြာခဏ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**



National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မှိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# စီမံခန့်ခွဲမှုကောင်းမွန်သည့် ပညာရေးမျိုးပေါ်ထွန်းရန် ကြိုးပမ်းပေးကြပါ

ဦးကျဉ်စီ

နိုင်ငံတော်ကပြဋ္ဌာန်းပြီးတဲ့ အမျိုးသားပညာရေးဥပဒေရဲ့ ခေါင်းစဉ်ကိုကပင် တစ်နိုင်ငံလုံးရဲ့ အမျိုးသားအကျိုးစီးပွားရဲ့ ရေရှည်ဖွံ့ဖြိုးမှုကို လွှမ်းခြုံနိုင်စွမ်းရှိပါတယ်။ သူ့အခန်းနှင့် သူ့ကဏ္ဍအလိုက် အမျိုးသားရေးအသွင်ကို ဖော်ဆောင်သည့်အနှစ်သာရပေါ်လွင်နေရမည်။ လူတိုင်းအကျုံးဝင်ပညာရေး (Education for All)ဆိုတဲ့ ကမ္ဘာ့နိုင်ငံအားလုံးရဲ့ ထောင်စုနှစ်ရည်မှန်းချက်များကိုပါ အကောင်အထည်ဖော်နိုင်ရန်ပါဝင်ပါတယ်။ ထိုအထဲတွင် အမျိုးသားပညာရေးကို တာဝန်ယူဖော်ဆောင်မည့်သူ (သို့) အဖွဲ့အစည်းလည်း ပါဝင်ပေသည်။ တကယ်တမ်းတွင် အိမ်ထောင်ဦးစီးမရှိတဲ့မိသားစု၊ အစိုးရမရှိတဲ့နိုင်ငံနှင့် လူ့အဖွဲ့အစည်း၊ ဥပဒေမဲ့တဲ့တိုင်းပြည်ဟာ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင်ဖြစ်ပြီး မတည်ငြိမ်တဲ့ဘဝမှာသာကျင်လည်နေပြီး ဖွံ့ဖြိုးရန်အဆင့်ဆီမရောက်နိုင်ပါ။ အိမ်ထောင်ဦးစီးတို့ နိုင်ငံ့အစိုးရတို့ဆိုသူဟာ မိမိရဲ့ အိမ်ထောင်စုနိုင်ငံရဲ့လူ့အဖွဲ့အစည်းဟာ စည်းကမ်းကျနစွာ ဖွံ့ဖြိုးဖို့ ငြိမ်းချမ်းပျော်ရွှင်ဖို့အတွက် ရှေ့ဆောင်ဖို့ တည့်မတ်ဖို့ ကာကွယ်ဖို့အတွက်ပါ၊ ချုပ်ချယ်ရန်၊ မိသားစုနှင့် နိုင်ငံကို နှိမ့်ကျသွားစေရန်အတွက် မဟုတ်ပါ၊ အဲဒီသဘောလိုပါပဲ။ ယခုတည်ဆဲအမျိုးသားပညာရေးဥပဒေ အခန်း(၄)ပါ **"အမျိုးသားပညာရေးကော်မရှင်"**သည် အကွပ်မဲ့ကြမ်းပရမ်းပတာ ပညာရေးမျိုးမဖြစ်စေရန် ဦးဆောင်တည့်မတ် ပြုပြင်ပေးသည့်အလုပ်ကို ဆောင်ရွက်ရန်အတွက်ပါ။ တည်ဆဲဥပဒေပါ ကော်မရှင်ကဲ့သို့ အဖွဲ့အစည်းမျိုး ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံရဲ့ **"အမျိုးသားပညာရေးအက်ဥပဒေ (၁၉၉၉)"** နှင့် **"မလေးရှားနိုင်ငံ ပညာရေးအက်ဥပဒေ (၁၉၉၆)"**များတွင်လည်း ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ လေ့လာလျှင် တည်ဆဲဥပဒေပါ အမျိုးသားကော်မရှင်ရဲ့ လုပ်ငန်းတွေနှင့်အတူတူပါ။ ယခုကော်မရှင်ဟာ ထိန်းချုပ်တာ၊ ချုပ်ကိုင်တာလုံးဝမပါဘူးဆိုတာကို ဂယဏနလေ့လာထားတဲ့ ပြည်သူတွေနှင့် ဥပဒေပညာရှင်များအသိဆုံးပါ။ သူ့ရဲ့တာဝန်တွေကို ကြည့်မယ်ဆိုရင်

**(၁)အမျိုးသားပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်း**

တည်ဆဲအမျိုးသားပညာရေးဥပဒေ၏ ပုဒ်မ ၆ တွင်

"(က) **အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ အခြေခံမူများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို လမ်းညွှန်ခြင်း"**လို့ ဆိုထားပါတယ်။ ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေသူတွေကို ယခုအမျိုးသားပညာရေးဥပဒေမှာ ဖော်ညွှန်းထားတဲ့အခြေခံမူများ၊ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်မဖော်ကို ဘယ်သူက လမ်းညွှန်မှာလဲ၊ အကောင်အထည်ဖော်ရင်လည်း နည်းမှန်၊ လမ်းမှန်ကျမကျ ဘယ်သူကြီးကြပ်မလဲ၊ အထိန်းအကွပ်မဲ့ ပညာရေးဖြစ်နေလျှင် အောင်မြင်တဲ့ဆီမရောက်ဖို့ သေချာပါသည်။ အဲဒီလို မဖြစ်စေဖို့ပါ။ နိုင်ငံရဲ့ ပညာရေးရည်မှန်းချက်များ၊ မူဝါဒများကို ကောင်းမွန်အောင်မြင်အောင် တည့်မတ်ပေးသည့်အဖွဲ့အစည်းပါ။ အလုပ်လုပ်ရမည့်အဖွဲ့ပါ။ အုပ်ချုပ်တဲ့အာဏာမအပ်နှင်းထားပါ။

"(ဂ) **ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့်အကြံပြုခြင်း"**ကို ကြည့်ခြင်းဖြင့် ပညာရေးစီမံကိန်းတွေ အောင်မြင်/မမြင် ဘယ်သူအကဲဖြတ်မှာလဲ၊ ယခင်က အကောင်အထည်ဖော်ခဲ့တဲ့ စာရေးသူတို့နိုင်ငံရဲ့ ပညာရေးစီမံကိန်းတွေကို အကဲဖြတ်သူ (evaluator) သုံးသပ်တဲ့သူ မရှိခဲ့ပါ။ နိုင်ငံတကာမှာ အကဲဖြတ်၊ စိစစ်သုံးသပ်တဲ့ အဖွဲ့တွေက စဉ်ဆက်မပြတ်အကဲဖြတ်ပြီး လမ်းကြောင်းတည့်မတ်ပေးမှုတွေ ရှိနေခဲ့ပါတယ်။ အဲဒီတော့ အမှားနည်းပြီး တိုးတက်မှုဆီ ဦးတည်ပါတယ်။ အဲဒီကောင်းမွန်တဲ့သဘောကို ကျင့်သုံးအကောင်အထည်ဖော်နိုင်စေရန် "ကော်မရှင်" ကို ဆောင်ရွက်ရန် တာဝန်ပေးထားတာပါ။

**(၂) မူဝါဒများသာချမှတ်နိုင်ခြင်း**

တည်ဆဲအမျိုးသားပညာရေးဥပဒေပုဒ်မ (၆) ၏ ပုဒ်မခွဲများဖြစ်သည့်

"(ဃ) **အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများချမှတ်ခြင်းနှင့်လမ်းညွှန်ခြင်း"**လို့ ဆိုထားပါတယ်။ အရည်အသွေးဆိုင်ရာမူဝါဒ၊ စံချိန်စံညွှန်းမရှိဘဲနှင့် **"အရည်အသွေးအာမခံမှုကော်မတီ"**က ဘယ်လိုအကောင်အထည်ဖော်မှာလဲ၊ အကောင်အထည်ဖော်ရင်လည်း စံချိန်၊ စံညွှန်းမိမိဘယ်သူက တည့်မတ်လမ်းညွှန်မှာလဲ၊ သူလုပ်မလိုလို၊ ငါလုပ်မလိုလိုနှင့် သတ်သတ်မှတ်မှတ်တာဝန်ယူသည့် အဖွဲ့အစည်း (Focal Organization) မရှိလျှင်အကုန်လစ်ဟင်းပြီး နောက်ဆုံးအိုးနင်းခွက်နင်းဖြစ်ကာ မြန်မာ့ပညာရေးရဲ့ အရည်အသွေးဟာ ဒုံရင်းထက် နိမ့်ကျတဲ့ဆီ ထပ်ရောက်သွားမည့်အန္တရာယ်နှင့် ရင်ဆိုင်ရပါလိမ့်မယ်။ အဲဒါကို ကာကွယ်မည့်အဖွဲ့အစည်းပါ။

"(စ) **ပညာရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲခြင်းအတွက် မူဝါဒများချမှတ်ခြင်း"**၊ နှောင်ကြိုးမဲ့ အကူအညီဆိုရင် ပြဿနာမရှိပါ။ ငွေကြေးအထောက်အပံ့ပေးပြီး သူတို့ဝါဒ၊ ဘာသာရေးအတွက် အသုံးချရန်ဆိုရင် မခက်ပေဘူးလား။ ဥပဒေဆိုတာ တိုင်းပြည်ရဲ့ရေရှည်အန္တရာယ်ဖြစ်လာမည့် ထောက်ပံ့မှုမျိုးကို ကာကွယ်ရပါလိမ့်မယ်။ ပညာရေးကို ခုတုံးလုပ်တာ မခံရအောင်ပါ။ ယခုအချိန်မှာပဲ ဘယ်အဖွဲ့က နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးတွေ ထောက်ပံ့နေတယ်ဆိုတာတွေ ကြားမဆုံးပါ။ တိုင်းပြည်အတွက် အန္တရာယ်ကင်းကင်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် စည်းကမ်း၊ စနစ်ကျစွာဖြင့် စိစစ်မှုပါ။

> **ရေရှည်ဖွံ့ဖြိုးမှုကို တည့်မတ်၊ ထိန်းသိမ်း၊ အကောင်အထည်ဖော်ပေးမည့် အမျိုးသားပညာရေးကော်မရှင်ကို ပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသားများရဲ့ တရားဝင်ကိုယ်စားပြု မပြုမသေချာတဲ့လူတစ်စုက စေ့စေ့သေချာစွာ မလေ့လာဘဲ ဗဟိုချုပ်ကိုင်တဲ့အဖွဲ့အစည်းဆိုပြီး ဖြုတ်ပစ်လိုက်တာတော့ ဘယ်လိုမှမဖြစ်သင့်ကြောင်းပါ။**

အဲဒီလို အန္တရာယ်မျိုးကို ကာကွယ်ရန်အတွက် ဥပဒေပြုသူတွေမှာ အထူးတာဝန်ရှိပါတယ်။

"(ဆ) **ပြည်တွင်းပြည်ပကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း"** ပါ။ ယနေ့အခြေအနေမှာ စာရေးသူတို့နိုင်ငံမှ ပုဂ္ဂလိကကျောင်းနှင့် ပတ်သက်သော မူဝါဒတိတိကျကျ မရှိလို့ **"အကျိုးဆောင်လုပ်ငန်း"** ဆိုပြီး ဖွင့်နေတဲ့ကျောင်းတွေ၊ ပြည်ပကျောင်းတွေမျိုးစုံပါ၊ ကျောင်းနေစရိတ် ဈေးတွေအဆမတန်တောင်းတာလည်းအသိပါ။ ဒါပေမယ့် ဘယ်သူ၊ ဘယ်အဖွဲ့အစည်းကမှ မထိကြ၊ မကိုင်ကြပါ။ အဲဒီလိုသူတို့သဘောနှင့် သူတို့လုပ်တာတွေ၊ စည်း၊ ဘောင်မရှိတာတွေ ဘယ်သူထိန်းမလဲ၊ ထိန်းရန် အဖွဲ့အစည်းလိုပါသည်။ စည်းမဲ့ကမ်းမဲ့လွှတ်ထား၍မရပါ။ ယခုလို အဓိကတာဝန်ယူသည့် အဖွဲ့အစည်း ရှိကိုရှိမှဖြစ်မှာပါ။ ဒါမဟုတ်ရင် အထိန်းအကွပ်မဲ့ ပရမ်းပတာ ပုဂ္ဂလိကကျောင်းတွေ၊ နိုင်ငံခြားကျောင်းခွဲတွေ၊ ဘာသာရေးကျောင်းတွေ မှိုလိုပေါ်ပေါက်လာပြီး များလာရင် မြန်မာ့ပညာရေးပျက်စီးတဲ့ဘဝရောက်သွားနိုင်တာမို့ ထိန်းသိမ်းတည့်မတ်ပေးမည့် အဖွဲ့အစည်းရှိရန် လိုအပ်သဖြင့် တည်ဆဲအမျိုးသားပညာရေးဥပဒေ အခန်း(၄)ကို ဖျက်ရန်မသင့်ပါ။

**(၃) ညှိနှိုင်းပေါင်းစပ်ပေးခြင်း**

ထိုတည်ဆဲအမျိုးသားပညာရေးဥပဒေပုဒ်မ (၆)၏ ပုဒ်မခွဲများဖြစ်သော

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ ရေတိုရေရှည်စီမံကိန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဟာ ပြည်ထောင်စုအဆင့်၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များကို ညှိနှိုင်းပေါင်းစပ်ပေးသည့် တတိယအဖွဲ့ (Third Party) တာဝန်ကို ယူထားတာပါ။ မည်သည့်အာဏာမှမရှိကြောင်း တွေ့ရပါလိမ့်မယ်။

**(၄) ဗဟိုချုပ်ကိုင်သည့်အဖွဲ့အစည်းမဟုတ်ပါ**

တည်ဆဲအမျိုးသားပညာရေးဥပဒေ ပုဒ်မ (၇)တွင် **"ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်"** ဟု ဆိုထားပါတယ်။ မကြာမီအချိန်တွင် တက္ကသိုလ်အားလုံး ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရလာပါလိမ့်မယ်။ ထိုအခါကော်မရှင်က ကူညီရန်ပါ။ တက္ကသိုလ်စီမံခန့်ခွဲရေးကို ဝင်ရောက်စွက်ဖက်ရန်မရှိပါ။ ဗဟိုချုပ်ကိုင်အုပ်ချုပ်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း ထင်ရှားပါသည်။ ယခင်က ဗဟိုချုပ်ကိုင်မှုရှိခဲ့သော **"မြန်မာနိုင်ငံပညာရေးကော်မတီ"**ဟု အထင်မှား အမြင်မှားကို နိုင်ငံရဲ့ရေရှည်အကျိုးအတွက် ဖွတ်မိုတ်ပြီး ဆက်မငြင်းသင့်တော့ပါ။ ကော်မရှင်ဟာ ပညာရေးရဲ့အိမ်ထောင်ဦးစီးသဖွယ် **"တည့်မတ်ပြုပြင် ဖြည့်ဆည်းပေးကာ မြန်မာ့ပညာရေးကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ကူညီပံ့ပိုးပေးမည့် အဖွဲ့အစည်းတစ်ခုမျှသာ"**ဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ အဲဒီလို စနစ်တကျစီမံခန့်ခွဲသည့် အမျိုးသားပညာရေးကော်မရှင်ကို ပြင်ဆင်သည့်ဥပဒေကြမ်းပုဒ်မ ၂၂ တွင်ပယ်ဖျက်၍အခြားကဏ္ဍဖြင့် အစားထိုးလိုက်ခြင်းဟာ မြန်မာ့ပညာရေးကို အကွပ်မဲ့ကြမ်းဘဝဆီ တွန်းပို့နေတာပါ။ ပညာရေးပရမ်းပတာ ဖြစ်အောင် ဆောင်ရွက်နေခြင်းဟာ အဲဒီပညာရေးကြောင့် ကြီးပြင်းလာမည့် လူငယ်များဖြင့် ဖွဲ့စည်းထားသော အနာဂတ်မြန်မာ့လူ့ဘောင်ကို မင်းမဲ့စရိုက်ဆီ တွန်းပို့နေတဲ့ **"အရှိန်ပြင်းတွန်းအား"**လို့ စာရေးသူမြင်မိပါတယ်။

အားလုံးကို ချုပ်လျှင် တည်ဆဲအမျိုးသားပညာရေးဥပဒေအခန်း (၄) မှာပါတဲ့ **"အမျိုးသားပညာရေးကော်မရှင်"** ဆိုတာ ယခုတည်ဆဲအမျိုးသားပညာရေးဥပဒေကို အောင်အောင်မြင်မြင် ရှေ့ဆောင်အကောင်အထည်ဖော်မည့် အဖွဲ့အစည်းပါ။ မလေးရှားနှင့်ထိုင်းနိုင်ငံမှာလည်း ရှိပြီးသားအဖွဲ့အစည်းဟု အစမှာဖော်ပြပြီးပါပြီ။ ဒါကို အစိုးရနှင့် လွှတ်တော်ဆိုတဲ့ ပြည်သူ့ကိုယ်စားပြုအဖွဲ့အစည်းများက ပညာရှင်များ၊ လူထုလူတန်းစားအဖွဲ့အစည်းအစုံက အကြိမ်ကြိမ်တရားဝင်ညှိနှိုင်းပြီး မြန်မာ့ပညာရေးစည်းစနစ်တကျဖွံ့ဖြိုးရန်ရည်သန်ပြီး ထည့်သွင်းရေးဆွဲထားတာပါ။ ရေရှည်ဖွံ့ဖြိုးမှုကို တည့်မတ်၊ ထိန်းသိမ်း၊ အကောင်အထည်ဖော်ပေးမည့် အမျိုးသားပညာရေးကော်မရှင်ကို ပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးရှိကျောင်းသားများရဲ့ တရားဝင်ကိုယ်စားပြု မပြု မသေချာတဲ့ လူတစ်စုက စေ့စေ့သေချာစွာ မလေ့လာဘဲ ဗဟိုချုပ်ကိုင်တဲ့အဖွဲ့အစည်းဆိုပြီး ဖြုတ်ပစ်လိုက်တာတော့ ဘယ်လိုမှမဖြစ်သင့်ကြောင်းပါ။ ပြီးတော့လည်း ဒီမိုကရေစီပညာရေးဦးဆောင်ကော်မတီမှတစ်ဦးမျှ ပါဝင်ဆွေးနွေးခြင်းမရှိ။ (တစ်ဦးသာလက်မှတ်ရေးထိုးပေမယ့် ထို ၁၄-၂-၂၀၁၅ နေ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျောင်းသားတစ်ဦးမျှ ဥပဒေအကြောင်းကို မဆွေးနွေးခဲ့ကြပါလို့ လေးပွင့်ဆိုင်မှာ ပါဝင်ခဲ့သူတစ်ဦးက ပြောပါတယ်။) NNER မှ နှစ်ဦးသာ ရေးဆွဲထားသည့်ခေတ်အကြိုက် စကားလုံးများ (ခေတ်ကြိုက်မှန်သမျှဟာ ရေရှည်ဖွံ့ဖြိုးမှုကို မစွမ်းဆောင်နိုင်တာ သမိုင်းသက်သေပါ) ဖြစ်သော **"ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်ကို အာမခံခြင်း"** (ထိုခေါင်းစဉ်မျိုးဖြင့်ဥပဒေမှာ အခန်းတစ်ခန်းပြဋ္ဌာန်းထားတာမျိုးကို ဘယ်နိုင်ငံရဲ့ ပညာရေးဥပဒေမှာပါရှိခြင်း မရှိကြောင်းပါ) ဆိုတဲ့ လွတ်လပ်မှုလွန်ကဲခြင်းအပိုဒ်ကို အစားထိုးထားတာတော့ မဖြစ်သင့်ကြောင်း ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းရင်းသားမိဘပြည်သူများ၊ ဥပဒေပညာရှင်များ၊ ဆရာများအား အကြံပြုလိုက်ပါတယ်။ အကွပ်မဲ့ကြမ်းပရမ်းပတာပညာရေးမျိုးကင်းပြီး စီမံခန့်ခွဲရေးကောင်းမွန်သော ပညာရေးကို ဦးတည်သည့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းပေးကြပါဟု မေတ္တာရပ်ခံအပ်ပါသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာ့ရော်ဘာတင်ပို့သူများအတွက် အဓိကဈေးကွက်များဖွံ့ဖြိုးလာစေရန်နှင့် ဈေးနှုန်းတိုးမြှင့်ရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်နေ

**နေပြည်တော် မတ် ၁၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ **ရော်ဘာဈေးကွက် ရရှိနိုင်ရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန်နှင့် စပါးသီးနှံကဲ့သို့ စိုက်ဧကအလိုက် စိုက်စရိတ်အား နှစ်လတ်၊ နှစ်ရှည်ငွေချေးပေးနိုင်ရန် အစီအစဉ် ရှိမရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရော်ဘာဈေးကွက် ခိုင်မာမှုရှိလာစေရန် ပြည်တွင်း၌ ကုန်ချောထုတ်လုပ်နိုင်သည့် အဆင့်သို့ရောက်ရှိရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ ကုမ္ပဏီများနှင့်ပူးပေါင်းပြီး ကုန်ချောထုတ်စက်ရုံများကို များစွာတိုးမြှင့်ထုတ်လုပ်နိုင်ရန် ရော်ဘာစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိရေးကို ရှေးရှုပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ရော်ဘာအပါအဝင် ကုန်ပစ္စည်း ၅ မျိုးအတွက် ကုန်သွယ်မှု ယှဉ်ပြိုင်ရာတွင် အတားအဆီးများလျှော့ချစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရော်ဘာတင်ပို့သူများအတွက် ကာလတိုနှင့် အလယ်အလတ်ကာလများအတွင်း အဓိကဈေးကွက်များ ဖွံ့ဖြိုးလာစေရန်နှင့် ဈေးနှုန်းတိုးမြှင့် ရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ရော်ဘာ ပို့ကုန်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို ဒေသတွင်းဈေးကွက်နှင့် ဖွံ့ဖြိုးပြီးဈေးကွက်များသို့ ပို့ကုန်တိုးမြှင့်နိုင်ရန် ရည်ရွယ်


ဒုတိယဝန်ကြီး ဦးအုန်းသန်း။


သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း။

ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ပသို့ မြန်မာ့ရော်ဘာ တင်ပို့မှုမှာလည်း ၉၂ရာခိုင်နှုန်းရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် နှစ်ရှည်သီးနှံဖြစ်သော ရော်ဘာစိုက်ပျိုးမှုအတွက် လတ်တလောအခြေအနေတွင် ချေးငွေထုတ်ပေးရန်အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများမှာ မိုင်ပေါင်းမည်မျှရှိ၍ ကုန်ကျစရိတ်မည်မျှရှိပြီး လုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လမ်းအရှည်မှာ မိုင် ၂၄၉၀၀ ကျော်ရှိပါကြောင်း၊ အဆိုပါတာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသော လမ်းပေါ်ရှိ တံတားများ၊ လမ်းဘေးရေနုတ်မြောင်းများ၊ လမ်းပေါက်ငယ်များဖာထေးခြင်း၊ တံတားရေလမ်းကြောင်း ရှင်းလင်းခြင်းနှင့် ကြမ်းခင်းဘီးများလဲလှယ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ရန်၊ သက်တမ်းကုန်သွားသည့်လမ်းများပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် မမျှော်မှန်းနိုင်သော ပျက်စီးမှုများထိန်းသိမ်းခြင်းတို့အတွက် ငွေကျပ်ဘီလီယံ ၃၉၀ကျော် နှစ်စဉ်လိုအပ်လျက်ရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေပေးမှုအပေါ် မူတည်ပြီး နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီ (၂၇)ခုအား B.O.T စနစ်ဖြင့် လမ်းမိုင် ၃၄၉၀ ကျော်အား ဆောင်ရွက်ခွင့်ပြုထားပြီး အမှန်တကယ် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းတို့ကို တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း လက်ခံဆွေးနွေးရန် ဆုံးဖြတ်

**နေပြည်တော် မတ် ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ၏ သံတောင်ကြီး မြို့နယ်၊ တောင်ငူ-သံတောင်-ဘောကလိကားလမ်းပေါ်ရှိ ပလက်ဝကြိုးတံတားကို အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ-သံတောင်-ဘောကလိလမ်းပေါ်ရှိ ပလက်ဝကြိုးတံတားကို အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ မူလက ပလက်ဝကြိုးတံတားကို(၁)လမ်းသွား တံတားအဖြစ်ဆောင်ရွက်ရန် ပုံစံထုတ်ခြင်း၊ မြေစမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်သော်လည်း အဆိုပါတံတားသည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိခြင်း၊ ဒေသအကျိုးအတွက် ရေရှည်(၂)လမ်းသွား တံတားအဖြစ်တည်ဆောက်ရန် လျာထားခြင်း စသည့်အချက်များကြောင့် မူလ (၁) လမ်းသွား တံတားပုံစံအစား (၂) လမ်းသွားပုံစံထုတ်ခြင်း၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်လတ်၏ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော်တာတမံကို ညောင်ပင်ကြီး၊ ကပ်ချောင်း၊ ကံပြင်၊ မြင်းကန်ချောင်းနှင့် ရွှေလောင်းတင် ကျေးရွာများအထိ တိုးချဲ့တည်ဆောက်ပေးရန်၊ ဆားငန်ရေဝင်ရောက်သဖြင့် လယ်ဧကထောင်ချီ၍ ပျက်စီးသွားသော လယ်သမားများအား ထောက်ပံ့ငွေနှင့် မျိုးစပါးများပေးရန်နှင့် ပန်ဇင်းမော်၊ ဆားပြင်ချေ၊ ညောင်ပင်ကြီးကျေးရွာများတွင် အသက်ကယ်ကုန်းမြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းသည်။

အဆိုပါ မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်က ပန်ဇင်းမော်တာကို မြင်းကန်ချောင်းနှင့် ရွှေလောင်းဖောင် လှေကျေးရွာအထိ တိုးချဲ့တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်မည့် လက်ရှိတာနေရာနှင့် သီးခြားတည်ရှိနေခြင်း၊ ကျေးရွာဆက်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် ချောင်းတည်ရှိခြင်း၊ ပုစွန်ကန်၊ ငါးမွေးမြူရေးကန်များ၊ လယ်ယာမြေများ တည်ရှိနေသဖြင့် မြေယာအငြင်းပွားမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် သင့်လျော်မှုမရှိပါကြောင်း၊ လုပ်ငန်းသီးခြားဆောင်ရွက်မည်ဆိုပါက ပုစွန်ကန်၊ ဆားကွင်းနှင့် မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုများကို သက်ဆိုင်ရာ အာဏာပိုင်များနှင့် ဒေသခံများ တွေ့ဆုံညှိနှိုင်းပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း ဆားငန်ရေ ဝင်ရောက်မှုကြောင့် ရင့်မှည့်ပြီး စပါးခင်းများ ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဒေသအသီးသီးရှိ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်မှ ကွင်းဆင်းစိစစ်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တစ်ဆင့် တင်ပြတောင်းခံလာပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ငွေနှင့်


ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစောတော်ပလဲ။


ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း။

မျိုးစပါးရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အသက်ကယ်ကုန်းမြင့်များနှင့် ရေချိုကန်များ တည်ဆောက်ရန်အတွက် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက ယခုဥပဒေကြမ်းကို အများနည်းတူ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး လူတိုင်းတွင် ကိုယ်စားပြုခွင့်ရှိသည့် ပီအာစနစ်ကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ စနစ်တကျပြောင်းလဲကျင့်သုံးနိုင်ရန်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက် ကိုယ်စားလှယ်ဦးရေ တူညီစွာရွေးချယ်ရသည့် အမျိုးသားလွှတ်တော်၏ စုစည်းဖွဲ့စည်းမှုသဘာဝနှင့် ကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်တို့ ပိုမိုလိုက်လျောညီညွတ်စေရန်၊ အများပြည်သူကို ပိုမိုကိုယ်စားပြုခြင်းနှင့် ဒီမိုကရေစီကို ပီပြင်ခြင်းတို့ကို ပိုမိုဖော်ဆောင်နိုင်သည့် ရွေးကောက်ပွဲစနစ်တစ်ရပ်ကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ စတင်ကျင့်သုံးနိုင်စေရန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှပင် ပီအာစနစ်ကို ကျင့်သုံးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြုစုခဲ့သည့် **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးအုန်းတင်က **“၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ည ၈ နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျွိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ပစ္စည်းဆုံးရှုံးမှုများအတွက် အမျိုးသားလွှတ်တော်က ဝမ်းနည်းကြောင်းနှင့် လျော်ကြေးပေးရေး ကိစ္စများအား စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန်”** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုအား တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။ **(သတင်းစဉ်)**

# မန္တလေးတွင် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၁၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ထွန်းတောက်ယာဉ်မောင်းသင်တန်းကျောင်းတွင် မတ် ၁၈ ရက်က ပြုလုပ်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့ခွဲ (၁)မန္တလေးမှ ဒုတိယရဲမှူးကြီး ခိုင်စိုးက ယာဉ်မောင်းသူများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ယာဉ်တိုက်မှုဖြစ်ပွားပြီး ယာဉ်ပေါ်ပါသူပါ အသက်ဆုံးရှုံးမှုမရှိစေရေး သင်္ကြန်ကာလ မူးယစ်ဆေးဝါးသုံးစွဲမှုများ မရှိစေရေး မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်းကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေးတောင်မှ တပ်ဖွဲ့စုမှူး ရဲမှူးရန်ရှင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ အမှတ် (၅၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ခင်ဟန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းတို့ကို အသိပေးဟောပြောသည်။

အလားတူ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ဟုတ်ကြန့်ခန်းမတွင် မတ် ၁၈ရက်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကိုကျင်းပရာ မူးယစ်တပ်ဖွဲ့ခွဲ (၂) တောင်ကြီးမှ ဒုရဲမှူးကြီး ရွှေညာမောင်က မူးယစ်ဆေးဝါးနှင့်စိတ်ပြောင်းဆေးဝါးကြောင့်ယာဉ်တိုက်မှုများမဖြစ်ပွားစေရေး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် ပစ္စည်းပိုင်ပါရှိခြင်းမရှိပါက ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တွင်သာ တာဝန်ရှိကြောင်း၊ ယာဉ်မောင်းသည် စိတ်ကြွဆေးပြားသုံးစွဲပြီး မောင်းနှင်ပါက ယာဉ်တိမ်းမှောက်မှုများ ဖြစ်တတ်ကြောင်း၊ သုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသည့် ပြဿနာများ၊ စီးပွားရေး/လူမှုရေး ပြဿနာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ သင်္ကြန်ကာလအတွင်းယာဉ်မောင်း/ယာဉ်နောက်လိုက်များ အနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ပြောင်းဆေးဝါးများ သုံးစွဲမှုမရှိစေရေးအကြောင်းတို့အား ဟောပြောခဲ့ရာ ယာဉ်ကြီး၊ ယာဉ်ငယ်လိုင်းများမှ အသင်းဥက္ကဋ္ဌများ၊ ယာဉ်မောင်း/ယာဉ်နောက်လိုက်များစုစုပေါင်း အင်အား ၉၇ ဦးတက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။ **(ကြေးမုံ)**

❐ ကျောဖုံးမှ

ရိုးရာဆင်အက၊ အိုးစည်ဒိုးပတ်အက များနှင့် သတင်းမီဒီယာများက ကြိုဆိုကြသည်။

ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ ယာယီစခန်း၌ ညစာစားပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မှ လေယာဉ်မှူးများအား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မန္တလာမြေသို့ရောက်ရှိပြီ

**မန္တလေး မတ် ၁၉**

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ ထွက်ခွာလာကာ မိုင် ၉၀၀ ကျော်ရှိ ဘင်္ဂလားပင်လယ်အော်အား ၁၅ နာရီကျော် ဖြတ်သန်းမောင်းနှင်လာသော နေရောင်ခြည်စွမ်းအင်သုံး ကမ္ဘာပတ်လေယာဉ် Solar Impulse-2 သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေး၌ ခရီးတစ်ထောက်ခိုနားရန် မတ် ၁၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)သို့ သမိုင်းဝင်ဆင်းသက်မှုအဖြစ် ဆိုက်ရောက်ခဲ့ပြီဖြစ်သည်။

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ဆင်းသက်သည့် ဆွစ်လေယာဉ်မှူး ဘာထရန်ပစ်ကဒ် ထိန်းချုပ်မောင်းနှင်လာသော နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အား မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ဖြစ်သည့် ကျောက်ဆည်ဆင်အက၊ ဦးရွှေရိုးအက၊ ဘင်ခရာအဖွဲ့၊ ကျောင်းသူလေးများက ပန်းဖွားအကများဖြင့် ဖျော်ဖြေကြိုဆိုကြသည်။

Solar Impulse-2 လေယာဉ်သည် လေဆိပ်သို့ မဆင်းသက်မီ လေဆိပ်ဝေဟင်၌ မိနစ် ၂၀ ခန့်ကြာ ပျံဝဲပြခဲ့ကာ အောင်မြင်စွာဆင်းသက်ခဲ့သည်။ ထို့နောက် တိုင်းရင်းသားဝတ်စုံများ ဆင်မြန်းထားသည့် ကလေးငယ်များက လေယာဉ်မှူးနှစ်ဦးကို မင်္ဂလာပန်းစည်းများ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆိုလာလေယာဉ်မှူးများ အပါအဝင် ဆိုလာလေယာဉ်အဖွဲ့သားများအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ဆိုလာလေယာဉ်ရောက်ရှိလာသည့် မတ် ၁၉ ရက် ညပိုင်းတွင် ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းထောက် ၆၀ ကျော် လာရောက်သတင်းရယူခဲ့ကြကြောင်း သိရသည်။

**(နိုင်၊ မင်း၊ ကျော်)**



နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မှ လေယာဉ်မှူးအား မင်္ဂလာပန်းစည်းပေးအပ်စဉ်။ (သတင်းစဉ်)



နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)





နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်မှ လေယာဉ်မှူးများအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# မန္တလာမြေမှကမ်းလင့်နေမည့် ကမ္ဘာ့ပထမဆုံး နေစွမ်းအင်သုံးလေယာဉ် Solar Impulse-2

**အခြားသော လောင်စာဆီမသုံးဘဲ သဘာဝနေရောင်ခြည်မှရရှိသည့် စွမ်းအင်ကိုသာ အသုံးပြုသည့် ကမ္ဘာ့ပထမဆုံးနေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကိုသာ ဆင်းသက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအထူးစိတ်ဝင်စားလျက်ရှိကြသည်။ ထို့ကြောင့် Solar Impulse-2 လေယာဉ်နှင့်စပ်လျဉ်းပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။**

အမေး၊ အရေး-မင်းဇော်နိုင်၊
နိုင်လင်းကြည်၊
ဓာတ်ပုံ-ကျော်ထိုက်စိုး

**မေး။ ။နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 မြန်မာနိုင်ငံ မန္တလေးမြို့ကို ဆင်းသက်ဖို့ ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းကို သိလိုပါတယ်။**

ဝန်ကြီးချုပ်။ ။ ကျွန်တော်လေ့လာရသလောက်ကတော့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဆွစ်ဇာလန်ကို သွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် စက်တင်ဘာလကပါ။ အဲဒီမှာ ဆိုလာလေယာဉ်တွေ ကြည့်တယ်ဆိုတဲ့သတင်းတွေ ကြားလိုက်ရတယ်။ ဆိုလာလေယာဉ်ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်က ကျွန်တော်တို့မြန်မာနိုင်ငံကို အလည်လာတယ်။ မန္တလေးမှာလည်း ကျွန်တော် လက်ခံတွေ့ဆုံခဲ့တယ်။ သူက ဆိုလာလေယာဉ်တွေအကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးကိစ္စတွေ ပြောပြတယ်။ သူတို့အနေနဲ့ ဆိုလာလေယာဉ်ကမ္ဘာတစ်ပတ်ပတ်ဖို့ရှိတယ်။ အဲဒီမှာ မြန်မာနိုင်ငံ မန္တလေးမှာ ဆင်းမယ်။ စိတ်ဝင်စားတယ်ဆိုတာ ပြောပြတာရှိတယ်။ အဲဒီတုန်းကတည်းက ဆိုလာလေယာဉ်ရောက်မယ်ဆိုတဲ့ ကိစ္စစတင်ခဲ့ပါတယ်။

**မေး။ ။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 မန္တလေးမြို့ကို ဆင်းသက်မယ့် ကိစ္စနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ရဲ့ သဘောထားအမြင်တွေကို သိလိုပါတယ်။**

ဖြေ။ ။ အခုဆိုလာလေယာဉ်ရဲ့ လမ်းကြောင်းကို လေ့လာကြည့်လိုက်တဲ့အခါ မြန်မာနိုင်ငံ မန္တလေးမှာ ဆင်းမယ်။ ဒီကနေပြီးရင် တရုတ်နိုင်ငံဘက်ကို သွားမယ်။ ကြည့်ရမယ်ဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ရော မန္တလေးအနေနဲ့ရော အရှေ့တောင်အာရှမှာ ဒီမှာပဲဆင်းတယ်ဆိုတာ သိရပါတယ်။ အင်မတန်ဂုဏ်ယူမိပါတယ်။

**မေး။ ။ မန္တလေးလေဆိပ်ကို နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 ရောက်ရှိတဲ့ အချိန်မှာ ပြည်သူတွေနဲ့ ကျောင်းသား ကျောင်းသူတွေ လေ့လာနိုင်ဖို့ ဘယ်လိုစီစဉ်ထားတယ်၊ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလထဲက နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 က မန္တလေးမှာ ဆင်းမယ်ဆိုတာ နောက်ဆုံးအတည်ပြုချက်ပါပဲ။ အဲဒီအတွက်လည်း အစည်းအဝေးလုပ်ပါတယ်။ ကျွန်တော်တို့ဆီက တိုင်းဒေသကြီး ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ခဲ့ပါတယ်။ ဒါကိုစနစ်တကျနဲ့ သေသေချာချာကြိုဆိုဖို့ ကိစ္စတွေ၊ လုံခြုံရေးကိစ္စတွေ ဆောင်ရွက်ဖို့ အသေးစိတ် မှာကြားတာတွေရှိပါတယ်။ ကျွန်တော်တို့ဘက်အပိုင်းက လေယာဉ်ဆင်းသက်လာတဲ့အခါ ပြည်သူတွေ အများကြီးလာကြည့်မယ်လို့ မျှော်လင့်ထားတယ်။ လေယာဉ်ကို အနှောင့်အယှက် မဖြစ်ရအောင် ကျွန်တော်တို့ စဉ်းစားထားတယ်။ မန္တလေးမှာ ဆင်းမယ်ဆိုတော့ မန္တလေးရဲ့ ပြယုဂ်တစ်ခုအနေနဲ့ သေချာလေး ကြိုဆိုဖို့ စီစဉ်ထားတယ်။ နောက်ဆုံးအစီအစဉ်တစ်ခုကတော့ ပြသရေးမှာ ဆွစ်ဇာလန် သံရုံးကိုယ်စားလှယ်တာဝန်ယူနေတဲ့ FMI ကုမ္ပဏီတွေနဲ့ ကျွန်တော့်ရုံးမှာ အစည်းအဝေးလုပ်တယ်။ အစည်းအဝေးမှာ သူတို့ဘက်က လိုလားချက်ဘာရှိသလဲ၊ ကျွန်တော်တို့ဘက်က ဘာဖြည့်ဆည်းပေးရမလဲဆိုတာတွေကို ဆွေးနွေးပါတယ်။ ပြသတဲ့အစီအစဉ်မှာ ရန်ကုန်၊ မန္တလေးအပါအဝင် အခြားမြို့တွေကပါ လာပြီးလေ့လာလို့ရအောင် စီစဉ်စေချင်တယ်။ အထူးသဖြင့် နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေ လေ့လာနိုင်အောင်စီစဉ်မယ်။ လူမှုရေးအသင်းအဖွဲ့တွေ လေ့လာနိုင်အောင်လည်း စီစဉ်မယ်ဆိုတဲ့ သူတို့ရဲ့အစီအစဉ်တွေကိုလည်း ပြောပါတယ်။ ဒီမှာနှစ်ရက်နားမယ်လို့ ဆွေးနွေးပါတယ်။ မနက်ပိုင်း ၈ နာရီကနေ ၁၁ နာရီအထိမှာ ပထမတစ်ရက်က မန္တလေးနည်းပညာတက္ကသိုလ်တွေက ကျောင်းသားကျောင်းသူ ၂၀၀ ကနေ ၃၀၀ အထိ လေ့လာဖို့ဖြစ်ပါတယ်။ မွန်းလွဲပိုင်း ၂ နာရီကနေ ညနေ ၅ နာရီအထိ အများပြည်သူ လေ့လာဖို့ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ကြိုတင်စာရင်းပေးဖို့ သူတို့ဘက်က အစီအစဉ်တွေ ဆွေးနွေးပါတယ်။ ကျွန်တော်တို့က ကြေညာပေးလိုက်တော့ တော်တော်များများလည်း သိလာပြီး စာရင်းတွေ ပေးနေကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့က သူတို့တွေကို အကြိုအပို့တွေလုပ်ပေးမယ်။ အချိန်ကန့်သတ်ချက်ကြောင့် ကြို/ပို့မှ အဆင်ပြေမယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၀ ယောက်တစ်အုပ်စုကို ငါးမိနစ်စီ လေ့လာခွင့်ရမယ်။ သူတို့က လိုက်ရှင်းပြမယ်။ လေယာဉ်ကြီးကို လေ့လာမယ်။ ပြန်ထွက်မယ်စတဲ့အချိန်ကန့်သတ်ချက်တွေရှိနေလို့ ကြို/ပို့စီစဉ်ပေးရခြင်း ဖြစ်ပါတယ်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်။

**မေး။ ။ ကြို/ပို့တာနဲ့ပတ်သက်ပြီး ဘယ်လိုနေရာ၊ ဘယ်လိုအချိန်တွေ စုရပ်တွေအဖြစ် သတ်မှတ်ထားပါသလဲ။**

ဖြေ။ ။ ပြည်သူတွေဆိုတဲ့နေရာမှ ကျောင်းသား ကျောင်းသူတွေလည်း ပါမယ်။ နည်းပညာကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ သူတို့ကျောင်းကအစီအစဉ်နဲ့ပဲ လာဖို့ သူတို့ကျောင်းတွေနဲ့ ချိတ်ဆက်စီစဉ်ထားတယ်ဆိုတာသိရတယ်။ ပြည်သူတွေကိုတော့ အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းရှေ့မှာ ကားတွေ စီစဉ်ထားပါတယ်။ မီဒီယာအဖွဲ့တွေ သွားလာဖို့အတွက်ကတော့ ဘူတာကြီးရှေ့မှာကားတွေ စီစဉ်ထားပါတယ်။

**မေး။ ။ လေ့လာချင်လို့ စာရင်းပေးသွင်းချင်တယ်ဆိုရင် ဘယ်ကို ဘယ်လို ဆက်သွယ်ရမလဲဆိုတာသိပါရစေ။**

ဖြေ။ ။ လေကြောင်းစီမံကိန်းဦးစီးဌာန ဖုန်း-၀၂-၃၆၃၆၂ ကိုဆက်သွယ်နိုင်ပါတယ်။

**မေး။ ။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 အတွက် လုံခြုံရေး ဘယ်လိုစီစဉ်ထားသလဲ ဆိုတာသိပါရစေ။**

ဖြေ။ ။ လေယာဉ်လုံခြုံရေးနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံစီစဉ်ဆောင်ရွက်ထားပါတယ်။ သီးခြားလုံခြုံရေးတွေလည်း ဆောင်ရွက်ထားတာရှိပါတယ်။

**မေး။ ။ ပြည်သူတွေကို အသိပညာပေးဖို့နဲ့ သတင်းထုတ်ပြန်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့သိရတဲ့ အချိန်ရက်ပြောင်းသွားတယ်ဆိုတာက ရာသီဥတုအခြေအနေကြောင့်ပါ။ ရက်ပြောင်းသွားတိုင်းလည်း ရက်ပြောင်းသွားသလို နေ့စဉ်သတင်းတွေထုတ်ပေးနေပါတယ်။ သတင်းစာရှင်းလင်းပွဲတွေကတော့ သူတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 ကို ကြိုဆိုဖို့ အခမ်းအနားပြင်ဆင်တာတွေနဲ့ ပတ်သက်ပြီး ရှေ့ပြေးအဖွဲ့တွေက ဘယ်လိုမှတ်ချက်ပြုပါသလဲ။**

ဖြေ။ ။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 ရဲ့ ရှေ့ပြေးအဖွဲ့တွေလည်း မန္တလေးမှာ ရောက်နေပါပြီ။ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနက သူတို့ကို အမြဲတမ်းပံ့ပိုးကူညီပေးနေပါတယ်။ အဲဒီအပေါ်မှာ သူတို့ ဝမ်းသာကျေနပ်နေကြပါတယ်။ မနေ့က နောက်ဆုံးအနေနဲ့ ပြင်ဆင်ထားတာလေးတွေကို ကျွန်တော်သွားစစ်ဆေးတဲ့အခါ သူတို့နဲ့တွေ့ပါတယ်။ အဲဒီမှာ သူတို့ရဲ့ အင်မတန်အားရကျေနပ်တယ်ဆိုတဲ့အသံတွေကို ကြားသိခဲ့ရတယ်။

**မေး။ ။ ဒီလေယာဉ်ကြီးရောက်လာရင် ဘယ်လိုကြိုဆိုမလဲဆိုတာကို သိပါရစေ။**

ဖြေ။ ။ ရောက်မှာက ညဖြစ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ကိုယ်စား တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ကြိုဆိုခွင့်ရတယ်ဆိုတဲ့သဘောပဲလေ။ တိုင်းဒေသကြီးရဲ့ ပြယုဂ်အဖြစ် ကျောက်ဆည် ဆင်အကတွေ၊ ကျွန်တော်တို့ရဲ့ ရိုးရာဓလေ့တစ်ခုဖြစ်တဲ့ အိုးစည်၊ ဒိုးပတ်အကတွေ၊ တိုင်းရင်းသားဝတ်စုံတွေနဲ့ တိုင်းရင်းသားတွေကလည်း ကြိုဆိုဖို့စီစဉ်ထားပါတယ်။

**မေး။ ။ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မြန်မာနိုင်ငံကို ဆင်းသက်လာတာနဲ့ပတ်သက်ပြီး ပြည်သူတွေကို ဘယ်လိုထပ်မံအသိပညာပေးလိုပါသလဲ။**

ဖြေ။ ။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ဆိုတော့ ကမ္ဘာမှာ ပထမဆုံးလို့ ပြောကြားတာရှိပါတယ်။ အခုအချိန်မှာ စွမ်းအင်ကဏ္ဍက ကမ္ဘာမှာ အလွန်အရေးပါနေတဲ့အချိန်ဖြစ်တယ်။ စိတ်ဝင်စားလာတာက နေရောင်ခြည်ဖြစ်တယ်။ သူက ပြန်လည်ပြည့်ဖြိုးမြဲ မကုန်ခန်းနိုင်တဲ့ စွမ်းအင်တစ်ခုဖြစ်တဲ့အတွက် သူတို့ သုတေသနများစွာလုပ်ထားတာ သိရတယ်။ သာမန်အားဖြင့် မြေပြင်မှာသွားလာနိုင်တာတွေတော့ အထိုက်အလျောက်ရှိနေကြပြီ။ ဝေဟင်မှာ သွားလာဖို့အတွက်ကတော့ တော်တော်လေး ကြိုးစားနေဆဲဖြစ်တယ်။ အခု ဒီလေယာဉ်ကြီးဟာ လေထဲကနေပျံသန်းပြီး ကမ္ဘာပတ်မယ်ဆိုတော့ နည်းပညာအရခိုင်ခိုင်မာမာနဲ့ ကြိုးစားလာတယ်ဆိုတာ သုံးသပ်လို့ရပါတယ်။ တစ်ချိန်မှာတော့ နေရောင်ခြည်စွမ်းအင်ကို ကျွန်တော်တို့အားလုံး သေသေချာချာနဲ့ အသုံးပြုနိုင်မယ့်အဆင့် ရောက်လာမယ်လို့ ကျွန်တော်မြင်ပါတယ်။

**မေး။ ။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် ဆင်းသက်လာတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံအတွက် ဘယ်လိုအကျိုးရှိမယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ တကယ်ကို အကျိုးရှိမှာဖြစ်ပါတယ်။ ဒီနည်းပညာကို အသေးစိတ်ရှင်းပြမယ်ဆိုတဲ့အတွက် နည်းပညာကိုလေ့လာနေတဲ့ ကျောင်းသားကျောင်းသူတွေဆီကို တိုက်ရိုက်ရောက်သွားနိုင်တယ်။ ကျွန်တော်တို့ဆီမှာ နေရောင်ခြည်စွမ်းအင် နည်းပညာတွေကို ရှင်းပြမယ်။ ရလိုက်မယ်ဆိုရင် မြို့ပြရော ကျေးလက်ပါမကျန် အကျိုးရှိသွားမှာပါ။ မြန်မာနိုင်ငံမှာဆိုရင် မန္တလေးတိုင်းဒေသကြီးဟာ နေရောင်ခြည်စွမ်းအင်ကို အကောင်းဆုံးရရှိတဲ့နေရာဖြစ်တယ်။ အခုလည်း နေရောင်ခြည်စွမ်းအင်ကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ဖို့ ကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်နိုင်တဲ့အဆင့်ကို ရောက်နေပါပြီ။ ဒီနည်းပညာကို ရမယ်ဆိုရင် လျှပ်စစ်စွမ်းအားမှာ အဓိကတိုက်ရိုက်အထောက်အကူဖြစ်သွားမှာဖြစ်ပါတယ်။ တိုးတက်လာတဲ့နည်းပညာတွေအရ အခြားသောကဏ္ဍတွေမှာလည်း အကျိုးရှိလာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

# ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်၊ (၁ / ၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည် -

### ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကိုလည်းကောင်း လေးစားကြရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဥပဒေများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်။

၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းရမည်။

၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ဘက်လိုက်မှုမရှိစေရန် စောင့်ထိန်းကြရမည်။

၅။ နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းပြုရာရောက်သည့် အပြောအဆို၊ အပြုအမူ မပြုရ။ ထိုသို့ အဓိပ္ပာယ်သက်ရောက်စေမည့် အဝတ်အစား၊ သင်္ကေတ၊ အမှတ်တံဆိပ် စသည်တို့ကိုလည်း ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်း မပြုရ။

၆။ လျှို့ဝှက်မဲပေးစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံပရဝဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကို မဲပေးခဲ့ကြောင်း မေးမြန်းခြင်း မပြုရ။

၇။ ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားရမည်။

၈။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန်ခံများနှင့် ကြီးကြပ်သူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အခါအားလျော်စွာ ပြုလုပ်သော ညွှန်ကြားချက်များနှင့် သတင်းအချက်အလက်များ ရှင်းလင်းတင်ပြသည့် အခမ်းအနားများသို့ တက်ရောက်ရန် တာဝန်ရှိသည်။

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးက ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။

၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သဘောထားအမြင်များကို ထုတ်ပြန်ရာတွင် ၎င်းတို့၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များကသာ လုပ်ဆောင်ကြရမည်။

၁၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များအား လိုက်နာရန်ကျင့်ဝတ်စည်းကမ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မသန်စွမ်းသူများလွယ်ကူအဆင်ပြေစွာ၊ လျှို့ဝှက်လုံခြုံစွာ မဲပေးနိုင်ရေးများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပို့ချပေးခြင်းများ ပြုလုပ်ပေးရန် တာဝန်ရှိသည်။

၁၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လက်နက်များ၊ ပေါက်ကွဲစေသော ပစ္စည်းများ ယူဆောင်ခြင်း မပြုရ။

၁၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် မဲဆန္ဒရှင်များ၏ တာဝန်နှင့် ရပိုင်ခွင့်ကို လွှမ်းမိုးသက်ရောက်စေသော လှုံ့ဆော်မှုများကို မပြုလုပ်ရ။

၁၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များ ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

၁၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ယင်းတို့၏ တာဝန်ကို စေတနာပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ၎င်းတို့၏ အစီရင်ခံစာများကို မှန်ကန်ရိုးသားစွာ တင်ပြရမည်။

၁၇။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အခြားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၈။ ရွေးကောက်ပွဲအငြင်းပွားမှုများတွင် တာဝန်ရှိသူများက အဆုံးအဖြတ်ပြုရန် ဆောင်ရွက်ရာ၌ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

၁၉။ မဲရုံအတွင်းတွင်လျှို့ဝှက်မဲပေးစနစ်ကို မထိခိုက်စေရန်အတွက် မဲရုံမှူး၏တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်၊ (၂ / ၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

## နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။

### နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ

၁။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ မစ်ရှင်တစ်ခုခုမှ စောင့်ကြည့်လေ့လာသူအဖွဲ့ဝင်တိုင်းသည် ဤကျင့်ဝတ်ပါအချက်များကိုဖတ်ရှုပြီး နောက်ဆက်တွဲတွင်ဖော်ပြထားသော ပူးတွဲပါဝန်ခံချက်ကို လက်မှတ်ရေးထိုးရမည်။

၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုလည်းကောင်း လေးစားလိုက်နာကြရမည်။

၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများကို လေးစားလိုက်နာပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများ၏ အခွင့်အာဏာများကိုလည်း လေးစားလိုက်နာကြရမည်။

၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုံခြုံရေးတာဝန်ယူထားသူများအပါအဝင် အာဏာပိုင်များက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး ၎င်းပုဂ္ဂိုလ်များအား လေးစားစွာပြုမူဆက်ဆံရမည်။

၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း နိုင်ငံရေးဘက်လိုက်ခြင်းကင်းမှုကို တိကျစွာထိန်းသိမ်းရမည်။ နိုင်ငံတော်အာဏာပိုင်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအားလည်းကောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်သော ပြဿနာများကိုလည်းကောင်း ဘက်လိုက်ခြင်းနှင့် ဦးစားပေးသောအသွင်အပြင်များ ထုတ်ဖော်ပြသခြင်းမပြုရ။

၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းပြုရာရောက်သည့် လှုပ်ရှားမှုများကိုဆောင်ရွက်ခြင်း၊ ယင်းလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုရ။

၇။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မေးခွန်းများမေးမြန်းခွင့်၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းခွင့်ရှိသည်။ သို့သော် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများ၏ လုပ်ငန်းစဉ်များတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဟန့်အတားမဖြစ်စေရ။

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးက တရားဝင်ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။ မဲရုံမှူးများ၊ မဲရုံတာဝန်ခံများနှင့် အခြားအာဏာပိုင်များက တောင်းခံလာပါက ပြသရမည်။

၉။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာချက်များကို ဘက်လိုက်မှုကင်းခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် မှန်ကန်မှုအဆင့်မြင့်မားခြင်းရှိကြောင်း သေချာစေရမည်။

၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ယင်းတို့၏ ပုဂ္ဂလိကသဘောထားအမြင်များ၊ သုံးသပ်ချက်များကို မီဒီယာသို့တင်ပြခြင်းမပြုရ။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများ၊ အစုအဖွဲ့များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သဘောထားမှတ်ချက်များကို တာဝန်ခံပုဂ္ဂိုလ်များကသာ ထုတ်ပြန်ရန်သေချာစေရမည်။

၁၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများသည် ယင်းတို့၏ တွေ့ရှိချက်များ၊ နည်းလမ်းများ၊ အကြံပြုချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုတင်ပြရမည်။

၁၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်တစ်လျှောက် နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးထားကြောင်းပြသခြင်းအပါအဝင် အခြားပုဂ္ဂိုလ်များအား အလေးထားဆက်ဆံခြင်းနှင့် စောင့်ကြည့်လေ့လာမှုကို ပညာရှင်ပီသစွာ ပြုမူဆောင်ရွက်ရမည်။

၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အသိအမှတ်ပြုရန် တောင်းခံထားသော အဖွဲ့အစည်းအသီးသီးသည် ၎င်းတို့၏ အဖွဲ့ဝင်အသီးသီးအား လိုက်နာရန်ကျင့်ဝတ်အပါအဝင် ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပေးခြင်းများပြုလုပ်ပေးရန် တာဝန်ရှိသည်။

၁၄။ မြန်မာနိုင်ငံသို့ လာရောက်ရန်ရည်ရွယ်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ အချိန်မီ ဗီဇာလျှောက်ထားရမည်။ ခွင့်ပြုသည့် ဗီဇာရက်သတ်မှတ်ချက်ထက်ကျော်လွန်၍ မြန်မာနိုင်ငံတွင် နေထိုင်ခြင်းမပြုရ။

၁၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများက ထုတ်ပြန်ထားသော အကြံပြုချက်များကို လိုက်နာရမည်။

၁၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းသည်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုသည်လည်းကောင်း ဤကျင့်ဝတ်ကိုဖောက်ဖျက်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအဖြစ် အသိအမှတ်ပြုခြင်းကို ရုပ်သိမ်းခွင့်ရှိသည်။ ဤသို့ ရုပ်သိမ်းခွင့်ကို အဆုံးအဖြတ်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ ဆောင်ရွက်ခွင့်ရှိသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နိုင်ငံ့တာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန် မှန်မှန်ပေး

# နေပြည်တော် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၁၉**

၁၃၇၆ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၁၃၇၆ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်ကကျင်းပခဲ့သည့်အတိုင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ဗဟိုမဏ္ဍပ်တည်ဆောက်ပြီး ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှလည်း မဟာသင်္ကြန်မဏ္ဍပ်များဆောက်လုပ်ပြီး ရေကစားခြင်း၊ တေးဂီတများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ဝတ်စားဆင်ယင်မှုများ၊ တေးဂီတဖျော်ဖြေမှုများ၊ ယိမ်းအကများကို မြန်မာ့ယဉ်ကျေးမှုနှင့် မဆန့်ကျင်ဘဲ ယဉ်ကျေးမှုအမွေအနှစ်များကို အလေးထားထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် မဟာသင်္ကြန်ကာလအတွင်း မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးတို့အတွက် လုံခြုံရေးအစီအမံများကို အထူးဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။**(ယာပုံ)**

ယင်းနောက် နေပြည်တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဟိုတယ်ဇုန်များတွင်လည်း မဟာသင်္ကြန်မဏ္ဍပ်များကို ယခင်နှစ်များနည်းတူ တည်ဆောက်သွားမည်ဖြစ်ပြီး ဖျော်ဖြေကြမည့် မဟာသင်္ကြန်မဏ္ဍပ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် မဆန့်ကျင်ဘဲ ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးများကိုလည်း မိမိတို့အစီအစဉ်ဖြင့် အထူးဂရုပြု ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က ၁၃၇၆ ခုနှစ် နေပြည်တော်မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ လျာထားဖွဲ့စည်းထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူတို့က မိမိတို့ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

၁၃၇၆ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မဟာသင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေပြည်တော်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ယိမ်းအကအဖွဲ့များ၊ သီဆိုဖျော်ဖြေမှုများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ သင်္ကြန်ယိမ်းအကပြိုင်ပွဲများနှင့် သီဆိုဖျော်ဖြေမှုအစီစဉ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၇)**

# လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်နိုင်နိုင်စိုးသည် မတ် ၁၈ ရက် နံနက် ၃ နာရီတွင် နေအိမ်တွင်ရှိနေစဉ် သားဖြစ်သူ ဟန်ထွန်းနိုင် (၃၀)နှစ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးတောင်ရပ်ကွက် (၉၃)လမ်းထိပ်တွင် လဲကျသေဆုံးနေကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုရာ လည်ပင်းဝဲဘက် ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ သားဖြစ်သူကို သေဆုံးအောင်ပြုလုပ်သူအား စုံစမ်းအရေးယူပေးရန် တိုင်တန်းချက်အရ မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့များနှင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မင်္ဂလာတောင်ညွန့်မြို့နယ်နေ သန်းစိုး (၃၀)နှစ်ဖြစ်ကြောင်း သိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ သန်းစိုးအား အခင်းဖြစ်ပြီး ခုနစ်နာရီအတွင်း သန်လျင်မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူနှင့် သန်းစိုးတို့သည် အရက်သေစာအတူသောက်စားရင်း စကားများရန်ဖြစ်ကြစဉ် သန်းစိုးက သေဆုံးသူ၏ ဘောင်းဘီအိတ်အတွင်းရှိ ဓားအားဆွဲယူကာထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၄၇၉ တောင်ကုန်းအား သိမ်းပိုက်ရရှိ




**နေပြည်တော် မတ် ၁၉**

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် နယ်စပ်ဒေသ၏ ကန့်သတ်ချက်များကို အခွင့်ကောင်းယူ၍ ထူထပ်ရှုပ်ထွေးသော တောတောင် သဘာဝအနေအထားကို ကြိုတင်ပြင်ဆင်အသုံးချကာ ချဉ်းကပ်နိုင်သော လမ်းကြောင်းများတစ်လျှောက် သတ်ကွင်းများ ကြိုတင်စီမံထားခြင်း၊ အခြေပြုရာတောင်ကုန်းများတွင် ဘန်ကာများ အခိုင်အခံ့ တည်ဆောက်ထားခြင်း၊ ပုန်းခိုရှောင်တိမ်းနိုင်ရန် မြေခွေးကျင်းများတူးထားခြင်း၊ ၎င်းတို့လွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန် လမ်းကြောင်းများ ဖောက်လုပ်ထားခြင်းတို့ကို ဆောင်ရွက်၍ ခုခံတိုက်ခိုက်လျက်ရှိရာ တပ်မတော်သားများအနေဖြင့် ခက်ခဲကြမ်းတမ်းစွာတိုက်ပွဲဝင်လျက်ရှိသည်။ သောင်းကျန်းသူများသည် ဒေသ၏ အချက်အချာကျပြီး အရေးကြီးသော တောင်ကုန်းများတွင် အဓိကအခြေပြု၍ လောက်ကိုင်ဒေသတစ်ခုလုံးအား လွှမ်းမိုးထိန်းချုပ်နိုင်ရေးအတွက် ၎င်းတောင်ကုန်းများအား လက်လွှတ်ဆုံးရှုံးမှုမရှိစေရေး အပြင်းအထန် ကြိုးစားလျက်ရှိရာတွင် တပ်မတော်အနေဖြင့် ထိရောက်သောလေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ လောက်ကိုင်ဒေသ၏ အချက်အချာနေရာ အများစုအား သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၄၆၈ တောင်ကုန်းအနီးရှိ ပွိုင့်-၁၄၇၉ တောင်ကုန်းအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး မွန်းလွဲပိုင်းတွင် ၎င်းတောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။ ထိုတိုက်ပွဲတွင် သောင်းကျန်းသူများက တောင်ကုန်းပေါ်တွင် အခိုင်အမာခြေကုပ်ယူ၍ တောင်စောင်းများတစ်လျှောက် သတ်ကွင်းအဖြစ်ရှင်းလင်းကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တရစပ်ခုခံတိုက်ခိုက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းက ထိရောက်သောပစ်ကူ၊ပစ်အားနှင့်အတူ ရဲ‌ဝံ့စွန့်စားစွာ တက်ရောက်၍ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဆက်လက်၍ ၎င်းတောင်ကုန်း၏ အရှေ့ဘက်ရှိ ပွိုင့်-၁၅၆၄ တောင်ကုန်းအား ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၃၂)သွား ကားလမ်းကို စိုးမိုးထားသည့် ရှင်ခုတ်ထန်ကျေးရွာမြောက်ဘက် တောင်ကုန်းတွင် အခြေပြုခံစစ်ယူထားသည့် သောင်းကျန်းသူအင်အားစုများအား တပ်မတော်စစ်ကြောင်းများက ရင်ဆိုင်ထိန်းချုပ်တိုက်ခိုက်လျက်ရှိသည်။

ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်ခဲ့သောပွိုင့်-၁၄၆၈ တောင်ကုန်းအား ယနေ့နံနက်ပိုင်းတွင် ကိုးကန့်သောင်းကျန်းသူအင်အားစုများက ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် လက်နက်ကြီး၊ လက်နက်ငယ်များ၊ စက်သေနတ်ကြီးများဖြင့် ဝိုင်းပတ်ပစ်ခတ်တိုက်ခိုက်လာခဲ့ရာ တပ်မတော်စစ်ကြောင်းများက ပစ်ကူ၊ ပစ်အားသုံး၍ သောင်းကျန်းသူများကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် ကုန်းကြမ်းမြို့မြောက်ဘက် လော်ကွာကျိုင်းကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ မာလုရွှေကျေးရွာအနီး တစ်ဝိုက်ရှိ တောင်ကုန်းများတွင် အခြေပြုနေသောကိုးကန့်သောင်းကျန်းသူအင်အားစုများအား လေကြောင်းမှ ချေမှုန်းတိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ပွဲဖြစ်စဉ်များတွင် တပ်မတော်မှ စစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

# ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက်က ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် (၇၈)လမ်း ကျွဲဆည်ကန် လမ်းသွယ်(၆)နှင့်(၇)ကြားရှိ အောင်သူလက်ဖက်ရည်ဆိုင်အတွင်းသို့ ရောက်ရှိလာသူ ရန်ကျော်ချင်းနှင့် ကံထွန်း(ခ)တယ်ချမ်းတို့နှစ်ဦးအား ရှာဖွေရာ ရန်ကျော်ချင်းဝတ်ဆင်ထားသည့် ဘောင်းဘီဝဲဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀ သိမ်းဆည်းရမိသဖြင့် ရန်ကျော်ချင်း(၄၁)နှစ်နှင့် ကံထွန်း(ခ)တယ်ချမ်း(၃၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**

# မိုဘိုင်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သတင်း - ရီရီမြင့်၊ ဉမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန် မတ် ၁၉

**မြန်မာနိုင်ငံတွင် အများပြည်သူဆက်သွယ်ရေးဝန်ဆောင်မှုများ လွယ်ကူလျင်မြန်သက်သာစွာ အသုံးပြုနိုင်ကြရန် ဆက်သွယ်ရေးကွန်ရက်အသစ်များကို တိုးချဲ့တည်ဆောက်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးရေဒီယိုစခန်းများမှ ထုတ်လွှင့်သော ရေဒီယိုလှိုင်းများကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်နိုင်ခြေ ရှိ၊ မရှိ စသည်တို့နှင့်စပ်လျဉ်းသည့်မေးခွန်းများကို ပြည်သူများအကြားတွင် မေးမြန်းလာကြသည်။**

**မိုဘိုင်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မိုဘိုင်းရေဒီယိုဆက်သွယ်ရေးစခန်းများ၏ ရေဒီယိုလှိုင်းများကြောင့် ပတ်ဝန်းကျင်တွင် အကျိုးသက်ရောက်မှုနှင့် ကျန်းမာရေးထိခိုက်မှုရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က မေးမြန်းခဲ့သည်။**

**ဦးသောင်းတင်**
**(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**

မြန်မာနိုင်ငံအနေနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုကို ၂၀၁၁ ခုနှစ်မှာ ငါးရာခိုင်နှုန်းအောက်ပဲရှိခဲ့တယ်။ အခု ၄၅ ရာခိုင်နှုန်းလောက်ရှိလာပြီဖြစ်တယ်။ နေ့စဉ်နဲ့အမျှ တိုးတက်နေတယ်။ နိုင်ငံရဲ့ ဆက်သွယ်ရေးဝန်ဆောင်မှု စီမံကိန်း အောင်မြင်တဲ့သဘောပါ။ ကောင်းတာရှိသလို တစ်ဖက်ကလည်း ဆက်သွယ်ရေးဝန်ဆောင်မှုအရ တာဝါတိုင်တွေ အများကြီးဆောက်ရတယ်။ ပြီးတော့ ဟန်းဖုန်းတွေ အသုံးများလာတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး စိတ်ပူပန်မှုလေးတွေပေါ်လာတယ်။ ကိုယ့်အိမ်နားမှာ တာဝါတိုင်ဆောက်ရင် တာဝါတိုင်ကထွက်တဲ့ ရေဒီယိုလှိုင်းတွေက လူတွေရဲ့ကျန်းမာရေးကို ထိခိုက်နိုင်သလား၊ လက်ကိုင်ဖုန်းတွေအများကြီးသုံးရင် ဘာတွေကိုထိခိုက်နိုင်သလဲဆိုတဲ့ ကိစ္စတွေ၊ စိတ်ပူပန်မှုတွေပေါ်လာတယ်။ ဒါက တစ်ကမ္ဘာလုံးဖြစ်တာပါ။ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုပေးတာနဲ့ တစ်ပြိုင်တည်း ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် လူတစ်ဦးချင်း ကျန်းမာရေးမထိခိုက်အောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ အခု နိုင်ငံတကာအဖွဲ့အစည်းတွေ အကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ လျှပ်စစ်ပစ္စည်းတွေအားလုံးဟာ တစ်နည်းမဟုတ်တစ်နည်း လှိုင်းတွေထွက်ကြတယ်။ အသုံးများလာပြီး နားလည်လာတော့လည်း စိတ်ပူပန်မှုရှိတော့မှာမဟုတ်ဘူး။ ဘယ်လိုဆောင်ရွက်နိုင်မယ်ဆိုတာ ပညာပေးဖို့လိုပါတယ်။ ယနေ့ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကလည်း စဉ်ဆက်မပြတ်အသုံးပြုတဲ့ပစ္စည်းတွေက လူတွေရဲ့ကျန်းမာရေးကို မထိခိုက်အောင် စံချိန်စံညွှန်းနဲ့အညီဖြစ်ရဲ့လား၊ ဒါတွေကို ရှင်းပြတာပါ။ နိုင်ငံတကာပညာရှင်တွေကို ဖိတ်ခေါ်ပြီး ဝန်ကြီးဌာနတွေပေါင်းပြီး အခုအလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးကျင်းပခြင်းဖြစ်ပါတယ်။




အဲဒါအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ဂိုက်လိုင်းတွေနဲ့ရှင်းပြချက်တွေ ဘာသာပြန်ပြီး စာရွက်ထုတ်ပြီးဖြန့်ဖြူးသွားမယ်။ နည်းပညာပိုင်းအနေနဲ့ ရှင်းပြရရင် ပထမအချက်က ရေဒီယိုလှိုင်းနှုန်းတွေက ဆဲလ်ဖုန်းတွေ၊ တာဝါတိုင်တွေက လျှပ်စစ်ပစ္စည်းအားလုံး ထွက်သလို ထွက်ပါတယ်။ ဒါပေမယ့် ထွက်တဲ့အားက အလွန်နည်းပါတယ်။ ဓာတ်မှန်လို နေပူထဲထွက်လို့ရှိရင် ထွက်အားနဲ့မတူဘူး။ မပြင်းထန်ဘူး။ ဒုတိယအချက်က ဆဲလ်ဖုန်း၊ တာဝါတိုင်တွေက လှိုင်းရှည်တော့ ဖောက်ထွင်းနိုင်ဖို့အားနည်းတယ်။ အိမ်မှာ တီဗွီတွေ၊ ရေဒီယိုတွေမှာလည်း ရေဒီယိုလှိုင်းထွက်တယ်။ စိတ်ချလက်ချသုံးနေကြတယ်။ ဘာမှဒုက္ခမပေးဘူး။ ရေဒီယိုလှိုင်းတွေ ထွက်တာကလည်း တာဝါတိုင်၊ ဟန်းဖုန်းတွေထွက်တာလည်း ဒီအတိုင်းပါပဲ။ နိုင်ငံတကာအနေနဲ့အားနည်းတယ်။ ဖောက်ထွင်းနိုင်ဖို့နည်းတယ်ဆိုပေမယ့် တန်ဆေးလွန်ဘေးအသုံးများခဲ့ရင် ကျန်းမာရေးမထိခိုက်ဘဲ ထုတ်လုပ်တဲ့သူတွေက ဝပ်တွေအများကြီးထုတ်ရင် ထိခိုက်နိုင်တယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီး GSM အဖွဲ့အစည်းကနေ စံချိန်စံညွှန်းတွေသတ်မှတ်ပြီး စက်ပစ္စည်းတွေက လူ့ကျန်းမာရေးအန္တရာယ်မထိခိုက်နိုင်အောင် ဘယ်အတိုင်းအတာထိထွက်ရမယ်၊ စွမ်းအင်ဘယ်လောက်ပဲသုံးရမယ် ကန့်သတ်ချက်တွေ၊ အဆင့်အတန်းတွေ လုပ်တယ်။ မိုဘိုင်းဖုန်းတွေ အသုံးများအောင် ဆောင်ရွက်လာတဲ့အခါမှာ ကျန်းမာရေးကအရေးကြီးဆုံး၊ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်က ကျန်းမာရေးမထိခိုက်အောင်လုပ်ရမယ်၊ နိုင်ငံတကာရဲ့စံချိန်စံညွှန်းကိုက်ညီတဲ့ စက်ပစ္စည်းသာ တင်သွင်းခွင့်ပေးတယ်။ စက်ပစ္စည်းတစ်ခုချင်းသွင်းတဲ့အခါ လိုင်စင်တင်ရတယ်၊ စစ်ဆေးတယ်။ ပြီးမှ သွင်းခွင့်ပေးတယ်။ အော်ပရေတာတွေ လိုင်စင်ပေးတဲ့အခါ တစ်ခါတည်း ပြောပြီးသားပါ။ ဖောက်ဖျက်ရင် အရေးယူခံရမယ်။ လျော်ကြေးပေးရမယ်။ နောက်ဆုံး လိုင်စင်ပိတ်သိမ်းတဲ့အထိ ဖြစ်နိုင်တယ်။ ပြည်သူတွေကို ကျန်းမာရေးနဲ့မထိခိုက်နိုင်အောင် သတ်မှတ်တဲ့အပိုင်းပါ။ တကယ်လိုက်နာလားဆိုပြီး စစ်ဆေးရတယ်။ စစ်ဆေးဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းပညာရှင်တွေက စက်ပစ္စည်းတွေနဲ့ ရန်ကုန်၊ မန္တလေးစစ်ဆေးတယ်။ စစ်ဆေးလို့ တွေ့ရှိတဲ့အချက်တွေကို ဒီအလုပ်ရုံဆွေးနွေးပွဲမှာတင်ပြပါမယ်။ ဝန်ကြီးဌာနက စစ်ဆေးဖို့ သင်တန်းတွေလည်းပေးပြီးပြီ။ စက်ပစ္စည်းတင်သွင်းခွင့်ပေးနေပါပြီ။ အော်ပရေတာတွေကတပ်ဆင်လိုက်တဲ့ပစ္စည်းတွေ စဉ်ဆက်မပြတ် ရန်ကုန်၊ မန္တလေးပြီးရင် အခြားမြို့တွေအားလုံးကို လိုက်စစ်သွားမှာပါ။ ရတဲ့အချက်ထုတ်ပြန်မယ်။ နိုင်ငံတကာသတ်မှတ်တဲ့စံချိန်စံနှုန်းနဲ့ မကိုက်ညီရင် အရေးယူဆောင်ရွက်သွားမှာပါ။ ရေဒီယိုလှိုင်းနှုန်းတွေသဘောသဘာဝကို အများပြည်သူနားလည်အောင်ရှင်းပြမယ်။ ရေဒီယိုလှိုင်းနှုန်းထုတ်လုပ်တဲ့စက်ပစ္စည်းတွေကို နိုင်ငံတကာမှာစံချိန်စံညွှန်းတွေရှိတယ်။ ကျန်းမာရေးမထိခိုက်အောင်ပြောပြမယ်။ နိုင်ငံအနေနဲ့ စံချိန်စံညွှန်းတွေနဲ့ကိုက်ညီတဲ့ စက်ပစ္စည်းပဲ တင်သွင်းခွင့်ပေးတယ်။ ဒါကို တကယ်ရော လိုက်နာလားဆိုပြီး စဉ်ဆက်မပြတ် စစ်ဆေးပြီးဆောင်ရွက်နေပါတယ်။

**ဒေါက်တာကြည်လွင်ဦး**
**(ဒုတိယညွှန်ကြားရေးမှူး-လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဦးစီးဌာန)**

ဒီအလုပ်ရုံဆွေးနွေးပွဲမှာ အဓိက အကြောင်းအရာက နှစ်ခုပါမယ်။ တစ်ခုကမိုဘိုင်းဖုန်း။ နောက်တစ်ခုက မိုဘိုင်းဖုန်းနဲ့ ပတ်သက်နေတဲ့ ရေဒီယိုအခြေစိုက်စခန်းနဲ့ပတ်သက်တယ်။ မိုဘိုင်းဖုန်းသုံးတဲ့အခါမှာ ထုတ်လွှင့်တဲ့ ရေဒီယိုလှိုင်းနှုန်းပြင်းအားပေါ်မူတည်ပြီး ထိခိုက်တယ်လို့ဆိုတယ်။ လှိုင်းနှုန်းအတက်အကျ နှစ်မျိုးရှိတယ်။ မိုဘိုင်းဖုန်းသုံးတာနဲ့ပတ်သက်ပြီး ကျန်းမာရေးအပိုင်းက ကမ္ဘာမှာကြာနေပြီ။ သိပ္ပံပညာရှင်တွေ စဉ်ဆက်မပြတ် လေ့လာမှုတွေလုပ်နေတယ်။ လေ့လာမှုအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်တယ်။ မိုဘိုင်းဖုန်းနဲ့ပတ်သက်ပြီး ထုတ်ပြန်တယ်။ ရေဒီယိုအခြေစိုက်စခန်းက ထုတ်လွှင့်တဲ့ ရေဒီယိုလှိုင်းနှုန်းအတွက် တစ်ခုထုတ်ပြန်တယ်။ မိုဘိုင်းဖုန်းရော၊ ရေဒီယိုအခြေစိုက်စခန်းရော ရေဒီယိုလှိုင်းနှုန်းလို့ပြောတဲ့ မြင့်မားတဲ့ လှိုင်းနှုန်းတွေကို ထုတ်လွှင့်တယ်။

ဒါတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဘယ်လောက်ထိခိုက်သလဲဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကင်ဆာဖြစ်နိုင်ခြေရှိသလား၊ အခြားကျန်းမာရေးပြဿနာတွေ ဘာတွေရှိနိုင်သလဲ။ ကျန်းမာရေးနဲ့ ဆက်နွှယ်ပြီး အခြားဘာတွေကို ထိခိုက်မှုရှိနိုင်မလဲဆိုတဲ့ ဖြစ်နိုင်ခြေအကြောင်းအရာသုံးခုကို ဆွဲထုတ်တယ်။ မြင့်မားတဲ့ရေဒီယိုလှိုင်းနှုန်းတွေရဲ့သဘောအရ နံရံတွေ၊ အရာဝတ္ထုတွေ၊ လူတွေရဲ့ခန္ဓာကိုယ်တွေကို ဖောက်ထွင်းသွားတယ်။ ခန္ဓာကိုယ်ထဲမှာ ဘာတွေဖြစ်လာသလဲ။ ဘာတွေထိခိုက်မှုရှိသလဲ။ ဒါတွေကို သိပ္ပံပညာရှင်တွေ အများကြီးလေ့လာကြတယ်။ အဲဒီအခါ ခန္ဓာကိုယ်အတွင်း အပူချိန်တက်တာတွေရှိပြီး တခြားထိခိုက်မှုမျိုးမရှိတာ တွေ့ရတယ်။ မိုဘိုင်းဖုန်းကြောင့် ကင်ဆာဖြစ်နိုင်ခြေရှိ၊ မရှိကိုတော့ ဆက်လေ့လာနေတယ်။

၂၀၁၆ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာနိုင်မယ်လို့သိရတယ်။ တချို့ဆေးရုံတွေမှာ မိုဘိုင်းဖုန်းတွေကို ပိတ်ခိုင်းတယ်။ မိုဘိုင်းဖုန်းကြောင့် တချို့ဆေးရုံသုံးစက်ပစ္စည်းတွေက ရေဒီယိုလှိုင်းတွေနဲ့ထိတွေ့ပြီး လူနာတွေပေါ်မှာ ထိခိုက်မှုရှိသွားနိုင်တယ်။ မိုဘိုင်းဖုန်းနဲ့ပတ်သက်ပြီး ထုတ်လုပ်တဲ့ကုမ္ပဏီတွေကလူတွေကို ထိခိုက်မှုနည်းစေတဲ့ ဟန်းဆက်တွေကို တိုးမြှင့်ထုတ်လုပ်သင့်တယ်။ မိုဘိုင်းဖုန်းကို များများသုံးရင် မျက်စိနဲ့ နားတွေမှာ ပြဿနာတွေရှိနိုင်ပါတယ်ဟု ရှင်းပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် နိုင်ငံတကာမှ ဆက်သွယ်ရေးနှင့် နည်းပညာနှင့်ပတ်သက်သည့် ပညာရှင်များ၊ ဖိတ်ကြားထားသူများက ဆက်သွယ်ရေး ရေဒီယိုလှိုင်းနည်းပညာများအကြောင်းကို တက်ရောက်ဆွေးနွေးကြသည်။

## စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းခန့် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**

မေယုမြစ်အတွင်း ကုန်တင်စက်လှေတစ်စင်းကို တပ်မတော်(ရေ) လှည့်ကင်းတိုက်ရေယာဉ်က သတင်းအရ ရပ်တန့်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းခန့်အား ရေယာဉ်ပေါ်ပါ လေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ဘူးသီးတောင်မြို့နယ် မေယုမြစ်အတွင်း ပေါက်တောမြို့မှ ဘူးသီးတောင်မြို့သို့သွားမည့် ထွန်းလင်းအောင်အမည်ရှိ ကုန်တင်စက်လှေအား တပ်မတော်(ရေ) လှည့်ကင်းတိုက်ရေယာဉ်က သတင်းအရ ရပ်တန့်ရှာဖွေရာ စက်လှေပေါ် တင်ဆောင်လာသည့် ဆန်အိတ်များအတွင်း ထည့်သွင်းယူဆောင်လာသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းခန့် (ခန့်မှန်းတန်ဖိုးကျပ်သိန်း ၂၀၀၀ ခန့်)နှင့်အတူ ရေယာဉ်ပေါ်လိုက်ပါလာသည့် ကျော်ခိုင် (၆၂)နှစ် (စက်လှေမောင်း) ဦးစိုးတင်ရပ်ကွက် မင်းပြားမြို့၊ လှမောင်ဦး (၄၂)နှစ် (စက်လှေလုပ်သား) ငွေတွင်းဒွေကျေးရွာ ပေါက်တောမြို့နယ်၊ ဦးထွန်းအေး (၃၃)နှစ် (စက်လှေလုပ်သား) ဝေက်စွေကျေးရွာ ပေါက်တောမြို့နယ်နှင့် ဦးလှထွန်း(၂၈)နှစ် (စက်လှေလုပ်သား) ငွေတွင်းဒွေကျေးရွာ ပေါက်တောမြို့နယ်တို့အား ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူများအား ညောင်ချောင်းရဲစခန်းသို့ လွှဲပြောင်းအမှုဖွင့်ထားပြီး ကွင်းဆက်သံသယရှိသူ ကျော်ဆန်းနိုင် ငွေတင့်တယ်ရွာ ပေါက်တောမြို့နယ်နေသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မလေးရှားနိုင်ငံ၌ ဖမ်းဆီးခံ မြန်မာလုပ်သား ၁၀၀ ကျော်အား စစ်ရေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်မည်

**နေပြည်တော် မတ် ၁၉**

Langkawi International Maritime Aerospace Exhibition(LIMA-2015) အစည်းအဝေးကို မလေးရှားနိုင်ငံ Langkawi တွင် မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်မာ့တပ်မတော်(ရေ)မှ Frigate အမျိုးအစား စစ်ရေယာဉ် မဟာသီဟသူရ (F-23)သည် အဆိုပါ အစီအစဉ်တွင် ပူးပေါင်းပါဝင်လျက်ရှိသည်။

မြန်မာ့တပ်မတော်(ရေ)မှ မဟာသီဟသူရ (F-23) ရေယာဉ်အပြန်ခရီးတွင် မလေးရှားနိုင်ငံရောက် ဖမ်းဆီးခံမြန်မာလုပ်သား ၁၀၀ ကျော်ကို ပြန်လည်ခေါ်ဆောင်လာမည်ဖြစ်သည်။

မြန်မာအလုပ်သမားများ တင်ဆောင်လာမည့် မြန်မာ့တပ်မတော်စစ်ရေယာဉ် မဟာသီဟသူရသင်္ဘောသည် မတ် ၂၇ ရက်တွင် မြန်မာ့ရေပြင်သို့ စတင်ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

**(သန်းဦး-လေးမျက်နှာ)**

## မန္တလေးဆိပ်ကမ်းနယ်မြေ Mobile Team အဖွဲ့ ဝါးဖောင်များအောက်တွင် တရားမဝင်သစ်လုံးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး Mobile Team ဆိပ်ကမ်းနယ်မြေမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွန်း ဦးစီးသည့်အဖွဲ့သည် ဧရာဝတီမြစ်တစ်လျှောက် မသင်္ကာဖွယ်ရာရေယာဉ်များကို စစ်ဆေးနေစဉ် မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ဧရာဝတီမြစ်လယ်မှ စက်လှေတစ်စင်းသည် ဝါးဖောင်တစ်ခုကို ဆွဲလျက် မြောက်မှတောင်သို့ ဖြတ်သန်းသွားသည်ကို တွေ့ရှိရသဖြင့် လိုက်လံစစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးခဲ့ရာ ဝါးဖောင်များအောက်တွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ် ၁၀ လုံး (သုည ဒသမ ၇၂၀ တန်)၊ ထောက်ကြံ့သစ် ၁၈ လုံး (၆ ဒသမ ၄၄၆ တန်)၊ သရက်သစ် ရှစ်လုံး (၂ ဒသမ ၅၈၈တန်)၊ ပန်းတမာသစ် ၁၅ လုံး (၅ ဒသမ ၇၄၀ တန်)စုစုပေါင်း သစ် ၅၁ လုံး (၁၅ ဒသမ ၄၉၄တန်) တို့ကို သိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိသော သစ်များကို Mobile Team အဖွဲ့မှ ပုသိမ်ကြီးမြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံခဲ့သည်။ ဝါးဖောင်များအောက်တွင် သစ်များသိုဝှက်သယ်ယူလာသော စံမင်းမင်းအမည်ရှိ ရေယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံ၍ ရေယာဉ်ဝန်ထမ်းများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးဆိပ်ကမ်းနယ်မြေ Mobile Team အဖွဲ့သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီအတွင်း ကျွန်းသစ်နှင့် သစ်မာများ တန်ချိန် ၉၅ ဒသမ ၀၃၃၈ တန်ကို ဖော်ထုတ်တားဆီးခဲ့ပြီး ဖမ်းဆီးရမိသည့် သစ်၊ သစ်တင်ရေယာဉ်နှင့် ပါရှိပစ္စည်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အကောက်ခွန်ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## စီးရီးအေရင်ခုန်သံ – ၂၈

ရှိုင်း မင်း မင်း

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် (၂၈) ကို လာမယ့် မတ် ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ဂျူဗင်တပ်၊နာပိုလီ၊ လာဇီယို တို့လို အသင်းကြီးတွေအနေနဲ့ အိမ်ကွင်းပွဲစဉ်တွေ ကစားကြရမှာဖြစ်နေတာကြောင့် အဆိုပါအသင်းတွေအနေနဲ့ နိုင်ပွဲရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။**

**ချီယေဗို-ပါလာမို — ည ၁၁း၃၀ (၂၁-၃-၁၅)**

ပါလာမိုက ဂျူဗင်တပ်ကိုရှုံးခဲ့ရပေမယ့် ကစားပုံကောင်းမွန်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ပါလာမိုဟာ ပထမအဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံ အားနည်းတတ်တာကို သတိပြုရမှာပါ။ ချီယေဗိုက အိမ်ကွင်းကစားပုံ မဆိုးတဲ့အပြင် တန်းမဆင်းရဖို့ အမှတ်လည်းလိုနေတာကြောင့် အားစိုက်လာဖို့ရှိပါတယ်။ ပါလာမိုသရေထက်မပိုနိုင်ပါဘူး။

**အေစီမီလန် - ကယ်ဂလီယာရီ — နံနက် ၂း၁၅ (၂၂-၃-၁၅)**

အေစီမီလန်ဟာ အမှတ်ဆုံးရှုံးရမှုတွေများခဲ့တာကြောင့် အခုနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့် အားနည်းချက်တွေရှိနေပါသေးတယ်။ ဒီပွဲလည်းအိမ်ကွင်းဖြစ်ပေမယ့် တန်းမဆင်းရဖို့ခံကစားလာမယ့် ကယ်ဂလီယာရီကို လွယ်လွယ်နဲ့အသာမရနိုင်ဘူး။ အေစီမီလန်နိုင်ရင်တောင် ပြတ်သားဖို့ခက်မယ်။

**အမ်ပိုလီ - ဆာစူအိုလို — ည ၆း၀၀ (၂၂-၃-၁၅)**

အမ်ပိုလီကနိုင်ပွဲနည်းပေမယ့် နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ရှုံးပွဲမရှိခဲ့တာကိုကြည့်ရင် အမှတ်ရအောင်ကစားနိုင်တာမြင်သာတယ်။ ဆာစူအိုလိုက အခုနောက်ပိုင်းမှာ ခြေစွမ်းတည်ငြိမ်မှုအားနည်းလာပြီး အဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံပိုမိုကျဆင်းတတ်တာကို သတိပြုရမယ်။ အမ်ပိုလီ ကပ်နိုင်သွားမှာပါ။

**ဂျူဗင်တပ် - ဂျီနိုအာ — ည ၈း၃၀(၂၂-၃-၁၅)**

ဂျူဗင်တပ်က လတ်တလောမှာ ခြေစွမ်းပိုင်းအရတည်ငြိမ်မှုရှိနေတယ်ဆိုပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဒေါ့မွန်နဲ့ကစားခဲ့ရလို့အားထုတ်ဖို့ ခက်မယ်။ ဒါ့အပြင် ဂျီနိုအာကလည်း ဥရောပဝင်ခွင့်မျှော်မှန်းနိုင်သေးတာကြောင့် အားစိုက်ကစားမှာပါ။ ဂျူဗင်တပ် မထင်မှတ်ဘဲ အခက်တွေ့နိုင်ပြီး နိုင်ရင်တောင် မပြတ်သားဘူး။

**နာပိုလီ- အတ္တလန်တာ — နံနက် ၂း၁၅ (၂၃-၃-၁၅)**

နာပိုလီက အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းမတည်ငြိမ်တာ တွေ့ရတယ်။ ဒါပေမယ့် ဒီပွဲမတိုင်ခင်မှာ ကစားခဲ့ရမယ့် ယူရိုပါလိဂ် ဒုတိယအကျော့ဟာ ပထမအကျော့ဂိုးပြတ်အနိုင်ရမှုကြောင့် နာပိုလီတို့ အခုပွဲကို အားစိုက်လာဖို့သာရှိတယ်။ အတ္တလန်တာခြေကလည်း သာမန်သာရှိလို့ အိမ်ကွင်းမှာ နာပိုလီတို့ နိုင်ပွဲရမှာပါ။

**အူဒီးနီးစ် - ဖီအိုရင်တီးနား — နံနက် ၂း၁၅(၂၃-၃-၁၅)**

ဖီဟိုရင်တီးနားဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားခဲ့ရလို့ ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်နေပြီး ပွဲပန်းနေမှာပါ။ အူဒီးနီးစ်က ကစားပုံသာမန်သာရှိတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ ခံကစားသွားမှာဖြစ်သလို အိမ်ကွင်းမှာဆိုရင် ကစားပုံလည်းပိုမိုကောင်းမွန်ပါတယ်။ မထင်မှတ်ဘဲ သရေကျသွားမယ့်ပွဲပါ။

**လာဇီယို - ဗီရိုနာ — နံနက် ၂း၁၅(၂၃-၃-၁၅)**

လာဇီယိုဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အားစိုက်ကစားနေသလို လက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဒါ့အပြင် လာဇီယိုဟာ အိမ်ကွင်းပွဲစဉ်တွေမှာလည်း ကစားပုံပိုကောင်းတတ်တာကြောင့် ခြေစွမ်းသာမန်သာရှိတဲ့ ဗီရိုနာကို ထိန်းချုပ်ဖိအားပေးသွားနိုင်ဖို့ မခက်ပါဘူး။ လာဇီယိုပဲ အိမ်ကွင်းမှာနိုင်ပွဲရမှာပါ။

**ဆမ်ဒိုးရီးယား - အင်တာမီလန် — နံနက် ၂း၁၅(၂၃-၃-၁၅)**

အင်တာမီလန်က ယူရိုပါလိဂ်ပထမအကျော့မှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် ဒုတိယအကျော့မှာ အားစိုက်ကစားခဲ့မှာဖြစ်သလို ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဆမ်ဒိုးရီးယားက ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းမှာဆိုရင်လည်း ကစားပုံပိုကောင်းကာ ဥရောပဝင်ခွင့်အတွက်လည်း အားစိုက်မှာပါ။ ဆမ်ဒိုးရီးယား ကပ်နိုင်သွားဖို့ရှိတယ်။

**ဆီစီနာ - ရိုးမား — နံနက် ၂း၁၅(၂၃-၃-၁၅)**

ရိုးမားဟာ ဒီပွဲမတိုင်ခင်မှာ ဖီအိုရင်တီးနားနဲ့ ယူရိုပါလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါ့အပြင် ရိုးမားရဲ့လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံကလည်း တည်ငြိမ်မှုမရှိပါဘူး။ ဆီစီနာက တန်းမဆင်းရဖို့အတွက် အိမ်ကွင်းအားနဲ့ခံကစားလာမှာဖြစ်တာကြောင့် ရိုးမားတို့အခက်တွေ့နိုင်ပြီး နိုင်ရင်တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

**ပါးမား - တိုရီနို — နံနက် ၂း၁၅(၂၃-၃-၁၅)**

ပါးမားက နောက်ထပ်နှစ်မှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခံရမှုကြောင့် ရမှတ်ကိုးမှတ်သာရှိတော့ပြီး တန်းဆင်းရဖို့သေချာသလောက်နီးပါးဖြစ်နေပါတယ်။ ငွေကြေး အခက်အခဲကြောင့် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကလည်း လျော့နည်းနေလို့ တိုရီနိုကို ယှဉ်နိုင်ဖို့ခက်မှာပါ။ တိုရီနိုကပဲ အဝေးကွင်းမှာ နိုင်ပွဲရယူသွားဖို့ရှိပါတယ်။

## မြန်မာယူ-၂၀ အသင်း ခြေစမ်းပွဲတွင် ဂိုးပြတ်နိုင်

သတင်းနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်



**ရန်ကုန် မတ် ၁၉**

နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၀ အသင်းနှင့်မလေးရှားယူ-၂၂ အသင်းတို့သည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာယူ-၂၀အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

**မြန်မာယူ-၂၀ အသင်း - သုံးဂိုး**
(သန်းပိုင်၊ ကျော်မင်းဦးနှင့် အောင်သူ -တစ်ဂိုးစီ)

**မလေးရှားယူ-၂၂ အသင်း - ဂိုးမရှိ**

ပရိသတ်၏ အားပေးမှုကို ရရှိထားသည့်မြန်မာယူ-၂၀ အသင်းမှာ ယခုပွဲတွင်လည်း ပရိသတ်အကြိုက်ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲ ထပ်မံရယူနိုင်ခဲ့သည်။ မြန်မာယူ-၂၀ အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အားလျော်စွာ မလေးရှားယူ-၂၂ အသင်းထက် ကစားပုံရောခြေစွမ်းပိုင်းပါ ပိုကောင်းပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းမှာ ၃-၅-၂ ကစားကွက်ဖြင့်ပင် ဆက်လက်ပွဲထွက်ခဲ့ပြီး သန်းပိုင်၊ အောင်သူ၊ နန္ဒကျော်၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်တို့ဖြင့် အမာခံကစားသမားအစုံအလင်ပါဝင်ခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သလို မလေးရှားအသင်း တိုက်စစ်ပုံမဖော်နိုင်အောင် ဖြတ်တောက်နိုင်ခဲ့၍ မလေးရှားအသင်း အခွင့်အရေးသိပ်မရခဲ့ဘဲ တိုင်ထိထွက်ခဲ့သည့် တစ်ကြိမ်သာ ဖိအားပေးနိုင်ခဲ့သည်။ ၁၄ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးစရခဲ့ပြီး သန်းပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင်လည်း မြန်မာအသင်းကသာ အကောင်းဆုံးပုံစံဖြင့် ဆက်လက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ၄၂မိနစ်တွင် အောင်သူ၏ဖန်တီးပေးမှုမှတစ်ဆင့် ကျော်မင်းဦးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ပွဲမှာတစ်ဖက်သတ်နီးပါးဖြစ်သွားခဲ့ပြီး မြန်မာ ယူ-၂၀ အသင်းက စိတ်ကြိုက်ကစားသွားခဲ့သည်။ ၄၉ မိနစ်တွင် မြန်မာယူ-၂၀ အသင်း တတိယအနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး အောင်သူက သွင်းယူခဲ့ခြင်း ဖြစ်သည်။ သုံးဂိုးပြတ် အနိုင်ရပြီး နောက်ပိုင်းတွင် မြန်မာယူ-၂၀ အသင်းမှာ ကစားသမား ခြောက်ဦးအထိ လဲလှယ်ကာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်၍ သုံးဂိုးပြတ်ဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မလေးရှားယူ -၂၂ အသင်းမှာ ခြေစမ်းပွဲ ဒုတိယပွဲအဖြစ် မတ် ၂၂ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် ထပ်မံကစားမည်ဖြစ်သည်။

□□

## ၂၀၁၅ ခုနှစ် နွေရာသီရွက်လှေသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၉**

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီရွက်လှေသင်တန်းဆင်းပွဲကို မတ် ၁၄ ရက်က ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်း၌ကျင်းပရာ သင်တန်းကို မတ် ၅ ရက်မှ ၁၄ ရက်အထိ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် အမက(၃)ဗဟန်းတို့မှ ကိုးဦးစီ၊ အမက(၁)ဗဟန်းနှင့် အထက(၂)ကမာရွတ်တို့မှ ခုနစ်ဦးစီ၊ အထက(၁)ဒဂုံ၊ အထက(၂)စမ်းချောင်း၊ အထက(၂)ဗဟန်းတို့မှ တစ်ဦးစီနှင့် ပြင်ပကျောင်းမှ လေးဦး စုစုပေါင်း သင်တန်းသား ၃၉ ဦးတို့အား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ လက်တွေ့နှင့် ရေပြင်ရွက်လွှင့်ခြင်းအခြေခံများကို သင်ကြားပေးခဲ့ပြီး မတ် ၁၄ ရက် ညနေ ၅ နာရီက အဆိုပါ အင်းလျားကန်၌ သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

သင်တန်းတွင် ထူးချွန်ပြီး ရွက်လှေအားကစားကို စိတ်ပါဝင်စားစွာဖြင့် ဆက်လက်ကစားလိုသူများအား အဖွဲ့ချုပ်မှ ဆက်လက်သင်ကြားပေးမည့်အပြင် ရွက်လှေအသင်းသို့ ဝင်ရောက်လိုပါက အသင်းဝင်ကြေး ၅၀ ရာခိုင်နှုန်းလျော့ဖြင့် ဝင်ရောက်နိုင်ပြီး သင်တန်းတွင် ထူးချွန်အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့သည် နွေရာသီငွေဆောင်ပင်လယ်ပြင်လေ့ကျင့်ရေး အစီအစဉ်သို့ လိုက်ပါခွင့်ရရှိမည်ဖြစ်သည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

## ဟယ်ရီကိန်းအား အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ်ရွေးချယ်



အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆန်က စပါးတိုက်စစ်မှူးဟယ်ရီကိန်းအား လစ်သူယေးနီးယားနှင့် ၂၀၁၆ခုနှစ်ဥရောပဖလားခြေစစ်ပွဲ၊ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အီတလီနှင့် ကစားမည့်ပွဲများတွင် အင်္ဂလန်လက်ရွေးစင်အသင်း၌ ပထမဦးဆုံးအကြိမ်ရွေးချယ်ထားသည်။ ထို့ပြင် ဘရာဟီနို၊ ချာလီအောက်စတင်၊ စတားရစ်ချ်အပြင် ဝိန်းရွန်းနီနှင့် ဝဲလ်ဘတ်တို့ကိုလည်း ရွေးချယ်ထားရာ မည်သူကိုဦးစားပေးတိုက်စစ်မှူးအဖြစ် အသုံးပြုမည်ဆိုသည်မှာ ဟော့ဆန်အတွက် ခေါင်းခဲစရာပင်ဖြစ်သည်။ သို့သော် ကွင်းလယ်အတွက် အသက်(၂၃)နှစ်သာရှိသေးသော မာဆန်၊ စတီးဝပ်ဒေါင်းနင်း၊ မိုက်ကယ်ကားရစ်ချ်အပြင် ဟန်ဒါဆင်တို့ကိုရွေးချယ်ထားရာ တိုက်စစ်မှူးသုံးဦးကိုအသုံးပြုသော (၄-၃-၃)ကစားကွက်ကို အသုံးပြုသွားဖွယ်ရှိသည်ဟု ခန့်မှန်းဖော်ပြကြသည်။

ဟော့ဆန်အနေဖြင့် တူရင်တွင် အီတလီနှင့်ယှဉ်ပြိုင်ရမည့်ပွဲတွင်အသုံးပြုနေကျ ဝါရင့်ပွဲထွက်ကစားသမားများကိုအသုံးပြုဖွယ်ရှိကာ လစ်သူယေးနီးယားနှင့်ပွဲစဉ်တွင်မူ အတွေ့အကြုံရင့်ကျက်သောကစားသမားများနှင့်ရွေးချယ်ထားသောကစားသမားသစ်များကို စမ်းသပ်အသုံးပြုသွားရန်ရှိနေသည်။ ဒဏ်ရာရကစားသမားများဖြစ်သော ဂျက်ဝီရှိုင်းယား၊ ချိန်ဘာလိန်၊ အန်ဒီကာရိုးနှင့် ဘင်ဖော်စတာတို့မှာ အဆိုပါပွဲစဉ်နှစ်ပွဲကို လွဲချော်မည်ဖြစ်သည်။ ထို့ကြောင့် ဂိုးသမား ဘင်ဖော်စတာအစား ရောဘတ်ဂရင်းကို ရွေးချယ်ထားသည်။

ဟော့ဆန်သည် လွန်ခဲ့သည့်လကပင် ဟယ်ရီကိန်းအနေဖြင့်လက်ရွေးစင်အသင်းတွင် ကစားရန်ထိုက်တန်သော ခြေစွမ်းမျိုးရှိနေပြီဖြစ်သော်လည်း ဝိန်းရွန်နီနှင့်စတာရစ်ချ်တို့ကိုကျော်လွန်ကာ ဦးစားပေးပွဲထွက်ကစားခွင့်ရရန်မှာ မဖြစ်နိုင်သေးဘဲ ၎င်းကစားသမားမှာ အထောင်တိုက်စစ်မှူးစစ်စစ်အနေဖြင့်သာ အသုံးပြုသွားရန် ပိုမိုအဆင်ပြေမည်ဟုဆိုခဲ့သည်။ **[မေလှဲ့သင်း]**

## မန်ယူကလီဗာပူးကိုအနိုင်ရမည်ဟု အက်ရှ်လေယန်းပြောကြား

### ဘေးလ်ကိုခေါ်ယူနိုင်ရန် ဒီဂီယာကို မန်ယူရောင်းချသွားဖွယ်ရှိ



မန်ယူကြယ်ပွင့်အက်ရှ်လေယန်းက မန်ယူအနေဖြင့် အန်းဖီးကွင်းသို့ အနိုင်သုံးမှတ်အတွက်သာ သွားရောက်ခြင်းဖြစ်ပြီး လီဗာပူးအနေဖြင့် အမှတ်ပေးဇယားထိပ်ဆုံးလေးနေရာသို့ ရောက်ရှိရန်မှာမဖြစ်နိုင်သေးဟု သတိပေးပြောကြားခဲ့သည်။ လီဗာပူးအသင်းသည် ဖေဖော်ဝါရီလမှစတင်၍ နိုင်ပွဲများဆက်နေကာ နောက်ဆုံးကစားခဲ့သည့် ကိုးပွဲတွင် ရှစ်ပွဲအထိအနိုင်ရရှိထားခဲ့ပြီး အဆိုပါနိုင်ပွဲများတွင် ပရီမီယာလိဂ်အင်အားကြီးပြိုင်ဘက်များဖြစ်သော မန်စီးတီး၊ စပါးနှင့် ဆောက်သမ်တန်အသင်းတို့ပါဝင်သည်။ သို့သော် မန်ယူအနေဖြင့် ယခုအချိန်ထိ ချန်ပီယံလိဂ် ဝင်ခွင့်နေရာကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်ကာ ပဉ္စမနေရာရှိလီဗာပူးနှင့် နှစ်မှတ်သာ ကွာဟသည့်အခြေအနေအတွက် အရှုံးခံ၍မရသည့် အနေအထားမျိုးသို့ ရောက်ရှိနေသည်။

ယန်းက "ကျွန်တော်တို့ သူတို့ဆီကိုအနိုင်သုံးမှတ်အတွက်သွားမှာပါ။ သရေရလဒ်အတွက် သွားမှာမဟုတ်ပါဘူး။ လီဗာပူးခြေစွမ်းကောင်းနေပေမယ့်လည်း စပါးနဲ့ပွဲက ကျွန်တော်တို့ခြေစွမ်းကလည်း တကယ့်ထိပ်တန်းပါပဲ။ အနိုင်သုံးမှတ်အတွက် ဘယ်လိုပဲခက်ခဲပါစေ ပေးဆပ်ဖို့အသင့်ပါပဲ" ဟုဆိုသည်။

မန်ယူအသင်းသည် စွဲမက်ဖွယ်လုံးဝမကောင်းသော ကစားပုံမျိုးဖြင့် ယှဉ်ပြိုင်နေသည်ဟု ဝေဖန်ခံနေရသော်လည်း ပြီးခဲ့သောရက်သတ္တပတ်က ခြေစွမ်းကောင်းမွန်နေသောစပါးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ စတုတ္ထနေရာကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်သည်။ လီဗာပူးနည်းပြဘရန်ဒန်ရော်ဂျာက မန်ယူနှင့်အာဆင်နယ်နှစ်သင်းလုံးနှင့် ဆက်တိုက်တွေ့ဆုံရမည်ဖြစ်သော်လည်း နှစ်သင်းလုံးကို အနိုင်ကစားပြီး ဒုတိယနေရာအထိ တက်လှမ်းနိုင်ရန် ယုံကြည်နေသည်။

မန်ယူသည်လက်ရှိရင်ဆိုင်နေရသော တိုက်စစ်ပြဿနာအတွက် ရီးယဲလ်မက်ဒရစ်တောင်ပံတိုက်စစ်မှူးဂါရတ်ဘေးလ်ကို ပေါင်၈၅သန်းအထိ ပေးချေကာခေါ်ယူနိုင်ရန်အတွက် အားထားရသည့် ဂိုးသမားဒေးဗစ်ဒီဂီယာကို ပြန်လည်ရောင်းချသွားရန်စီစဉ်နေသည်။ ထို့ပြင် ကွင်းလယ်ပိုင်းအတွက် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာကိုလည်း ပေါင်၅၅သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသည်။ **[မေလှဲ့သင်း]**

# တူနီးရှားအကြမ်းဖက်မှုနှင့်ပတ်သက်၍ သံသယရှိသူကိုးဦး ဖမ်းဆီးထား

**တူနစ် မတ် ၁၉**

တူနီးရှားနိုင်ငံ 'ဘာဒို' အမျိုးသားပြတိုက်တွင် နိုင်ငံခြားသားဧည့်သည်များအား သေနတ်ဖြင့် ပစ်ခတ်မှုနှင့်ပတ်သက်ပြီး လူကိုးဦးအား အာဏာပိုင်များက ဖမ်းဆီးလိုက်ပြီဖြစ်သည်။



ပစ်ခတ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများကို တွေ့ရစဉ်။

အကြမ်းဖက်မှုတွင် အနည်းဆုံးလူ ၂၁ ဦး သေဆုံးသွားခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် ကုန်သွယ်ရေးသမဂ္ဂနှင့် အခြားလူမှုအဖွဲ့အစည်းများက အခင်းဖြစ်ပွားခဲ့သော ပြတိုက်အပြင်ဘက်တွင် အသံတိတ်ဆန္ဒထုတ်ဖော်ရန် စီစဉ်ခဲ့သည်။

အကြမ်းဖက်ပစ်ခတ်မှုနှင့်ပတ်သက်ပြီး သံသယရှိသူများကို ဖမ်းဆီးထားကြောင်း သမ္မတရုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်နက်ကိုင်အကြမ်းဖက်သမားများနှင့် အပြန်အလှန် ပစ်ခတ်စဉ် တူနီးရှားရဲသားတစ်ဦး သေဆုံးသွားခဲ့သည်။ အကြမ်းဖက်သမား ငါးဦးအနက် နှစ်ဦးသည် သေနတ်ထိမှန်သေဆုံးသွားပြီး ကျန်သုံးဦးအား လိုက်လံရှာဖွေလျက်ရှိသည်။

အကြမ်းဖက်သမားများသည် မည်သည့်အဖွဲ့အစည်းနှင့် ဆက်စပ်မှုရှိသည်ကိုမူ ယခုတိုင်မသိရသေးပေ။

နိုင်ငံခြားသား ၂၀ အပါအဝင် တူနီးရှားနိုင်ငံသားများလည်း သေဆုံးခဲ့သည်။ သေဆုံးသွားသည့် နိုင်ငံခြားသားများမှာ ဂျပန်၊ စပိန်၊ ကိုလံဘီယာ၊ ဩစတြေးလျ၊ ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ပိုလန်နှင့် အီတလီနိုင်ငံတို့မှ ဖြစ်သည်။

အဆိုပါ ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်အချိန်ကစပြီး သင်္ဘောများထွက်ခွာမှုကို ခေတ္တပိတ်ပင်ထားသည်။

'ဘာဒို' အမျိုးသားပြတိုက်ကို လာမည့်ရက်သတ္တပတ်အစောပိုင်းတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း တူနီးရှားအစိုးရကဆိုသည်။ **အေအက်ဖ်ပီ။**



# ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လပ် တာဝန်ပျက်ကွက်မှုဖြင့် တရားရင်ဆိုင်ရမည်

**ဗန်ကောက် မတ် ၁၉**

ထိုင်းနိုင်ငံတွင် ကာလကြာရှည်အငြင်းပွားမှုဖြစ်နေသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာ၏ ဆန်စပါးဝယ်ယူမှုစီမံကိန်းအပေါ် တာဝန်ပျက်ကွက်မှုစွပ်စွဲချက်ဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက အမိန့်ချမှတ်လိုက်သည်။

အစိုးရရှေ့နေများက မစ္စယင်လပ်၏ တာဝန်ပျက်ကွက်မှုများကို စုံစမ်းစစ်ဆေးပြီးနောက် အမှုကိုလက်ခံကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း မတ် ၁၉ ရက်တွင် ဗဟိုတရားရုံးက ထုတ်ပြန်ကြေညာသည်။

မစ္စယင်လပ်၏ အမှုကို မေ ၁၉ ရက်တွင် ကြားနာစစ်ဆေးသွားရန် စီစဉ်ထားပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၁၀ နှစ်အထိကျခံရနိုင်သည်။ ယင်လပ်သည် ယခုကဲ့သို့ စီမံကိန်းများအပေါ် အမှုရင်ဆိုင်ရမှုမှာ ပထမဆုံးအကြိမ်မဟုတ်ပေ။ ကျေးလက်လယ်သမားများအပေါ် ဈေးကွက်ပေါက်ဈေးထက် ဈေးနှုန်းနှစ်ဆတိုးမြှင့်ပေးမှုဖြင့် ထိုင်းအစိုးရ ဘတ်ငွေဘီလီယံများစွာ ကုန်ကျခဲ့ရသည်။

ယင်လပ်သည် ဇန်နဝါရီလအတွင်းကလည်း စစ်ဘက်က ကျောထောက်နောက်ခံပြုထားသည့် ထိုင်းအမျိုးသားလွှတ်တော်က တရားစွဲမှုကြောင့် နိုင်ငံရေးလုပ်ခွင့် ငါးနှစ်ပိတ်ပင်ခံခဲ့ရသည်။ **ချန်နယ်နယူးအေးရှား။**

# လာအိုအပန်းဖြေစခန်း ရှားပါးတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ရာ အချက်အချာဒေသဖြစ်လာ

**ဗန်ကောက် မတ် ၁၉**

တရုတ်ဧည့်သည်များကို ပစ်မှတ်ထားသော လာအိုနိုင်ငံ အနောက်မြောက်ပိုင်းမှ အပန်းဖြေစခန်းသည် ကျားအသားမှသည် ဝက်ဝံခြေသည်းအထိ အမျိုးမျိုးသောတောရိုင်းတိရစ္ဆာန်များအား တရားမဝင် ရောင်းဝယ်ရေးအတွက် ဥပဒေမဲ့သော အရပ်ဒေသဖြစ်လာပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုတစ်စုက ယနေ့ထုတ်ဖော်ပြောကြားလိုက်သည်။

လာအိုနိုင်ငံ ဘိုကီယိုပြည်နယ်အတွင်း လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံတို့၏ နယ်စပ်အကြားရှိ ရွှေတြိဂံ အထူးစီးပွားရေးဇုန်တွင် မျိုးသုဉ်းလုနီးပါးဖြစ်သော ရှားပါးတိရစ္ဆာန်များ၏ အင်္ဂါအစိတ်အပိုင်းများကို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သဘာဝပတ်ဝန်းကျင် စစ်ဆေးရေး အေဂျင်စီ (အီးအိုင်အေ)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစိုးရ အဖွဲ့အစည်းမဟုတ်သော သဘာဝဇီယက်နမ်အတွက် ပညာရေးအုပ်စုနှင့်အတူ လန်ဒန်အခြေစိုက်အုပ်စုက စားသောက်ဆိုင်များသည် ၎င်းတို့၏ ဟင်းလျာစာရင်း၌ ကျားသားစွပ်ပြုတ်၊ ဝက်ဝံခြေသည်းနှင့် သင်းခွေချပ်များမှာယူစားသုံးနိုင်ကြောင်း ဖော်ပြထားသည်ဟု အထောက်အထား စာရွက်စာတမ်းများနှင့်တကွ တင်ပြထားသည်။

သဘာဝပတ်ဝန်းကျင်အုပ်စုများအဆိုအရ လာအိုနိုင်ငံသည် နိုင်ငံခြားခရီးသည်များ အထူးသဖြင့် တရုတ်နိုင်ငံမှ ခရီးသည်များကို ရှားပါးတိရစ္ဆာန်များ ရောင်းဝယ်ရာ အချက်အချာ နေရာဖြစ်လာနေပြီဖြစ်သည်။

ရှားပါးတိရစ္ဆာန်များ၏ အသားများသည် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ကာမအားကောင်းစေသော သို့မဟုတ် အလားတူ ဆေးဖက်ဝင်သောသတ္တိများ ပါဝင်သည်ဟု တရုတ်လူမျိုးအများစုက ယုံကြည်ကြသည်။

အီးအိုင်အေ၏ အစီရင်ခံစာတွင် အထူးစီးပွားရေးဇုန်၌ တရားမဝင် ရှားပါးတိရစ္ဆာန်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ အသားများ ရောင်းဝယ်ခြင်းကို ဖြိုခွင်းရန်နှင့် ဖမ်းဆီးရန်အတွက် အထူးတပ်ဖွဲ့တစ်ဖွဲ့ ချက်ချင်းဖွဲ့စည်းရန် လာအိုနိုင်ငံအား တောင်းဆိုထားသည်။

**အေအက်ဖ်ပီ။**

# လီကွမ်ယူ၏ကျန်းမာရေး ဆိုးရွားလျက်ရှိနေဆဲဖြစ်

**စင်ကာပူ မတ် ၁၉**

စင်ကာပူအထွေထွေရောဂါကုဆေးရုံ အရေးပေါ်ကုသရေးဌာနတွင် ဆေးကုသမှုခံယူလျက်ရှိသော စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် လီကွမ်ယူ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားလျက်ရှိနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက မတ် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် မစ္စတာလီ၏ အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ကြေညာခဲ့ပြီး မတ် ၁၉ ရက်ထိ အရေးပေါ်ကုသရေးဌာနတွင် အသည်းအသန် နာမကျန်းဖြစ်နေဆဲဖြစ်သည်။ မစ္စတာလီသည် အဆုပ်ရောင်ရောဂါဝေဒနာခံစားနေရသောကြောင့် ဖေဖော်ဝါရီ ၅ ရက်ကတည်းက ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရသည်။ **ချန်နယ်နယူးအေးရှား။**



# နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းမှ မြို့တစ်မြို့အား အစိုးရတပ်များ ပြန်လည်သိမ်းပိုက်

**အဘူဂျာ မတ် ၁၉**

ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့ လက်အောက်တွင် ကျရောက်နေသော နိုင်ဂျီးရီးယား နိုင်ငံအရှေ့မြောက်ပိုင်းမှ ဘာမမြို့အား ပြန်လည်သိမ်းယူခဲ့ကြောင်း အစိုးရစစ်ဘက်က မတ် ၁၇ ရက်တွင် ပြောကြားသည်။

ဘော်နိုပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ယင်းမြို့၌ နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များ၏ ပိုက်စိပ်တိုက်ရှာဖွေတိုက်ခိုက်မှုကြောင့် ဘိုကိုဟာရမ် စစ်သွေးကြွတပ်ဖွဲ့ဝင်များ အရေအတွက်များပြားစွာသေဆုံးသည်ဟု သတင်းတွင် ဖော်ပြသည်။

အလားတူ ဘော်နိုပြည်နယ်၏ အိမ်နီးချင်း ယိုဘေပြည်နယ် ဂိုနီရီရှိ ၎င်းစစ်သွေးကြွများ၏ နောက်ဆုံး အခြေစိုက်စခန်းကိုလည်း နိုင်ဂျီးရီးယားအစိုးရတပ်များက တိုက်ခိုက်မောင်းထုတ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ဆီးရီးယားနှင့်အီရတ် အခြေစိုက် အစ္စလာမ့်စ်နိုင်ငံအဖွဲ့ (အိုင်အက်စ်)အား သစ္စာစောင့်သိမည်ဟု မကြာသေးမီကပင် ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့က ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၀၉ ခုနှစ်ကတည်းက စတင်ခဲ့သော ဘိုကိုဟာရမ်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူပေါင်း ၁၃၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

ဘိုကိုဟာရမ်အဖွဲ့၏ လက်နက်ကိုင် တိုက်ခိုက်မှုများသည် နိုင်ဂျီးရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ချဒ်နှင့် ကင်မရွန်းနိုင်ငံများထိ ပျံ့နှံ့သွားပြီး ၎င်းနိုင်ငံမှ အစိုးရတပ်ဖွဲ့များက အဆိုပါအဖွဲ့အား ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

**ဘီဘီစီ။**

# သဘာဝဘေးအန္တရာယ်လျှော့ချရေး ကုလညီလာခံ ဆန်ဒိုင်းမြို့၌ ကျင်းပ

**ဆန်ဒိုင်း မတ် ၁၉**

သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးထိခိုက်ရမှု နည်းပါးစေရေးအတွက် ရည်မှန်းချက် ခုနစ်ရပ်နှင့်အညီ ဆောင်ရွက်သွားရန် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ ကျင်းပသည့် ကုလသမဂ္ဂညီလာခံ၌ သဘောတူညီကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်လာနိုင်သည့် အခြေအနေတွင် သဘာဝဘေးအန္တရာယ် လျှော့ချနိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်လျက် အဆိုပါညီလာခံကို ကျင်းပခဲ့သည်။

သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ သေဆုံးရမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ စီးပွားရေးအရ ဆုံးရှုံးရမှုတို့ကို လျှော့ချနိုင်စေရေးအတွက် ၁၅ နှစ်တာကာလအတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော်ရန် ရည်မှန်းသည့် ရှေ့လုပ်ငန်းစဉ်ကို အတည်ပြုချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်ကို မကြာခဏတွေ့ကြုံခံစားနေကြရသော ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီ တိုးမြှင့်ပေးရန် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဆန်ဒိုင်းမြို့၌ ကျင်းပသော အဆိုပါ ညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။

**ကျိုဒို။**

# ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော“President of the Union” ဆိုသည့် စကားရပ်ကို “Ministry of Finance” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Union of Burma”, “the United Kingdom, India or Pakistan and the Union of Burma” ဆိုသည့် စကားရပ်ကို “the Republic of the Union of Myanmar” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “Financial Commissioner” ဆိုသည့် စကားရပ်ကို “Union Minister of Finance” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “Commissioner of Customs” ဆိုသည့်စကားရပ်ကို “Director-General of Customs” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “Customs-collector” ဆိုသည့် စကားရပ်ကို “Competent Customs Official” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “real value” ဆိုသည့် စကားရပ်ကို “customs value” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “bill of entry” ဆိုသည့် စကားရပ်ကို “import declaration” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “vessel” ဆိုသည့် စကားရပ်ကို “conveyance” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “the Tariff Act, 1953” ဆိုသည့် စကားရပ်ကို “the Tariff Law” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “the Board of Management for the Port of Rangoon” ဆိုသည့် စကားရပ်ကို “Myanmar Port Authority” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “the Press Registration Act” ဆိုသည့် စကားရပ်ကို “Printing and Publishing Law” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ)နှင့် (ဇ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Interpretation.** “(f) **“conveyance”** means any vehicle which navigates by air, by sea or by land used for the industrial or commercial transport of goods. Such expression includes lighters and barges, square-rigged or ship borne, hovercraft, aircraft, road vehicle (including trailers, semi-trailers and combinations of such vehicles), railway rolling stock which is used for the transport of persons for remuneration, or which is driven whether or not for remuneration.”

“(h) **“master”** when used in relation to any conveyance means any person having command or charge of such conveyance. This expression also includes such person having command or charge of any kind of conveyance used to travel on and to convey anything by sea, by air or by land. But this expression does not include “pilot” and “harbour-master”.”

၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဋ) ၏နောက်တွင် ပုဒ်မခွဲ (ဌ)၊ (ဍ)နှင့် (ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**Interpretation.** “(l) **“import declaration”** means all documents including but not limited to, Declarations, Permits, Licenses, and Trade Documents that are required from time to time to be submitted to the Customs Department for customs clearance or any other purpose, for the importation of goods shall be in the form, including electronic documents and data messages, prescribed by the Director-General of Customs.”

“(m) **“export declaration”** means all documents including but not limited to, Declarations, Permits, Licenses, and Trade Documents that are required from time to time to be submitted to the Customs Department for customs clearance or any other purpose, for the exportation of goods shall be in the form, including electronic documents and data messages, prescribed by the Director-General of Customs.”

“(n) **“illegal goods”** means any goods which makes importation or exportation or transition to be prohibited or restricted by this Act or any other existing laws.”

၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Prohibitions.** “(d) goods applied to a counterfeit trade-mark or any other existing laws, goods which import a false trade description.”

၆။ ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၈ တွင်-

(က) ပုဒ်မခွဲ(စ)ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဆ)ကို ပယ်ဖျက်ရမည်။

၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Power to prohibit or restrict importation or exportation of goods.** “19. Any Union Ministry or Ministry of Finance assigned by the Union Government may from time to time, by notification in the Gazette, prohibit or restrict the bringing or taking by any means of transport for those goods of any specified description into or out of the Republic of the Union of Myanmar, or any specified region there of, either generally or from or to any specified country, region, port or place beyond the limits of the Republic of the Union of Myanmar.

Any person who imports or exports any illegal goods which have prohibited or restricted shall be taken action by existing Laws.”

၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသည့် “by sea” ဆိုသည့် စကားရပ်ကို “by any means of transport” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Customs Value defined.** “30. Not with standing anything contained in any other existing laws as regards the determination of customs value, in determining the customs value under this Act, the Ministry of Finance may, from time to time, by notification in the Gazette, in order to levy the customs duties according to the law on any goods exported or imported by any means, impose the procedures, rules and regulations to be abided in determining the customs value.”

၁၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၃၉ ၏ တတိယပိုဒ်တွင် ပါရှိသည့် “one year” ဆိုသည့် စကားရပ်ကို “seven years” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၀ တွင်ပါရှိသည့် “three months” ဆိုသည့် စကားရပ်ကို “one year” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Drawback allowable on re-export.** “42. When any goods, which have been imported by drawback system, by any means into any customs-port from any foreign port, due customs duties shall be paid since such goods had been imported. If such goods upon which duties of customs have been paid and are capable of being easily identified or stores for use on board or ship equipments using on board are to be re-exported from such customs-port to any foreign port, correspond with the provisions of importation, seven-eighths of such duties shall be repaid as drawback.

Provided that, in every such case, the goods be identified to the satisfaction of Competent Customs Official at such customs-port, and that the re-export be made within two years from the date of importation, as shown by the records of the custom-house.

Provided further that, the Director-General of Customs may extend one year as the term of period. If it is necessary to extend the term of period permitted by the Director-General of Customs, Union Minister of Finance may extend the term case by case for the interest of the state.”

၁၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၃-က ၏နောက်တွင် ပုဒ်မ ၄၃-ခ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**power to make procedure concerning Temporary Admission** “43-B. The Director-General of Customs has the power to prescribe notification relating to the functions, procedures, duration of time, security deposits and fines in respect of the temporary admission of goods.”

၁၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (ဂ)တွင် ပါရှိသော “five kyats” ဆိုသည့် စကားရပ်ကို “the amount of money prescribed by the Director-General of Customs from time to time” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇၁ ၏ စတုတ္ထပိုဒ်တွင်ပါရှိသော “not exceeding five kyats” ဆိုသည့် စကားရပ်ကို “the amount of money prescribed by the Director-General of Customs from time to time” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ခ)တွင် ပါရှိသော “the wharf belonging to any port commissioners, Port Trust or other public body or company” ဆိုသည့် စကားရပ်ကို “the wharf belonging to the Myanmar Port Authority or the government organization or private or public company” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Additional charge on goods cleared for shipment after port-clearance granted.** “139. When goods are cleared for shipment on an export declaration presented after port-clearance has been granted, the Competent Customs Official may, if he thinks fit, levy, the amount of charge prescribed by the Director-General of Customs from time to time, in addition to regular payable customs duties for such goods.”

၁၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၄ ၏ စတုတ္ထအပိုဒ်တွင် ပါရှိသော “steam vessel” ဆိုသည့် စကားရပ်ကို “ship-borne” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၅ ၏ ပထမပိုဒ်တွင် ပါရှိသော “is square-rigged or propelled by steam” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ တွင်-

(က) ပြစ်ဒဏ်များဇယားတွင်ပါရှိသည့် “one hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “two hundred kyats” ဆိုသည့် စကားရပ်ကို “one hundred thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “five hundred kyats” ဆိုသည့်စကားရပ်ကို “two hundred and fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “one thousand kyats” ဆိုသည့် စကားရပ်ကို “five hundred thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “two thousand kyats” ဆိုသည့် စကားရပ်ကို “ten hundred thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “four thousand kyats” ဆိုသည့် စကားရပ်ကို “twenty hundred thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ဇယားအမှတ်စဉ် ၁ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

| Offences | Section of this Act to which offence\ has reference | Penalties |
|---|---|---|
| 1._If any person fails to comply with the issued rules, regulations,orders, notifications, directives and procedures in respect of this Act, | General | such goods shall be liable to confiscation or any person concerned in any such offence shall be liable to a penalty not exceeding three times of the customs value of the goods or such person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

စာမျက်နှာ - ၁၆ သို့

စာမျက်နှာ - ၁၅ မှ

(ဂ) ဇယားအမှတ်စဉ် ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 3._If any person ship or land goods, or aid in the shipment or landing of goods, or knowingly keep or conceal, or knowingly permit or procure to be kept or concealed, any goods shipped or landed, or intended to be shipped or landed, contrary to the provisions of this Act, or<br>if any person be found to have been on board of any conveyance liable to confiscation on account of the commission of an offence under No.4 of this section, while such conveyance is within any bay, river, creek or arm of the sea which is not a port for the shipment and landing of goods, | General | such person shall be liable to a penalty not exceeding three times of the customs value of the goods. |

(ဃ) ဇယားအမှတ်စဉ် ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 5._If any goods are put, without the authority of the proper officer of Customs, on board of any tug-steamer or pilot-conveyance from any sea going conveyance inward-bound, or<br>if any goods are put, without such authority, out of any tug-steamer or pilot-conveyance for the purpose of being put on board of any such conveyance outward-bound, or<br>if any goods on which drawback has been granted are put, without such authority, on board of any tug-steamer or pilot-conveyance for the purpose of being re-landed, | 11 | such goods shall be liable to confiscation; any person concerned in any such offence shall be liable to a penalty not exceeding three times of the customs value of the goods. |

(င) ဇယားအမှတ်စဉ် ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 8._If any goods, the importation or exportation of which is for the time being prohibited or restricted by or under chapter IV of this Act, be imported into or exported from the Republic of the Union of Myanmar contrary to such prohibition or restriction, or<br>if any attempt be made so to import or export any such goods, or if any such goods be found in any package produced to any officer of Customs as containing no such goods, or if any such goods, or any dutiable goods, be found either before or after landing or shipment to have been concealed in any manner on board of any conveyance within the limits of any port in the Republic of the Union of Myanmar, or<br>if any goods, the exportation of which is prohibited or restricted as afore said, be brought to any wharf in order to be put on board of any conveyance for exportation contrary to such prohibition or restriction, | 18 and 19 | such goods shall be liable to confiscation; any person concerned in any such offence shall be liable to a penalty not exceeding three times of the customs value of the goods or such person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

(စ) ဇယားအမှတ်စဉ် ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 10._If any goods, on the entry of which for re-export drawback has been paid, are not duly exported, or are unshipped or re-landed at any customs-port(not having been duly re-landed or discharged under the provisions of this Act), | 42 and 43 | such goods, together with any conveyance used in so unshipping or re-landing them, shall be liable to confiscation; and the master of the conveyance from which such goods are so unshipped or re-landed and any person by whom or by whose orders or means such goods are so unshipped or re-landed, or who aids or is concerned in such unshipping or re-landing, shall be liable to a penalty not exceeding three times the customs value of such goods. |

(ဆ) ဇယားအမှတ်စဉ် ၁၁ ကိုပယ်ဖျက်ရမည်။

(ဇ) ဇယားအမှတ်စဉ် ၂၀ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 20._If any bill of lading or copy required under section 58 is false and the master is unable to satisfy the Competent Customs Official that he was not aware of the fact, or if any such bill or copy has been altered with fraudulent intent, or<br>if the goods mentioned in any such bill or copy have not been *bona fide* shipped as shown there in, or<br>if any such bill of lading, or any bill of lading of which a copy is delivered, has not been made previously to the departure of the conveyance from the place where the goods referred to in such bill of lading were shipped, or<br>if any part of the cargo has been staved, destroyed or thrown overboard, or if any package has been opened and such part of the cargo or such package be not accounted for to the satisfaction of Competent Customs Official, | 58 | the master of the conveyance shall be liable to a penalty not exceeding three times the customs value of the goods. |

(ဈ) ဇယားအမှတ်စဉ် ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 27._If the master of any conveyance laid up by the with drawal of the officer of Customs shall, before application is made by him for an officer of Customs to superintend the receipt of cargo, cause or suffer to be put on board of such conveyance any goods whatever, incontravention of section 70, | 70 | such master shall be liable to a penalty not exceeding three times the customs value of the goods, and the goods, if protected by a pass, shall be liable to be re-landed for examination at the expense of the conveyance, and, if not protected by a pass, shall be liable to confiscation. |

(ည) ဇယားအမှတ်စဉ် ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 28._If any master of a conveyance, in any case other than that provided for by No. 27, causes or suffers any goods to be discharged, shipped or water-borne contrary to any of the provisions of section 70, 72 or 75, | 70, 72 and 75 | such master shall be liable to a penalty not exceeding three times the customs value of the goods and all goods so discharged, shipped or water-borne shall be liable to confiscation. |

စာမျက်နှာ - ၁၇ သို့

စာမျက်နှာ - ၁၆ မှ

(ဋ) ဇယားအမှတ်စဉ် ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 33._If any master of a conveyance-discharges or suffers to be discharged any goods not duly entered in the manifest of such conveyance, | 55 and 82 | such master shall be liable to a penalty not exceeding three times the customs value of the goods. |

(ဌ) ဇယားအမှတ်စဉ် ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 35._If any goods are found on board in excess of those entered in the manifest, or not corresponding with the specification there in contained, | 55 and 82 | such goods shall be liable to confiscation, or to charge with such a fine upon any goods as the Chief Officer of Customs prescribes. |

(ဍ) ဇယားအမှတ်စဉ် ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 37._If it be found, when any goods are entered at, or brought to be passed through, a customhouse, either for importation or exportation, that-<br>(a) the packages in which they are contained differ widely from the description given in the import declaration or application for passing them, or<br>(b) the contents there of have been wrongly described in such import declaration or application as regards the denominations, characters, or conditions according to which such goods are chargeable with duty, or are being imported or exported, or<br>(c) the contents of such packages have been mis-stated in regard to sort, quality, quantity or value, or<br>(d) goods not stated in the import declaration or application have been concealed in, or mixed with, the articles specified there in, or have apparently been packed so as to deceive the officers of Customs, and such circumstance is not accounted for to the satisfaction of the Competent Customs Official, | 86 and 137 | such packages, together with the whole of the goods contained there in, shall be liable to confiscation, and every person concerned in any such offence shall be liable to a penalty not exceeding three times the customs value of the goods or every person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

(ဎ) ဇယားအမှတ်စဉ် ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 40._If any prohibited or dutiable goods are found, either before or after landing, concealed in any passenger's baggage, | General | such passenger shall be liable to a penalty not exceeding three times the customs value of such goods and such goods shall be liable to confiscation. |

(ဏ) ဇယားအမှတ်စဉ် ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 41._If any goods entered to be warehoused are carried into the warehouse, unless with the authority, or under the care, of the proper officers of Customs,and in such manner, by such persons, within such time, and by such roads or ways, as such officers direct, | 93 | such goods shall be liable to confiscation and any person so carrying them shall be liable to a penalty not exceeding three times the customs value of the goods. |

(တ) ဇယားအမှတ်စဉ် ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 45._If the keeper of any public warehouse, or the licensee of any private warehouse,neglects to stow the goods warehoused there in so that easy access may be had to every package and parcel thereof, | Chapter XI | such keeper or licensee shall, for every such neglect, be liable to a penalty not exceeding one million kyats and shall further be liable to have his license cancelled for his neglect to abide by the Customs officer's proper instructions. |

(ထ) ဇယားအမှတ်စဉ် ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 50._If any goods, after being duly warehoused, are fraudulently concealed in, or removed from, the warehouse, or abstracted from any package, or transferred from one package to another, or otherwise, for the purpose of illegal removal or concealment, | Chapter XI | such goods shall be liable to confiscation, and any person concerned in any such offence shall be liable to a penalty not exceeding three times the customs value of such goods. |

(ဒ) ဇယားအမှတ်စဉ် ၅၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 52._If any goods be removed from the warehouse in which they were originally deposited, except in the presence, or with the sanction, of the proper officer, or under the proper authority for their delivery, | Chapter XI | such goods shall be liable to confiscation and any person so removing them shall be liable to a penalty not exceeding three times the customs value of such goods. |

(ဓ) ဇယားအမှတ်စဉ် ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 53._If any person illegally takes any goods out of any warehouse without payment of duty, or aids, assists, or is concerned there in, | Chapter XI | such person shall be liable to a penalty not exceeding three times the customs value of the goods or such person shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

(န) ဇယားအမှတ်စဉ် ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 55._If any goods be taken on board of any conveyance at any customs-port in contravention of section 136, | 136 | the master of such conveyance shall be liable to a penalty not exceeding three times the customs value of the goods. |

(ပ) ဇယားအမှတ်စဉ် ၅၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 56._If any goods not specified in a duly passed shipping bill are taken onboard of any conveyance,contrary to the provisions of section 137, | 137 | the master of such conveyance shall be liable to a penalty not exceeding three times the customs value of such goods. |

(ဖ) ဇယားအမှတ်စဉ် ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 57._If any goods specified in the manifest of any conveyance, orin any shipping bill, are not duly shipped before the departure of such conveyance, or are re-landed, and notice of such short-shipment or re-landing be not given as required by section 140, | 140 | the owner of such goods shall be liable to a penalty not exceeding three times the customs value of such goods and such goods shall be liable to confiscation. |

စာမျက်နှာ - ၁၈ သို့

စာမျက်နှာ - ၁၇ မှ

(ဗ) ဇယားအမှတ်စဉ် ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 60._If any person, without a special pass from an officer of Excise at the place of exportation, re-landsor attempts to re-land any spirit shipped for exportation, | 154 | such person shall be liable to a penalty not exceeding three times the customs value of such spirit. |

(ဘ) ဇယားအမှတ်စဉ် ၆၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 61._If any person wilfully contravenes any rule relating to spirits made under section 155, | 155 | such person shall be liable to a penalty not exceeding three times the customs value of such spirit and all such spirits shall be liable to confiscation. |

(မ) ဇယားအမှတ်စဉ် ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 62._If, in contravention of any rules made under section 157, any goods are taken into, or put out of, or carried in, any coasting-conveyance, or if any such rules be otherwise infringed, | 157 | the master of such coasting-conveyance shall be liable to a penalty not exceeding three times the customs value of the goods. |

(ယ) ဇယားအမှတ်စဉ် ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 65._If the person executing any bond given under section 161 fails to produce the certificate mentioned in the same section, or to show sufficient reason for its non-production, | 161 | such person shall be liable to a penalty not exceeding the amount of customs value which would have been chargeable on the export- cargo of the conveyance had she been declared to be bound to a foreign port. |

(ရ) ဇယားအမှတ်စဉ် ၇၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence\ has reference | Penalties |
|---|---|---|
| 70._If, contrary to the provisions of this, or any other law for the time being in force relating to the Customs, any goods are laden on board of any conveyance in any customs-portand carried coastwise, or<br>if any goods which have been brought coastwise are so unladen in any such port, or<br>if any goods are found on board of any coasting-conveyance without being entered in the manifest or cargo-book or both (as the case may be) of such conveyance, | Chapter XV | such goods shall be liable to confiscation, and the master of such coasting-conveyance shall be liable to a penalty not exceeding three times the customs value of such goods. |

(လ) ဇယားအမှတ်စဉ် ၇၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 74._If any officer of Customs requires any person to be searched for dutiable or prohibited goods, or to be detained, without having reasonable ground to believe that he has such goods about his person, or has been guilty of an offence relating to the Customs, | 169 | such officer shall, on conviction before a Magistrate, be liable to a fine not exceeding five hundred thousand kyats. |

(ဝ) ဇယားအမှတ်စဉ် ၇၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 77._If any police-officer, whose duty it is, under section 180, to send a written notice or cause goods to be conveyed to a custom-house, neglects so to do, | 180 | such officer shall, on conviction before a Magistrate, be liable to a penalty not exceeding five hundred thousand kyats. |

(သ) ဇယားအမှတ်စဉ် ၇၈ က ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 78A ._If any person fails to comply with the provisions contained in section 194-A(1), | 194-A (1) | such person shall be liable to a penalty not exceeding ten million kyats or such person shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

(ဟ) ဇယားအမှတ်စဉ် ၇၈ က ၏နောက်တွင် အမှတ်စဉ် ၇၈ ခ၊ ၇၈ ဂ၊ ၇၈ ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 78B._If any Competent Customs Official and his staff who have been duly authorized by Section194-A(2) and Section 194-A(3) are refused to accept without hindrance and to provide necessary assistance, | 194-A(2)(3) | such person shall be liable to a penalty not exceeding ten million kyats or such person shall, on conviction before a Magistrate, be liable to imprisonment for a term not exceeding three years. |
| 78C._If any person, with an intention to cheat, illegally alters, adds, forges (or counterfeits) the documents or destroys the documents connected with the importation or exportation of any goods, required undersection 194-A(1), | 194-A(1) | such person or any person concerned in any such offence shall be liable to a penalty not exceeding three times the customs value of such goods which is altered, destroyed and cheated or such person or any person concerned shall, on conviction before a Magistrate, be liable to imprisonment for a term not exceeding three years. |
| 78D._If any person who is required and responsible to be examined under section194-A(4), refuses to comply with the Customs officer's request to accept and agree to his examination of goods on land, | 194-A(4) | such person shall be liable to a penalty not exceeding ten million kyats for refusal or such person shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

၂၁။ ပုဒ်မ ၁၈၂၊ ၁၈၆၊ ၁၉၂ နှင့် ၁၉၃ တို့တွင်ပါရှိသည့် "increased rates of duty" ဆိုသည့် စကားရပ်ကို "a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Adjudication of confiscations and penalties.** "182. In every case, except the cases mentioned in section 167 [Nos. 23, 26, 72, and 74 to 78, both inclusive], under this Act, the Director-General of Customs or the Competent Customs Official who has been duly empowered by the Director-General of Customs has the power to determine the matters of confiscation or a fine upon any goods or any person is liable to a penalty in accordance with law and procedures.

Furthermore, the Director-General of Customs may confer the power duly upon any other officer as he thinks fit to perform the duties related with Customs and the powers referred to this section shall be conferred to any other officer either by name or by his position."

၂၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Power to open packages and examine** "194. Any Competent Customs Official may open any package and examine any goods brought by sea to, or shipped or brought for shipment at, any place of the Republic of the Union of Myanmar.

The Director-General of Customs may issue the notification related to the customs procedures which are based on the international customs standard procedure called "Risk Management"."

၂၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉၄-က ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Power to demand production of documents connected with importation and exportation of goods.** "194-A. The Competent Customs Official may request any books, receipts, records or any other documents related to the importation or exportation of goods from any owner of the goods or his agent or the person who takes in possession of the goods or the person who transports goods or the person who store goods or any person who causes to be transported or any person who causes to be stored the goods;

and such person shall comply in accordance with the request of the Competent Customs Official as follows;

(1) such person shall keep the books, lists, receipts, other documents, computer records, any trading records prepared by electronic means which are related to importation or exportation of goods for seven years. And such person shall give to any Competent Customs Official who has been duly empowered and shall answer the questions of such officer related to importation or exportation of goods.

(2) Any duly empowered Competent Customs Official shall, at any appropriate time, enter to any premises or any place where the documents or computer records or electronic records referred to sub-section (1) are kept in there. Any such officer shall have the right of inspecting the documents and the accounts

စာမျက်နှာ - ၁၉ သို့

စာမျက်နှာ - ၁၈ မှ

or copying them or getting them copied and submitting to him, putting them on record, putting seals there on, taking photos of these, moving them from the original place or getting them to be moved or preventing them.

(3) When any Competent Customs Official is sent on duty, to any premises or place, which is under the control of any person, that person, referred to in sub-section (1) that person shall receive and accept the Competent Customs Official and his staff without hindering and responsible to provide the necessary assistance.

(4) Any Competent Customs Official who has been duly authorized to examine any premises or any place or any part which is under the control of any person mentioned in sub-section (1) may enter any premises and place, if necessary, for the purpose of ground examination of package and examine any goods. Such officer may lock, seal, mark or keep, by any means, any goods while making ground examination."

၂၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Power to take samples of goods.**

"195(1). The Competent Customs Official may, on the entry or clearance of any goods or at any time while such goods are being taken out or while necessary functions are being carried out by the custom-house, take samples of such goods, for examination or for as certaining the value there of on which duties are payable, or for any other necessary purpose. Every such sample may be restored to him either selling or giving it originally according with his consent.

(2) The articles intended for home consumption as food or goods which consist of drugs are entitled to take samples in order to inspect under this sub-section. In making laboratory test on such sample goods, the value of sample goods and all expenses shall be borne by the owner."

၂၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၀ တွင်ပါရှိသော "not exceeding ten kyats" ဆိုသည့် စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၁ တွင်ပါရှိသော "one kyat'" ဆိုသည့် စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၂၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၂ ၏ ဒုတိယအပိုဒ်တွင် ပါရှိသည့် "not exceeding five thousand kyats" ဆိုသည့် စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၂၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Rules making power.**

"204. In the implementation of the provisions contained in this Act:

(a) the Ministry of Finance shall, with the approval of the Union Government, issue rules and regulations;

(b) the Ministry of Finance and the Customs Department may issue procedures, notifications, orders and directives.

၃၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၆ ၏ ဒုတိယအပိုဒ်တွင် ပါရှိသော "exceeding two hundred and fifty kyats" ဆိုသည့် စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၇ ၏ နောက်တွင် ပုဒ်မ ၂၀၈ နှင့် ၂၀၉ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**Transit Trade.**

"208.The provisions of this Act shall be applicable to the matters relating to transit trade on importation and exportation of goods."

**Electronic Customs or Single Window.**

"209. The provisions of this Act shall be applicable to the matters relating to implementation of electronic Customs (e-Customs) or Single Window of importation and exportation of goods."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကားလမ်းပေါ်ထိ ထီးတိုင်များ ထားရှိမှုကြောင့် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ် စိုးရိမ်ရမှုဖြစ်ပေါ်နေ

**ကျောက်ဆည် မတ် ၁၈**

ကျောက်ဆည်မြို့တွင်း ဖြတ်သန်းသွားသော ရန်ကုန်-မန္တလေးလမ်း မြို့တွင်းနေရာများတွင် ဈေးဆိုင်များ၏ ပစ္စည်းများ ပလက်ဖောင်းပေါ် ထားရှိခြင်းနှင့် ထီးတိုင်များ ကာလမ်းပေါ်ထိ ထားရှိကာ အရိပ်ရယူနေခြင်းကြောင့် ကားလမ်းမှာကျဉ်းမြောင်းပြီး ယာဉ်သွားလာမှုများပြားခြင်းသည့်အတွက် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ဖြစ်ပေါ်မည်ကို စိုးရိမ်လျက်ရှိနေကြကြောင်း လမ်းအသုံးပြုသူများထံမှ သိရသည်။

"မြို့တွင်းမှာတော့ ဒီလိုလမ်းပေါ်အထိ မထားသင့်ဘူး။ လမ်းတစ်ဝက်လောက်ထိရောက်နေပြီ။ ကားတွေ၊ ဆိုင်ကယ်တွေကလည်း များလာတယ်။ တချို့မောင်းတဲ့သူတွေက စည်းကမ်းမရှိဘူး။ မြို့တွင်းမှာ ရပ်ချင်သလို ရပ်နေကြတာ။ ယာဉ်အန္တရာယ်တွေက ခဏတိုင်းဖြစ်နေတာ။ ဒီလို ထီးတွေထားပြီး အရိပ်ရယူနေကြတာ မြို့တွင်းလမ်းတစ်လျှောက် တော်တော်များတယ်။ သက်ဆိုင်ရာကလည်း တားဆီးမှုမရှိဘူးထင်တယ်။ မတားလည်း ကိုယ်တိုင်က ဆင်ခြင်ရမှာ။ ယာဉ်မတော်တဆမှုတွေက မြို့တွင်းမှာ နေ့စဉ်လိုလိုဖြစ်နေကြတာ"ဟု လမ်းအသုံးပြုသူတစ်ဦးက ပြောသည်။

ကျောက်ဆည်မြို့သည် ခရိုင်အဆင့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြို့လယ် ရန်ကုန်- မန္တလေးလမ်းမကြီးတွင် နေ့စဉ်နှင့်အမျှ ကားများနှင့်ဆိုင်ကယ်များဖြင့် ရှုပ်ထွေး သည့်အပြင် မြို့ရှောင်လမ်းမရှိသည့်အတွက် အဝေးပြေးကားကြီးများ၊ ကားငယ်များပါ မြို့တွင်းသို့ ဖြတ်သန်းသွားလာပြီး ယာဉ်အန္တရာယ် မကြာခဏဖြစ်ပွားလျက်ရှိသည်။ ဒေသခံလမ်းအသုံးပြုသူများက ပလပ်ဖောင်းပေါ်တွင် ပစ္စည်းများထားရှိခြင်း၊ လမ်းများပေါ်အထိ ကျူးကျော်ကာ ထီးတိုင်များထားရှိခြင်း၊ စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

Pleasant Times Travels & Tours
Release Your stress with Pleasant Times
Scania & Man Coach
ထားဝယ်-ရှင်ကိုးရှင် Flight (Mar:27,April:12,17)
တောင်ကြီး(Mar:26,April:12,13,17)
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း(Mar:26,April:12)
ပုဂံ (Mar:26,April:12)
မုံရွာ-အလောင်းတော်ကဿပ(Mar:26,April:13)
ငွေဆောင်(Mar:27,April:13)
မူဆယ်-ကြယ်ဂေါင်-ရွှေလီ(Mar:26,April:11)
မန်းရွှေစက်တော်(Mar:20,26)
မော်လမြိုင်-စက်စဲ (Mar:21,26,27)
ပြည်(အကောက်တောင်)(Mar:21,26,27)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

## အသိပေးကြေညာချက်

KOREA နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV. GOLD STAR သင်္ဘောသည် ၂၁-၃-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၈၆

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇ )ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## ALPHARD ကားရောင်းမည်

5I/--- (ဖြူ) 02, 2.4, 2WD, ခုံမည်း စကတ်နှင့် ဆိုနာပတ်လည်၊ ရှေ့/ နောက် Camera Manual Slide၊ အော် TV ၃လုံး၊ အော်အလွိုင်း။ (၁၇၉)သိန်း

ဖုန်း-၀၉- ၃၁၀၅၅၈၇၁




## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးရဲမင်းဦး ကိုင်ဆောင်သော COC No.3/E-3793 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၂၀၄၁၂၆၊ ၀၉-၇၃၁၀၉၅၄၅

## အမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးလှဝင်း [၁၄/ပသန(နိုင်)၁၇၃၈၀၁] အမိ ဒေါ်ခင်စီ [၁၄/ပသန(နိုင်)၁၇၃၈၀၂]တို့၏ သားကြီး မောင်စိုးမင်းသူ [၁၄/ကကတ(နိုင်)၁၂၇၄၂၂] နှင့် သမီးကြီးဖြစ်သူ မစုမွန်ထွေး[၇/ပမန(နိုင်)၁၂၇၀၈၀](ကျောင်းဆရာမ) တို့သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘများ လက်မခံနိုင်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဆိုဆုံးမစကားများကို နားမထောင်သဖြင့် ၎င်း စိုးမင်းသူနှင့် စုမွန်ထွေးတို့နှင့် ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူမည်မဟုတ်ကြောင်းနှင့် သားနှင့် သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

(အဖ ဦးလှဝင်း- အမိ ဒေါ်ခင်စီ)

# ဝဲလောင်စိုက်ပျိုးပညာပေးရှေ့တန်းရုံး၌ တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**တောင်သာ မတ် ၁၉**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားစေရေး အတွက် မြင်းခြံခရိုင် တောင်သာမြို့နယ် ဝဲလောင် စိုက်ပျိုးပညာပေး ရှေ့တန်းရုံး၌ စိုက်ပျိုးရေးဦးစီး ဌာနမှ ဝန်ထမ်းများအား သင်တန်းပို့ချခြင်းနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို မတ် ၁၆ ရက် နံနက် ၈ နာရီခွဲက မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာန က ဦးဆောင်ကျင်းပခဲ့သည်။

နံနက်ပိုင်းတွင် မြင်းခြံခရိုင်ဦးစီးမှူး ဦးမြင့်လင်းနှင့်ခရိုင် (SMS)များက တောင်သာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

မွန်းလွဲပိုင်းတွင် ဝဲလောင်ဆည်ရေသောက် ဒေသနှင့် ဆင်တဲဝ(သမက္ကူ) ဆည်ရေသောက် ဒေသမှ တောင်သူ ၂၁ ဦးအား တောင်သူပညာ ပေးဆွေးနွေးပွဲ ဆက်လက်ကျင်းပခဲ့ရာ ခရိုင် ဦးစီးမှူး ဦးမြင့်လင်းက နွေစပါးနှင့် နွေအခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာ နည်းပညာများနှင့် ဆီထွက်သီးနှံ မျိုးကောင်း မျိုးသန့် အသုံးပြုစိုက်ပျိုးရေးအတွက် ပြောကြားခဲ့ ကြောင်း သိရသည်။

တောင်သာမြို့နယ် ဦးစီးမှူး ဦးဖုန်းမောင်က ပြောင်းလဲလာသော ရာသီဥတုနှင့်အညီစိုက်ပျိုးသင့်သည့် သီးနှံပုံစံနှင့်သီးနှံအလိုက်အထွက်ကောင်းမျိုးကောင်းမျိုးသန့်များအား တောင်သူမျိုးစေ့ဘဏ် စနစ်များမှ ဘာသာရပ်အလိုက်နည်းပညာများအား လည်းကောင်းဆွေးနွေးပို့ချခဲ့ပြီး တောင်သူများမှ သိရှိလိုသည်များအား ပြန်လည်ဆွေးနွေးခဲ့ကြသည်။

၂၀၁၄-၂၀၁၅ နွေစပါးရာသီတွင် တောင်သာမြို့နယ်၌ နွေစပါး ၁၃၆၈ ဧက လျာထားသက်မှတ်ထားရှိပြီးပုလဲသွယ် ၂၅၀ ဧကစိုက်ပျိုးသွားမည်ဖြစ်ရာ ဝဲလောင်ရှေ့တန်းစခန်းနယ်မြေတွင်ပုလဲသွယ် ၁၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်သောကြောင့် ဝဲလောင်ရှေ့တန်းစခန်း နယ်မြေ၏ ပုလဲသွယ်စိုက်ဧကမှာ မြို့နယ်ချုပ် ၅၀ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း၌ ကျေးရွာအုပ်စု ၂၈ခုမှ တက်ရောက်

**နေပြည်တော် မတ် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေးခန်းမ၌ မတ် ၁၆ ရက် နံနက်ပိုင်းတွင် ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ပို့ချသွားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး သင်တန်းသို့ ရပ်ကွက်၊ကျေးရွာအုပ်စု ၂၈ ခုမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကာ သင်တန်းကာလမှာ လေးရက်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။ **(ဆုထက်လှိုင်)**

# ကျေးလက်ရေပေးရေးလုပ်ငန်းစစ်ဆေး

**မော်လမြိုင် မတ် ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာနှင့်ဖားအောက်ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၁၆ ရက်က မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးအောင်လွင်နှင့် မြို့နယ်ဦးစီးမှူး ဦးချစ်ငွေတို့ ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာကော်မတီများနှင့်တွေ့ဆုံကာ ရေစက်ရုံများ စနစ်တကျ သုံးစွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။ **ကျေးလက်ဦးစီး**

# မြို့လုံးကျွတ်သံဃဒါနဆွမ်းအလှူတော်အသင်းမှ နေ့စဉ်ဆွမ်း၊ဆွမ်းဟင်းလှူ

**ရေး မတ် ၁၉**

မွန်ပြည်နယ် ရေးမြို့ မြို့လုံးကျွတ်သံဃဒါနဆွမ်းအလှူတော်အသင်းကြီးမှ နေ့စဉ် အရုဏ်တက်နံနက်ဆွမ်းသို့ ကြွချီလာလျက်ရှိသော ရဟန်းသံဃာတော် အရှင်သူမြတ်များအား ဆွမ်း၊ ဆွမ်းဟင်းများကိုပါ လောင်းလှူလျက်ရှိကြောင်း သိရသည်။

အဆိုပါဆွမ်းများလောင်းလှူနိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက် ကျေးရွာတစ်ချို့မှ လုပ်အားဒါနကုသိုလ်ပြုကြပြီး နေ့စဉ်သံဃာတော်ပျမ်းမျှ အပါး၁၅၀အားလောင်းလှူလျက်ရှိကာ မြို့ပေါ်ရပ်ကွက်စာသင်တိုက်များကိုလည်း ဆွမ်း၊ဆွမ်းဟင်းများကိုပါ လောင်းလှူဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အဆိုပါဆွမ်းအလှူတော်အသင်းကြီးကို လွန်ခဲ့သောနှစ်ပေါင်း၇၅နှစ်က စတင်၍ ရွှေဆံတော်စေတီနှင့်စကားတောင်စေတီဥပါသိအဖွဲ့မှ ဦးဆောင်လာခဲ့ပြီး ယခုအချိန်ခါတွင်လည်းကုသိုလ်ပြုလုပ်အားဒါနရှင်များက နေ့စဉ်ဆွမ်း၊ ဆွမ်းဟင်းများကို လှူဒါန်းသည့်အပြင် စေတနာသဒ္ဓါပေါက်အလှူရှင်များ အသီးသီးကလည်း နံနက်အရုဏ်ဆွမ်းများကို ဘောဇနသာလာဆွမ်းစားဆောင်၌ ဆက်ကပ်လှူဒါန်းလျက်ရှိကြသည်။

အဆိုပါ ဆွမ်းအလှူတော်ဆွမ်းပဒေသာပင် တစ်ပင်လျှင်ကျပ်၃၀၀၀ကျပ်နှုန်းဖြစ်သည်။ ရန်ကင်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတမှ မတည်လှူဒါန်းငွေကျပ်သိန်း ၂၅၀ဖြင့် စေတနာအလှူရှင်များ စုပေါင်းလှူဒါန်းငွေ စုစုပေါင်းကျပ်သိန်းပေါင်း၁၁၀၀ကျော်ခန့် ထာဝရငွေပဒေသာပင်များအဖြစ် မြန်မာ့စီးပွားရေး ဘဏ်၌အပ်နှံထားရှိကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**



# ရေစကြို၌ အိမ်၁၀၀ကျော် သောက်သုံးရေရရှိ

**ရေစကြို မတ် ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သဲပုံအရှေ့ရွာသည် မိုးနည်းရေရှားဒေသအညာသဘာဝအရ သောက်သုံးရေခက်ခဲသော ရွာတစ်ရွာဖြစ်ပြီး ဘုန်းတော်ကြီးကျောင်း အတွင်းရှိ ရေတွင်းမှရေကို အိမ်ခြေ ၁၀၀ ကျော်တို့ အားထားသုံးစွဲခဲ့ရကြောင်းနှင့် နွေရာသီရောက်တိုင်း သောက်သုံးရေပြတ်လပ်မှုကြောင့် မြို့နယ်မှရေဘောက်ဆာကားများဖြင့် သွားရောက်ရေပေးရကြောင်း သိရသည်။

ယခုအခါ ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်း တစ်တွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီး ကျေးရွာပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၁၈ ဒသမ ၁ သန်းနဲ့ ၄ ပေ ဒိုင်ယာမီတာ GI စက်ရေတွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပါတယ်။ စက်ရေတွင်းနဲ့တွဲလျက် ရေဂါလန် ၅၀၀၀ ဆံ့ ရေကန် တစ်ကန်၊ ဆိုလာရေမြှုပ်ပန့်၊ ခြံစည်းရိုးအကာအရံတွေနဲ့ စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ အခုအခါမှာတော့ ဒေသခံကျေးရွာပြည်သူတွေအတွက် လိုအပ်တဲ့ သောက်သုံးရေဖူလုံစွာရရှိနေပြီးဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပံသုမောင်က ပြောပြသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**


JUNE PHARMACEUTICAL LTD.
ငွေဆောင်နှင်း
Spirulina
Aloe Vera
Thanakha
www.junepharmaceuticals.com
Ygn: + 95 9 730 12000, 730 13000, 730 14000 Mdy: + 95 2 24490, 39985, 39725, 36122

ချမ်းပိုင်ခရီးသွား 562829,09-73198239 569782,09-450006779
သင်္ကြန်အထူးခရီးစဉ်များ Apr12 ထွက်မည်
• ပုဂံ(နွယ်တော်လေးရူ)၊ ပုပ္ပါး၊ ပခုက္ကူ (Hotel & Restaurant) 140000
• တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်
• ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး (၅)ရက်
ကျိုက်ထီးရိုး (မနူ)
ချောင်းသာ (မနူ)

လက်ရှိလည်ပတ်နေသော ရောင်းမည်
အထူးကုဆေးခန်း
Ex: Room ၆ခန်း ECG. X-ray, U.SG ပစ္စည်းစုံ လိုင်စင်ကျပြီး
A/C ၂ လုံး, Car Parking ၃စီး စာ
Ph: 09-5385379

စိန်နှင်း 140K
Sq-Ft တစ်သိန်း 120
254044529

ဆုပြည့် 09-31815390,09-792432296 09-31815395,09-792298138
နွေရာသီကျောင်းပိတ်ရက်ခရီးစဉ်
ရွှေစက်တော်၊ပြည်(ဘုရားစုံ)(ငြိမ်း) ၄၅,၀၀၀/
အလောင်းတော်ကဿပ(သီးသန့်ငြိမ်း) ၅၀,၀၀၀/
ရွှေစက်တော်၊ပုဂံညောင်ဦး(ငြိမ်း) ၈၀,၀၀၀/
6+1 FREE Package
ချောင်းသာ(ငြိမ်း) ၄၅,၀၀၀/
ငွေဆောင်(ငြိမ်း)၅၅,၀၀၀/
ကျိုက်ထီးရိုး(ငြိမ်း)၃၅,၀၀၀/
သင်္ကြန်ပိတ်ရက်အထူးအစီအစဉ်(၅)ရက်ခရီး Apr 12(ဟိုတယ်၊စားသောက်ဆင့်သွားပါ)
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုလို၊ကလော(ငြိမ်း) ၁၅၀,၀၀၀/
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ(ငြိမ်း) ၁၆၀,၀၀၀/
ချောင်းသာ(၂ည၊၃ရက်) -၁၂၀,၀၀၀/- (Guest House)
ငွေဆောင်(၂ည၊၃ရက်)-၁၅၀,၀၀၀/- (Hotel)
Apr 13,14
ကြိုတင် လက်မှတ်

သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ပူးပေါင်းဖွင့်လှစ်သော Business Management Higher Diploma (အမှတ်စဉ်-၃) သင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကိုဧပြီလ(၂၀)ရက်နေ့တွင်စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

1. Business Management Higher Diploma
2. Business Management Advanced Diploma

(၁) Business Management Higher Diploma သင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင်တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂) သင်တန်းကာလမှာ(၆)လကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်းများကို အပတ်စဉ်စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါကသမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကိုရရှိမည်ဖြစ်ပြီး Business Management Advanced Diploma သို့ဆက်လက်တက်ရောက်နိုင်ပါသည်။
(၃) ၎င်း Diploma သင်တန်းများအောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု ABE Diploma စာမေးပွဲများကို ဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) Mangement ဘာသာရပ်အခြေခံမရှိသူများအတွက် Mangement Foundation Course ကို သင်တန်းကြေး၁၀၀%ကင်းလွတ်ခွင့်ဖြင့်တက်ရောက်သင်ကြားနိုင်ပါသည်။
ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ(၂)စုံ၊ဓါတ်ပုံ(၃)ပုံတို့နှင့်တကွ WISE College တွင် (၂၅.၃.၂၀၁၅) ရက်နေ့မှစ၍စာရင်းပေးသွင်းအပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်
Ph.09-253528521၊ 09-253528520

apple®
Ginseng Silky Hair Coat
FDA မှ အလှကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021
ရန်ကုန် (ရုံးချုပ်) - အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့၊ ဖုန်း - (၀၁) ၅၈၀၃၉၃၊ ၅၈၀၈၈၆၊ ၅၈၀၈၄၄ (၀၉) ၈၆ ၁၈၀၈၁၊ ၄၉ ၃၁၆၄၀၈
မန္တလေး (ရုံးခွဲ) - အမှတ် (၅၀/၅၁)၊ တတ (၁၂)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - (၀၂)၅၁၅၂၃၂၀၊ ၅၁၅၂၃၂၁ (၀၉) ၅၀ ၂၀၄၈၉



# တောင်သာမြို့နယ်တွင် နှမ်းစပါးနှင့်နှမ်းသီးနှံများစတင်စိုက်ပျိုး

**တောင်သာ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် နှမ်းစပါး ၁၃၆၈ ဧက၊ နှမ်းနှမ်း ၅၆၆ ဧကနှင့် မိုးကြို ပဲတီစိမ်း ၁၄၅ ဧက စိုက်ပျိုးသွားရန် လျာထားလျက်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုအခြေအနေရ ဆည်များတွင်ရေကျန်ရှိမှုနည်းပါးသောကြောင့် နှမ်းစပါးအစား ရေအနည်းလိုသီးနှံများဖြစ်သော နှမ်းနှမ်းနှင့် မိုးကြိုပဲတီစိမ်းကိုပါ တွဲဖက်လျာထားခဲ့ခြင်းဖြစ်သည်။

နှမ်းစပါးသီးနှံအား ရေလက်ကျန်ရှိမှုအခြေအနေအရ သက်တမ်းတိုးမျိုးများဖြစ်သော ပုလဲသွယ်အထူးအထွက်တိုးမျိုးနှင့် ရွှေမနော်မျိုးများကို အသုံးပြုစိုက်ပျိုးသွားရန်တောင်သူများအား ပညာပေးစည်းရုံးခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဖုန်းမောင်က ပြောသည်။

တောင်သာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ရှိအထိ ပုလဲသွယ်ကီလိုပေါင်း ၂၃၆၇ ဖြန့်ဖြူးထားရှိပြီး နှမ်းနှမ်းသီးနှံအား ၅၆၆ ဧကစိုက်ပျိုးသွားရန် လျာထားသက်မှတ်ခဲ့သော်လည်းလက်ရှိအထိ ၂၁၁၅ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ဒေသဟာ မိုးဦးမိုးရွာသွန်းမှုနည်းပါးတဲ့အတွက် မိုးဦးနှမ်းမရတာကြာပြီ။ နှမ်းဈေးကလည်း တစ်တင်းကိုငါးသောင်းကျော်ခြောက်သောင်းရှိနေတဲ့အတွက် သေချာတဲ့နှမ်းနှမ်းကို ဒီနှစ်မှာ ကျွန်တော်တို့တောင်သူတွေ အစိုက်များလာကြတာပါ"ဟု ကျောက်တစ်လုံးဆည်ရေသောက် ဆီမီးကန်ကျေးရွာမှ တောင်သူကြီး ဦးအောင်ဆန်းက ပြောသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသောစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီက ခရိုင်ရုံးသင်တန်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းက အလုပ်ရုံဆွေးနွေးပွဲ၌ ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် စာကြည့်တိုက်မှူးများ၏ အရေးပါသော အခန်းကဏ္ဍများကို အလေးထားအမှာစကားပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်း၊ ရန်ကုန်တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးလှမျိုးအောင် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြန်ဆက်ဦးစီးဌာနခရိုင်နှင့် မြို့နယ်ဝန်ထမ်းများ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်း ၃၅ ဦး တက်ရောက်ပြီး မတ် ၁၆ ရက်မှ မတ် ၁၈ ရက် နေ့အထိကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**သက်နိုင်(သန်လျင်)**



# ပန်းတနော်မြို့နယ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ပန်းတနော် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျုံတုံးလေးကျေးရွာအုပ်စု၊ တလိုင်းစုကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဖွင့်ပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင်ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းထွန်းနှင့် စည်ပင်သာယာရေးဝန်ကြီးဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးငြိမ်းတို့က ကျေးလက်နေအိမ်များ၏ ဆိုလာမီးအသုံးပြုနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါဆိုလာစနစ်ဖြင့် တလိုင်းစုကျေးရွာ ရွာလုံးကျွတ် မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၆ သန်းဖြင့် PANNKABA MYANMAR SERVICE ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်ခြေပေါင်း ၇၄ အိမ်အား မီးလင်းရေး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ **၁၆၆**

## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည်လည်း တစ်ရှိန်ထိုးတိုးတက်ဖွံ့ဖြိုးလျက်ရှိပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသောစီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်ဟိုတယ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းလုပ်ကိုင်ခွင့် ပေးလျက်ရှိသည်။ လုပ်ကိုင်ခွင့်ရရှိသူများအနက် အချို့မှာ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိသော်လည်း အချို့မှာ စာချုပ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ ယခုအခါ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေရရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်းစေလိုပါသည်။ ထို့အတွက် အောက်ပါအချက်များအား ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ပါသည်-

(က) ကိုယ်ရေးနောက်ကြောင်းကင်းရှင်းကြောင်း ထောက်ခံချက်
(ခ) သက်ဆိုင်ရာအမည်ခံကုမ္ပဏီ၏ ရာဇဝင်နှင့်အချက်အလက်များ
(ဂ) ဟိုတယ်အား ရင်းနှီးမြှုပ်နှံတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်
(ဃ) မိမိနှင့် လုပ်ငန်းဆောင်ရွက်နေသောဘဏ်မှ မိမိ၏ဘဏ်စာရင်းနှင့်မိမိအဆိုပြုဈေးနှုန်းအား ငှားရမ်းသူမှ မပေးသွင်းပါက အဆိုပါဘဏ်မှ ပေးသွင်းမည့်အကြောင်း အာမခံချက်
(င) မိမိတင်သွင်းထားသော အဆိုပြုဈေးနှုန်းအပေါ် အရင်းကျေကာလနှင့် အကျိုးအမြတ် ရရှိမှုအခြေအနေဖော်ပြချက်
(စ) ဌာနပိုင်ဟိုတယ်များအား လက်ရှိငှားရမ်းထားသူများသည် အမည်ပြောင်းပြီး ထပ်မံလျှောက်ထားခြင်းမပြုရန်

၃။ သို့ပါ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကျိုင်းတုံမြို့၊ မိုင်းရမ်းလမ်းနှင့် ဟောင်ခုမ့်လမ်းထောင့် မြေအကျယ်အဝန်း(၄. ၁၆၆)ဧကပေါ်ရှိ အခန်း(၁၀၈)ခန်းပါ ကျိုင်းတုံဟိုတယ်သစ်အား ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

၄။ တင်ဒါအဆိုပြုလွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၅၀၀၀ဝိ/-)ဖြင့် ၂၀-၃-၂၀၁၅ရက်မှ စ၍ဝယ်ယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာများ နောက်ဆုံးဝယ်ယူနိုင်မည့်ရက်မှာ ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၁၆း၀၀နာရီအထိ ဖြစ်ပါသည်။

၅။ တင်ဒါစည်းကမ်းချက်အသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၅ခုနှစ်၊ မတ်လ ၃၀ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အသေးစိတ်ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ယင်းသို့ ရှင်းလင်းပြောကြားရာ၌ တင်ဒါတင်သွင်းသူကိုယ်တိုင်(သို့မဟုတ်)ဒါရိုက်တာအဖွဲ့ဝင်သာ တက်ရောက်ခွင့်ရှိပါမည်။ တင်ဒါစည်းကမ်းများရှင်းလင်းပွဲသို့ တက်ရောက်သူသာလျှင် အဆိုပြုတင်သွင်းလွှာများ တင်သွင်းခွင့်ရှိပါမည်။

၆။ တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများကို ၃၁-၃-၂၀၁၅ရက်၊ (အင်္ဂါနေ့)၊ ၉း၃၀နာရီမှ ၁၀း၃၀နာရီအထိ လက်ခံသွားမည်ဖြစ်ပြီး ယင်းနေ့ ၁၂း၀၀နာရီတွင် လူတွေ့မေးမြန်းခြင်းဆောင်ရွက်သွားပါမည်။

၇။ အသေးစိတ်အချက်အလက်များကို ဖုန်း (၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

၈-၃-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၂၄ပါ
ဦးကိုကိုဦး[၁၂/လမန(နိုင်)၀၃၃၅၅၃]၏ညွှန်ကြားချက်အရ
ဦးစန်းလွင်(တရားလွှတ်တော်ရှေ့နေ)နှင့်
ဒေါ်နေနေနီလာတို့၏အများသိစေရန် အသိပေးကြေညာချက်နှင့်ပတ်သက်၍
ပြန်လည်ကန့်ကွက်ကြောင်းရှင်းလင်းကြေညာချက်

၁။ လူကြီးမင်း၏ကြေညာချက် အပုဒ်(၂)၊ စာကြောင်းရေ(၄)ပါ မြေကွက်အမှတ်-၆ယ⁹ ဧရိယာ-၁၉. ၆၅၅ဧကနှင့်ပတ်သက်၍ ပြန်လည်ကန့်ကွက်ရခြင်းဖြစ်ပါသည်။ (ဧရိယာအမှန်မှာ ၁၉. ၆၆၆ဧကဖြစ်ပါသည်)

၂။ အထက်ပါမြေကွက်အမှတ်-၆ယ⁹ ကို မြေပိုင်ရှင် ဒေါက်တာအာစီကားကိုယ်တိုင် ၁၉၅၈ခုနှစ် မတ်လမှစတင်၍ အိမ်ရာအကွက်များရိုက်ကာ ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ရောင်းချခဲ့သည့်အထောက်အထားအားလုံး မိမိတို့လက်ဝယ်ရှိပါသည်။

၃။ ၁၆-၁၂-၁၉၆၈ရက်စွဲဖြင့် ပြည်သူပိုင်သိမ်းစဉ်အခါက အထက်ဖော်ပြပါ မြေကွက်ကိုလည်း မှားယွင်းသိမ်းဆည်းခံခဲ့ရသဖြင့် ယခုအခါ စက်မှုဝန်ကြီးဌာနအမည်ဖြင့် မြို့မြေစာရင်းတွင် အမည်ပေါက်နေပါသည်။

၄။ ထို့ကြောင့် ရပ်ကွက်နေပြည်သူများမှ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ၁၆-၃-၂၀၁၄ရက်တွင် ဌာနပိုင်မြေအဖြစ်မှ ပယ်ဖျက်ပေးပါရန် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြ ခဲ့ပြီးဖြစ်ပါသည်။ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှလည်း ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး အထက်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်သို့ ဌာနပိုင်မြေအဖြစ်မှ ပယ်ဖျက်ပေးရန်ဆက်လက်တင်ပြထားပြီးဖြစ်ပါသည်။

၅။ မြေကွက်အမှတ်-၆ယ⁹ ပေါ်တွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ဒေါက်တာအာစီကားပိုင်မြေပေါ်တွင်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနပိုင်မြေပေါ်တွင်လည်းကောင်း ကျူးကျော်နေထိုင်သူများမဟုတ်ကြပါ။ ထို့ကြောင့် လူကြီးမင်း၏ ကြေညာချက်ကို လိုက်နာရန် အကြောင်းတစ်စုံတစ်ရာမရှိပါကြောင်းနှင့် လူကြီးမင်း၏ မြေကွက်အမှတ်-၆ယ⁹ကို ပိုင်ဆိုင်ကြောင်း ကြေညာချက်ကိုလည်း ပြင်းထန်စွာကန့်ကွက်ပါသည်။ ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လူကြီးမင်း၏ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပြင်ဆင်ပေးပါရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကိုကိုဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးအောင်မြင့်သိန်း **B.A(Law).,LL.B**
**ADVOCATE**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၆)
အမှတ်(၂၆)၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၅၁၆၃၉၇၊ ၀၉-၅၁၅၆၀၈၇

မှခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှုခင်းအသိပညာရရှိစေဖို့ **မှုခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(J/1)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017
★ နာရေးအိမ်ရှေ့ကပြဿနာကြောင့် နာရေးထပ်မံဖြစ်သွားတဲ့ဖြစ်ရပ် ★ ဆိုင်ကယ်နဲ့ပြန်လာသူကိုစောင့်ပြီး ဝါးရင်းတုတ်နဲ့ရိုက်တဲ့ဖြစ်ရပ် ★ ရပ်ထားတဲ့ကား ဖုံးပေါက်ကွဲခံရ ★ မူးယစ်ရမ်းကားဆဲဆိုနေသူ ဒူးလေးနဲ့အပစ်ခံရလို့ သေဆုံး ★ သားလတ်ကို သားကြီးနဲ့သားငယ်ကသတ်လိုက်လို့ ဖခင်ဖြစ်သူကအမှုဖွင့် ★ ရုံးကအပြန်မှာ ထိုးကြိတ်ခံရတဲ့ စာရေးတစ်ယောက်ရဲ့ဖြစ်ရပ် ★ ရင်းနှီးမှုကိုအကြောင်းပြုပြီး အဓမ္မပြုကျင့် ★ ဆိုင်ကယ်သမားကိုဓားနဲ့ထိုးကာ လုယက်ထွက်ပြေးသွားတဲ့ဖြစ်ရပ် ★ ခွေးချင်းကိုက်တဲ့ပြဿနာနဲ့ လူလေးယောက်ကို ဓားနဲ့ပိုင်းခုတ်သတ်လိုက်တဲ့ ညီအစ်ကိုလေးယောက် ★ ဖိုးစိန်လမ်းက တည်းခိုခန်းရှေ့မှာ ဖမ်းမိခဲ့တဲ့ မူးယစ်ဆေး ★ မိန်းရွှေရတနာ (၆၂)သိန်းဖိုး ခါးပိုက်နှိုက်ခံရတဲ့ဖြစ်ရပ် ★ (၃၈)နှစ်ကို (၁၉)နှစ်ကအချွန်နဲ့ထိုးလို့သေဆုံးသွားတဲ့ဖြစ်ရပ် ★ ချစ်ဖေဟုန်ကြောင့် အရေးယူခံရသူ ★ နေအိမ်ဈေးဆိုင်ထဲဝင်ပြီး ကြိမ်းမောင်းရမ်းကားတဲ့သားအမိကိုအရေးယူပြီ ★ လူမှုရေးဖောက်ပြန်တဲ့သမက်ကို ခြောက်လှန့်ရာမှ လက်လွန်သွားတဲ့ ယောက္ခမရဲ့ဖြစ်ရပ်... စတဲ့သတင်းများနဲ့အတူ **ဂျာနယ်စုံလင်စွာ ဖတ်ရှုရမည်။**

SIS Education Services
"Teaching for society"
UK Teaching Qualifications in Myanmar
အမှတ်(၂၁)၊ (၄)လွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
Tel: 09421008412
Diploma in TESOL (6th Batch)
March 22 ဖွင့်မည်။
London Teacher Training College နှင့် SIS Education Services တို့ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။ **ဆရာဦးထင်အောင်ကျော်** B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။ ယခင် Batch များနည်းတူ (၆) ဦးသာလက်ခံပါမည်။ ကြိုတင်ငွေသွင်းအပ်နှံနိုင်ပါပြီ။

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**
အဖ ဦးတင်ထွေး[၁၀/မလမ(နိုင်)၀၂၅၇၇၁] အမိ ဒေါ်ရင်ရင်ထွေး[၁၂/သကတ(နိုင်)၀၃၂၉၀၇]တို့၏ သားဖြစ်သူ မောင်သန်းထိုက်ဦး [၁၀/မလမ(နိုင်)၁၃၃၇၂၉]သည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။
ဦးတင်ထွေး၊ ဒေါ်ရင်ရင်ထွေး

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ “သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်” ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*၁၈-၃-၂၀၁၅ ရက်နေ့မှအဆက်*

မောင်ညိုမှာ ချစ်သူခေါ်ရာသို့လည်း လိုက်ချင်သည်။ ဆင်းရဲသော မုဆိုးမ မိခင်အိုကြီးကိုလည်း မပစ်ရက်။

ထို့ကြောင့် မိခင်အိုကြီးကို ချမ်းသာစွာ ထားနိုင်လျှင် သိုက်နန်းသို့ လိုက်ပါမည်ဟု ခင်မြိုင့်အား ကတိပေးလိုက်သည်။ ထိုအခါ ခင်မြိုင်က မောင်ညိုအား ရွှေငွေရတနာများကို ပေးလိုက်သည်။ ဖြစ်သမျှကို မသိသော မောင်ညို၏ မိခင်သည် ရွှေငွေရတနာများကို ထုခွဲ၍ အိမ်ဆောက်ရန် စီမံသည်။ ပစ္စည်းအချို့မှာ သိုက်ဆရာများ လက်ထဲသို့ ရောက်သွား၏။ ထိုအခါ သိုက်ဆရာများက မောင်ညို့ မိခင်အားသွေးဆောင်ဖျားယောင်းတော့သည်။ ခင်မြိုင်သည် ဥစ္စာစောင့်တစ်ဦးဖြစ်ကြောင်း၊ ထိုအတိုင်းလွှတ်ထားပါက တစ်နေ့တွင် မောင်ညိုသည် လိပ်ပြာအနုတ်ခံရတော့မည် ဖြစ်ကြောင်း၊ မိမိတို့စကား နားထောင်လျှင် မောင်ညို အသက်မသေရုံမက တစ်သက်လုံး စားမကုန်နိုင်အောင် ရွှေငွေများ ရနိုင်မည်ဖြစ်ကြောင်း ရှင်းပြကြရာ . . . မောင်ညို့မိခင်သည် သဘောတူလိုက်၏။

မကြာမီတစ်နေ့၌ သိုက်ဆရာများက မောင်ညို၏ မိခင် အကူအညီဖြင့် မောင်ညိုကို ကြိုးတုပ်ကာ တောအစပ်၌ ကန်တော့ပွဲ အုန်းပွဲပြင်၍ သိုက်တူးကြလေ၏။ တောအတွင်းမှ ကြိုင်သင်းသောသဇင်ပန်းရနံ့များ ပေါ်ထွက်လာသည်။ ခေါင်းတွင် သဇင်ပန်းများ ဝေအောင်ပန်လျက် ရှေးနန်းဝတ်နန်းစားဖြင့် ခင်မြိုင်လည်းပေါ်ထွက်လာသည်။

ခင်မြိုင်က သိုက်ကို မနှောင့်ယှက်ဘဲ ပြန်သွားကြရန် မေတ္တာရပ်ခံသည်။ လောဘဇောတိုက်နေသော သိုက်ဆရာတို့က မောင်ညိုကို ခြေမန်းကွင်းစွပ်၍ ဆေးကြိမ်လုံးဖြင့် ရိုက်ကာ ခင်မြိုင်အား အရှုံးပေးခိုင်းသည်။

မရှုရက်သော မိခင်ကြီးက သိုက်ဆရာ၏ ကြိမ်လုံးကို ဝင်လုရာမှ စည်းပေါက်သွားသည်။ ထိုအခိုက်တွင်ပင် နွားလားဥဿဘတစ်စီးသည် ဝင်ခတ်ရာ သိုက်ဆရာသည် ချိုဖျား၌ ပါသွား၏။ ကျန်ရွာသားများက သတိမလစ်တစ်ချက် လစ်တစ်ချက်ဖြစ်နေသော မောင်ညိုကို အိမ်သို့ ပြန်ခေါ်လာသည်။ ထိုညသန်းခေါင်ယံ၌ တစ်ရွာလုံး သဇင်ပန်းနံ့တို့ဖြင့် မွှေးကြိုင်နေသည်ဆို၏။ ခွေးအူသံ များကြားတွင် မြင်းခွာသံ၊ ရထားသံများကြားရပြီး မောင်ညိုသည် လုံးဝသတိလစ်မေ့မြောသွားသည်။ တစ်ရွာလုံး ထိတ်လန့်သမျှ ကြေကွဲဝမ်းနည်းနေကြသည်။ မောင်ညို၏ မုဆိုးမ မိခင်ကြီးမှာမူ ပဋ္ဌာမြေလူးရှူး မတတ်ငိုကြွေးနေရှာသည်။ မောင်ညို၏ အလောင်းကိုမူ လှပစွာ ပြင်ဆင်ပြီး အိမ်အပြင်၌ ခုတင်ဖြင့် ချထားသည်။

နောက်မွန်းလွဲတစ်နာရီတွင် မောင်ညိုကို ခေါင်းသွင်းရန် ပြင်ခိုက် သိက္ခာက္ကန္ဒြေတော်ဖြင့် ပြည့်စုံသောရဟန်းတစ်ပါးသည် တပည့်တစ်ဦးနှင့်အတူ ရွာတွင်းသို့ ကြွရောက်လာသည်။

ကျွန်တော်က ခိုင့်ကို လှမ်းခေါ်၍ တားမြစ်သည်။ သို့ရာတွင် ခိုင်က လှည့်မကြည့်။ မဂ္ဂဇင်းစာအုပ်လေးကို ပိုက်၍ ဒေါ်နှင့်မောနှင့် ထွက်ခွာသွားသည်။

ထိုနေ့မှစ၍ ခိုင် ကျွန်တော်ကို လာသတင်းမမေးတော့။ ညနေတိုင်လျှင် ကျွန်တော် ခိုင့်ကို မျှော်သည်။

မိခိုင်တစ်ယောက်က လုံးဝပေါ်မလာ။ ကျွန်တော်သည် တစ်ဖက်ခြံသို့ ကူး၍ ခိုင့်ကို သွားတွေ့လိုသည်။

သို့ရာတွင် နာလံထစ အပြင်ထွက်လျှင် လေစိမ်းမိ၍ ပြန်ဖျားမည်ဆိုကာ မေမေက ထွက်ခွင့်မပေး။ နောက်တစ်နေ့၌ ကျောင်းသွားကာနီး ဝင်လာမြဲဖြစ်သော ခိုင်သည်ပေါ်မလာ။ ခိုင်ပေါ်မလာသဖြင့် ငြိမ်းမောင် တစ်ကောင်လည်း ပေါ်မလာ။ ငြိမ်းမောင်ဆိုသည့် ကောင်သည်ခိုင် ခိုင်းရာလုပ်၍ ခိုင်မကြိုက်လျှင်ဘာကိုမျှပြုရဲဟန်မတူ။ ထိုရက်များအတွင်း ကျွန်တော်သည် ဒေါပွရင်း ဝမ်းနည်းရင်း အချိန်ကို ကုန်လွန်စေရသည်။

ကျွန်တော် ကောင်းစွာ ကျန်းမာလာပြီဖြစ်သဖြင့် နောက်တစ်နေ့ဆိုလျှင် ကျောင်းတက်နိုင်ပြီဟု ဖေဖေက ခွင့်ပေးသည်။ ထိုနေ့ညနေ၌ ခိုင်၏ မိဘများသည် မြိုင်၊ လှိုင်တို့နှင့်အတူ ကျွန်တော့်တို့အိမ်ဘက်သို့လာလည်သည်။ (မမကြိုင်မှာမူ ကောလိပ်သို့ သွားနေပြီဖြစ်၍ သန်လျင်၌ မရှိတော့) ခိုင်တစ်ယောက်မူပါမလာ . . .။ ဤသည်ကို ကျွန်တော် မကျေနပ်။အိမ်ပြင်ထွက်ခွင့်ရပြီဖြစ်သော ကျွန်တော်က ခြံနောက်ဘက်သို့ ထွက်လာခဲ့သည်။ ခိုင်နှင့် ကျွန်တော် စတင်တွေ့ခဲ့သော သစ်ပင်ကြီးဆီသို့သာ ထွက်လာခဲ့မိ၏။ သစ်ပင်ကြီးကို လှမ်းမြင်ရသောအချိန်၌ ကျွန်တော့်ရင်ထဲမှာ ဝမ်းသာလွန်း၍ ခုန်ပေါက်မိမတတ် ဖြစ်သွား၏။

တစ်ခါတုန်းကကဲ့သို့ပင် မိခိုင်သည် မြရာပင်ကြီးကို မှီလျက်အဝေးသို့ ငေးနေသည်။သူ့လက်တွင်း၌လည်း တစ်ခါတုန်းကကဲ့သို့ပင် စာအုပ်တစ်အုပ်ကို ကိုင်ထား၏။ သို့ရာတွင် သူ့မျက်နှာ၌ တစ်ခါတုန်းကကဲ့သို့ မျက်မှန်ကြီးမရှိ။ မျက်နှာပေါ်မှ မျက်မှန်အစား ခိုင့်ခေါင်းပေါ်တွင် စံပယ်ပန်းတို့ဝေအောင် ပန်ထားသည်။

ကျွန်တော်သည် ဝမ်းသာခြင်းကို မထိန်းနိုင်ဘဲ ခိုင့်ဆီပြေးသွားရင်းပင် နှုတ်မှအော်မိသည်။

“ခိုင်ရေ . . . ခိုင်ရေ . . . မောင် လာပြီ . . ”

ခိုင်သည် ထိတ်လန့်တကြား ကျွန်တော့်ကို လှည့်ကြည့်သည်။ ခေတ္တမျှ တွေသွားရှာ၏။ နောက်ခဏ၌မူ ကျွန်တော့်ကို ကျောခိုင်း လျင်မြန်သွက်လက်စွာဖြင့် သူတို့ခြံတွင်းသို့ ပြေးထွက် ပျောက်ကွယ်သွားသည်။

မြရာပင်ကြီးအောက်တွင် ကျွန်တော်တစ်ယောက်တည်း ရပ်ကျန်ရစ်သည်။ ခိုင့်နောက်သို့ ကျွန်တော်ပြေးလိုက်လျှင် မီမှန်းသိသည်။ သို့ရာတွင် ဘာကြောင့်မသိ၊ ပြေးမလိုက်မိ။ မြရာပင်ကြီးအောက်တွင်သာ ရပ်နေမိသည်။ ရင်တွင်း၌ ဒေါသထွက်မိသည်။ မခံချင်လည်း ဖြစ်မိသည်။ သို့ရာတွင် ဒေါသနှင့် မခံချင်မှုများက ဝမ်းနည်းမှုကို စိုးမိုးလွှမ်းခြုံပစ်လိုက်သည်။

ကျွန်တော့်ခြေရင်းတွင် စံပယ်ပွင့် သုံးလေးပွင့်ကို တွေ့ရသည်။ကျွန်တော်သည် စံပယ်ပွင့်များကိုကောက်၍ လက်ဖြင့်ခြေကာ လွှင့်ပေါက်ပစ်မိသည်။

ကျွန်တော် ရှေ့ရှုရပ်မိနေရာ အဝေးဆီ၌ မှိုင်းညို့သော ကျိုက်ဗောဓိစေတီတော်မြတ်ကိုလှမ်းမြင်နိုင်သည်။ ကျွန်တော့်နှာဝတွင်လည်း စံပယ်နံ့တို့ မွှေးနေသည်။

ခင်မြိုင်နှင့် မောင်ညိုတို့၏ ကြေကွဲဖွယ်ဇာတ်လမ်းကို ပြန်သတိရမိသည်။ ထိုခဏအတွင်း၌ ခိုင့်အပေါ် ကျွန်တော် စိတ်ပြေသွားသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ကျွန်တော်သည် ကျောင်းပြန်တက်သည်။ ထုံးစံအတိုင်း ခိုင်တို့အိမ်ဘက်ဆီ ကူးလာခဲ့မိသည်။သူငယ်ချင်းအပျိုတစ်သိုက်နှင့် ထွက်လာသော မြိုင့်ကို ခြံဝ၌ ကျွန်တော် သွားတွေ့သည်။

“အို . . . မောင် ကျောင်းတက်တော့မလား၊ မောင် နေကောင်းပြီလား . . . ” မြိုင်က ချိုသာစွာ မေးသည်။

တွေ့စက မြိုင်နှင့် ကြိုင်ကို အနည်းငယ် မုန်းမိသည်။ ကြိုင့်အကြောင်းကိုမူ ကျွန်တော်သိပ်မသိ။ မြိုင့်ကိုမူ အိမ်၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း မကြာခဏ တွေ့နေရသဖြင့် ကျွန်တော် နားလည်သည်။ မျက်နှာလေး ဝန်းပြည့်ပြည့်နှင့် နှာတံလေးတန်းကာ လူတစ်ယောက်ကို မျက်ခုံးလေးပင့်၍ ကြည့်တတ်သော မြိုင့်အလှကို ကျွန်တော် ဖော်ပြခဲ့ပြီးပြီ။ မြိုင်သည် လှရုံသာမကပဲ သဘောလည်း ကောင်းသည်။ အမှန်ကို ဝန်ခံရလျှင် ကြိုင်၊ မြိုင်၊ ခိုင်၊ လှိုင် ညီအစ်မအားလုံးအနက် ခိုင်ကလွဲလျှင် မြိုင့်ကို ကျွန်တော် အချစ်ဆုံးဖြစ်သည်။

ထို့ကြောင့် မြိုင်က ချိုသာစွာ မေးသောအခါ ကျွန်တော်က ယဉ်ကျေးစွာ ပြန်ဖြေသည်။

“ဟုတ်ကဲ့ မမမြိုင်၊ ကျွန်တော် ကျောင်းတက်နိုင်ပါပြီ။ အခု ခိုင့်ကို လာခေါ်တာ”

“အို . . . ခိုင့်ကို လာခေါ်တာ၊ ခိုင်က ငြိမ်းမောင်နဲ့ ကျောင်းသွားတက်ပြီ။ မမမြိုင်ကတောင် ပြောသေးတယ်၊ မောင် ဒီနေ့ ကျောင်းတက်လိမ့်မယ်လို့ . . . ”

ကျွန်တော် ငိုင်ကျသွားမိသည်။ ကျွန်တော် ကျောင်းတက်မည်မှန်းသိလျက် ခိုင်သည် ဘာကြောင့်မစောင့်သနည်း။

မြိုင်သည် ကျွန်တော့်ပုခုံးကို ပုတ်ကာ အသာအယာ ဆိုသည်။

“မောင်နဲ့ ခိုင် စိတ်ဆိုးနေကြသလား၊ ဟုတ်လား . . . ဘာစိတ်ဆိုးနေကြသလဲ”

“ခိုင် စိတ်ဆိုးနေလားတော့ မသိဘူး။ ကျွန်တော်ကတော့ သူ့ကို စိတ်မဆိုးပါဘူး ”

ကျွန်တော့်စကားသံကို ကြားသောအခါ မြိုင့်သူငယ်ချင်းမ,တွေက ဝိုင်းရယ်ကြသည်။ ထိုအခါမြိုင်သည် သူငယ်ချင်းမ,များကို ပြုံးစူစူတစ်ချက်လှည့်ကြည့် မျက်စောင်းထိုးပြီးဆို၏။

“ မောင့်ကို မရယ်ကြပါနဲ့၊ မြိုင့်မောင်က သိပ်မာနကြီးတယ်၊ ပြီးတော့ သိပ်သဘောကောင်းတယ်”

ဤသို့ဆိုပြီး မြိုင်သည် ကျွန်တော့်ပုခုံးကို ပွေ့ဖက်၍ ချော့ချော့မော့မော့ပြော၏။

“မောင် မဖျားခင်က ခိုင့်ကြောင့် မောင် အရိုက်ခံရတယ်ဆို၊ ခိုင်ကလည်း မကောင်းဘူးကွဲ့ သိလား၊ မောင်က ခိုင့်ကို သိပ်အလိုမလိုက်နဲ့ သိလား၊ ကဲ . . . မောင် မမမြိုင်နဲ့ လိုက်ခဲ့ပေါ့ . . . ”

မမမြိုင်၏ မေတ္တာကြောင့် ကျွန်တော်သည် စိတ်၌ လန်းဆန်းသွားသည်။ သို့ရာတွင် သူတို့အပျိုတစ်သိုက်နှင့်မူ မလိုက်ချင်။

“ ကိစ္စမရှိပါဘူး မမမြိုင်ရယ် . . . မောင်တစ်ယောက်တည်း ကျောင်းသွားရဲပါတယ် ”

ထိုမျှဆို၍ ကျွန်တော်သည် ခြံတွင်းမှ ပြေးထွက်ခဲ့ပြီး တစ်ယောက်တည်း ကျောင်းသို့သွားသည်။

ကျွန်တော် ကျောင်းရောက်သောအခါ ကျောင်းမတက်သေး။ ကျောင်းရှေ့ရှိ ဘောလုံးကွင်းကြီးထဲတွင် ကျောင်းသူကျောင်းသားများ ကစားနေကြသည်။ သူတို့ အထဲတွင် ခိုင့်ကိုပါ တွေ့ရသည်။ ကျွန်တော့်ကို အံ့သြစေသည်မှာ ခိုင်သည် ကျောင်း၏ လူဆိုးလေးများ ဖြစ်ကြသော ဟုတ်ကြိုင်၊ အယ်ဒီ၊ အောင်ကြည်တို့နှင့် တွဲကစားနေခြင်းဖြစ်သည်။ ယခင်က သူတို့နှင့် ခိုင်တွဲကစားသည်ကို မတွေ့ဖူး။ သူတို့နှင့် မလှမ်းမကမ်းတွင် ရစ်သီရစ်သီလုပ်နေသော ငြိမ်းမောင်ကိုလည်း တွေ့ရသည်။ ဟုတ်ကြိုင်တို့လူသိုက်နှင့် ငြိမ်းမောင်တို့ မတည့်။မတည့်ဆိုရာ၌ ငြိမ်းမောင်က ဆိုးသည်မဟုတ်။ ငြိမ်းမောင်က လူကြောက်ဖြစ်သည်။ ဟုတ်ကြိုင်တို့လူစုက အနိုင်ကျင့်တတ်သည်။ ထို့ကြောင့် ငြိမ်းမောင်က သူတို့နှင့် မတွဲ . . .။

ကျွန်တော်သည် ဟုတ်ကြိုင်တို့လူသိုက်နှင့် ခိုင်တွဲနေသည်ကို မကြိုက်။ သို့ရာတွင် မည်သို့မျှလည်း ဝင်မပြောချင်သဖြင့် အတန်းသို့ ပြန်ကာ စာဖတ်နေ၏။

ကျောင်းတက်ခေါင်းလောင်းထိုး၍ ဆရာမ ဝင်မလာမီ ငြိမ်းမောင်က ကျွန်တော့်နားကပ်၍ တိုးတိုးမေးသည်။

“မောင် . . . မင်းနဲ့ ခိုင် ဘာဖြစ်နေကြတာလဲ”

“ငါနဲ့ ခိုင် ဘာမှမဖြစ်ပါဘူး၊ ဒါထက် ခိုင်နဲ့ ဟုတ်ကြိုင်တို့ ဘယ်လိုတွဲမိသွားတာတုံး . . . ”

“အေးကွာ၊ ငါပြောလို့လည်း မကောင်းဘူး . . .။ ဒီကောင်တွေဟာ ကောင်းတာမဟုတ်ဘူး . . . မဟုတ်လား ”

“အေးလေ . . . မကောင်းတာ ငါ သိသားပေါ့။ မင်းက ခိုင့်ကို သူတို့နဲ့ ဘာလို့တွဲစေရသလဲ ”

“ဘယ်နှယ့်လုပ်မလဲ၊ မင်း ခိုင်က ငါပြောလို့မှ မရဘဲ . . . ”

ကျွန်တော်သည် ငြိမ်းမောင်ကို မကျေနပ်သော်လည်း ဆရာဝင်လာသောကြောင့် စကားဖြတ်လိုက်သည်။

နေ့လယ်မုန့်စားဆင်းချိန်တွင် ကျွန်တော်သည် ကျောင်းအောက်မုန့်ဆိုင်သို့ ဆင်းလာခဲ့သည်။

မုန့်ဆိုင်နှင့် မလှမ်းမကမ်းတွင် ဟုတ်ကြိုင်တို့လူသိုက်သည် ပလုတ်ပလောင်းနှင့် သရေစာများ စားနေကြသည်။

အခြားမနီးမဝေးရှိ ထောင့်တစ်ခုတွင် ခိုင်သည် ကုပ်ကုပ်ရပ်၍ မုန့်ဆိုင်ကို လှမ်းကြည့်နေသည်။ ခိုင့်လက်တွင်း၌ စားစရာ မရှိ။

နေ့စဉ်မုန့်စားချိန်၌ ကျွန်တော်တို့ကလေးများသည် အလွန်ဆာတတ်သည်။ မိခိုင်ရော ကျွန်တော်ပါ တစ်နေ့ မုန့်ဖိုးတစ်မူးစီ ရကြသဖြင့် မုန့်ဖိုးအများဆုံးရသူများ ဖြစ်ကြသည်။ ခါတိုင်းဆိုလျှင် မိခိုင်သည် ယခုအချိန်မျိုး၌ သူ့လက်တွင်း စားစရာမျိုးစုံ ကိုင်စားနေလေ့ရှိသည်။

ကျွန်တော်သည် မုန့်ဝယ်စားမည်လုပ်ပြီးမှ မစားဘဲ ခိုင့်ထံ လျှောက်သွားသည်။

“ခိုင် မုန့်စားပြီးပြီလား” ခိုင်က ခေါင်းခါသည်။

“ဘာဖြစ်လို့ မစားလဲ၊ မဆာဘူးလား ” ခိုင်ကမဖြေ။

“ ခိုင့် မုန့်ဖိုးကော ”

ဤသည်ကိုလည်း ခိုင်က မဖြေ။ မျက်ရည်ဝဲ၍သာ ငြိမ်နေသည်။ ထိုစဉ် ငြိမ်းမောင် ပေါ်လာသည်။ ကျွန်တော် သိချင်သော အဖြေကို ငြိမ်းမောင်ထံမှ ရသည်။

“ ခိုင် မုန့်ဘယ်စားရမလဲ . . . ဟိုကောင်တွေ စားသွားတာကို . . . ”

“ ဘာပြောတယ် . . . ဟိုကောင်တွေ စားသွားတယ် ”

“ ဟုတ်တယ် . . . . နေ့တိုင်း မုန့်စားချိန်ကျရင် သူတို့က ခိုင့်ဆီက ပိုက်ဆံချေးတယ်၊ ခိုင်ကလည်း တစ်မူးလုံး ချေးလိုက်တာချည်းပဲ ”

ကျွန်တော်သည် ရုတ်တရက် ဒေါသထွက်သွားပြီး ခိုင့်ဘက် လှည့်မေးသည်။

“ ခိုင်က သူတို့ကို ဘာလို့ချေးရတာလဲ ”

ထိုအခါမှ ခိုင်သည် ခပ်တိုးတိုး မပွင့်တပွင့်ဖြေသည်။

“ သူတို့က ဆာတယ်လို့ ပြောလို့ . . . ”

“ သူတို့ချည်းပဲ ဆာတာမှ မဟုတ်ဘဲ၊ ခိုင်ကော မဆာဘူးလား ”

ခိုင်က ပြန်မဖြေနိုင်၊ ကျွန်တော်သည် ဘာမျှဆက်မမေးတော့ဘဲ ခိုင့်ကို ခိုင်ဝယ်စားလေ့ရှိသော အုန်းနို့ခေါက်ဆွဲဆိုင်သို့ ခေါ်လာခဲ့သည်။

“ ကဲ ရော့ . . . တစ်ပဲဖိုးစား။ မောင် သကြားလုံးတို့ ဆားငန်သီးတို့ သွားဝယ်လိုက်ဦးမယ် . . . ”

ကျွန်တော်သည် ခိုင့်ကို ထားခဲ့ပြီး အခြားဆိုင်က ဆားငန်သီးနှင့် သကြားလုံး တစ်ပဲဖိုး ဝယ်သည်။

သကြားလုံးတစ်လုံးကို ကျွန်တော်က ပါးစပ်ထဲထည့်၍ တစ်လုံးကို ငြိမ်းမောင်အား ပေးသည်။ ကျန်သည်တို့ကိုခိုင့် အနားချပေးသည်။

ထိုအခါ ခိုင်သည် အုန်းနို့ခေါက်ဆွဲစားရာမှ ပျာပျာလေး မေးသည်။

“ ဟင် . . . မောင်တော့ ဘာမှမစားဘူးလား ”

“မောင် မဆာပါဘူး . . . ပြီးတော့ မောင် သကြားလုံး စားထားတယ်၊ ကဲ . . . ငြိမ်းမောင် ငါနဲ့ လိုက်ခဲ့စမ်း၊ ခိုင် ဒီမှာ နေခဲ့ဦးနော် ”

ကျွန်တော်က ဟုတ်ကြိုင်တို့လူသိုက်ဆီ လျှောက်သွားသည်။ ကျွန်တော့်နောက်မှ ငြိမ်းမောင်သည် တွန့်ဆုတ်တွန့်ဆုတ်နှင့် လိုက်ပါလာသည်။

စပ်ဖြဲဖြဲ ပြောင်စပ်စပ်မျက်နှာများဖြင့် ဟုတ်ကြိုင်တို့လူသိုက်သည် ကျွန်တော်တို့အား ကြည့်နေသည်။ ကျွန်တော်က အသံမာမာနှင့် သူတို့အား မေးသည်။

“မင်းတို့ ခိုင့်ဆီက ပိုက်ဆံချေးတယ်ဆို”

သူတို့အားလုံးသည် ခေတ္တကြောင်သွားပြီးနောက် ခေါင်းဆောင်လုပ်သော ဟုတ်ကြိုင်က ဖြေသည်။

“ချေးတာ မဟုတ်ဘူး၊ ကောင်မလေးက တို့ကိုပေးတယ်၊ မင်းနဲ့ ဘာဆိုင်လို့လဲ ”

“ဆိုင်လို့မေးတာပေါ့ကွ၊ ဟေ့ကောင် ငြိမ်းမောင် သူတို့ ဒီလိုယူတာ ဘယ်နှစ်ရက်ရှိပြီလဲ ”

“ဟို . . . ဟို . . . မင်း . . . မင်းဖျားလို့ကျောင်းမတက်တဲ့နေ့ကတည်းက ” ဟုတ်ကြိုင်သည် ငြိမ်းမောင်နား ကပ်သွား၍ . . . . “ ဟေ့ကောင် ဂျပု၊ မင်းက ကုန်းတိုက်တာ ပေါ့ဟုတ်လား . . . ”ဟု ပြောပြောဆိုဆိုဖြင့် နားရွက်ကို ဆွဲလိမ်သည်။

ကျွန်တော်သည် သည်းမခံနိုင်တော့။ ငြိမ်းမောင်၏ နားရွက်ကို ဆွဲလိမ်နေသော ဟုတ်ကြိုင်၏ ဖောင်းပြည့်သောမျက်နှာဆီ လက်သီးဖြင့် စွတ်ထိုးလိုက်သည်။ ဟုတ်-ကြိုင်က ငြိမ်းမောင်ကို လွှတ်လိုက်၍ ကျွန်တော့်အား ပြန်ထိုးသည်။ အယ်ဒီက ဟုတ်ကြိုင်ကို ကူ၍ ကျွန်တော့်အား ဝိုင်းထိုးနေခိုက် အောင်ကြည်က ငြိမ်းမောင်ကို ဝင်ထိုးသည်။

နှစ်ယောက်တစ်ယောက် ဖြစ်သော်လည်း သူတို့အားလုံးထက် ထွားကြိုင်းသော ကျွန်တော်ကပမာမပြုဘဲ ပြန်ထိုးနိုင်သည်။

ကျောင်းသားကြီးများနှင့် ဆရာမများ ရောက်လာ၍ ရန်ပွဲစဲသောအခါ ကျွန်တော့်လက်သီးဒဏ်ကြောင့် ဟုတ်ကြိုင်၏ မျက်လုံးတစ်ဖက်မှာ ရောင်ကိုင်းနေသည်။ နှုတ်ခမ်းကွဲသွားသော အယ်ဒီ့ပါးစပ်မှ သွေးများ ယိုကျနေသည်။ ကျွန်တော်က ငြိမ်းမောင်ဘက်သို့ စိုးရိမ်တကြီး လှည့်ကြည့်သည်။

ငြိမ်းမောင်သည် ကြောက်ရွံ့ခြင်းဖြင့် တုန်ရီနေသည်။ သို့ရာတွင် သူ့မျက်နှာ၌ ဘာဒဏ်ရာမှ မတွေ့။

ငြိမ်းမောင် ကြောက်ကန့်,ကန့်ထားသောဒဏ်ကြောင့် အောင်ကြည်သာ နှာခေါင်းမှ သွေးများထွက်၍ ဆရာမအားတိုင်နေသည်။

ထိုနေ့က ကျွန်တော်၊ ဟုတ်ကြိုင်၊ အယ်ဒီ၊ အောင်ကြည် တို့မှာတစ်ယောက်ဆယ်ချက်စီ ကြိမ်လုံးဖြင့်တင်ပါး၌ အရိုက်ခံရသည်။

ကျွန်တော် သနားမိသည်မှာ ငြိမ်းမောင်ဖြစ်သည်။ သူ့ကိုယ်သူ ဘယ်တော့မှ အရိုက်မခံရသေးဟုကြွားခဲ့သော ငြိမ်းမောင်မှာ တင်ပါးငါးချက် အဆော်ခံရလေသတည်း။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ဥရောပ ပညာသင်ကြားရေးစနစ်ကို မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ တိုက်ရိုက်လေ့လာနိုင်

**ရန်ကုန် မတ် ၁၉**

ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးနှင့် ပတ်သက်၍ ပညာရေးနှီးနှောဖလှယ်ပွဲများ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များ ပြုလုပ်ခဲ့သည့် ပိုလန်နိုင်ငံ၏ အကောင်းဆုံးစာရင်းဝင် ပုဂ္ဂလိကတက္ကသိုလ်တစ်ခု ဖြစ်သော SWPS University ၏ ထောက်ခံမှုရရှိထားသည့် EEC (European Education Center) သင်တန်းကျောင်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဥရောပ ပညာသင်ကြားရေးစနစ်ကို တိုက်ရိုက် လေ့လာသင်ယူနိုင်ပြီဖြစ်ကြောင်း University of Social Sciences and Humanities,SWPS University ၏ Lecturer ဖြစ်သူ ဦးသန်းထွန်းအောင်၏ ပြောပြချက်အရသိရသည်။

"EEC ရဲ့ အဓိက ရည်ရွယ်ချက်က European Universitry မှာ သင်ကြားပေးတဲ့ ပညာတွေကို ဒီက ကလေးတွေ တိုက်ရိုက်လေ့လာသင်ကြားခွင့်ရစေချင်တယ်။ ဒီမှာ သင်တန်းတက်ပြီးရင် ပိုလန်က တိုက်ရိုက်ပေးတဲ့ Certificate ပေးအပ်မှာပါ။ သင်တန်းတက်ပြီးတဲ့ကလေးတွေအရည်အချင်း ပြည့်ဝသွားရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များမှာပါ။ ဒီမှာ တက္ကသိုလ်ကျောင်းခွဲဖွင့်နိုင်အောင်လည်း ကျိုးစားနေပါတယ်"ဟု ဦးသန်းထွန်းအောင်က ပြောသည်။

အဆိုပါ EEC (European Education Center) သင်တန်းကျောင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကျောင်းတွင် Executive MBA ,International Business Relations, Management, Diploma in Human Resources, Diploma in Business English အစရှိသည့် သင်တန်းများတက်ရောက်နိုင်ပြီး သင်တန်းကြေး အနေဖြင့်တစ်လတစ်ခါ အရစ်ကျစနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ကြောင်းသိရသည်။

ပိုလန်နိုင်ငံ University of Social Sciences and Humanities,SWPS University မှ တာဝန်ရှိသူများသည် လွန်ခဲ့သော ၂၀၁၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံရှိ ရန်ကုန်တက္ကသိုလ် ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးနှင့် ပတ်သက်၍ ပညာရေးနှီးနှောဖလှယ်ပွဲများ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ၂၀၁၅ ခုနှစ်တွင်လည်း ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့နှင့် MOU ရေးထိုးရန် အတွက် SWPS University မှ Prof. Teresa Gardocka, Vice-Rector မှ ကိုယ်တိုင်လာရောက်၍ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ်များနှင့် တွေ့ဆုံဆွေးနွေးကာ ဆရာလဲလှယ်သင်ကြားမှုများအကြောင်း၊ ပိုလန်နိုင်ငံမှ Lecturer များအား တက္ကသိုလ်များသို့ ဝင်ရောက်သင်ကြားပို့ချမှုများအကြောင်း၊ တက္ကသိုလ် ဆရာဆရာမများကို Training Program များ ပေးနိုင်ရန် စသည့် အကြောင်းအရာများဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သီသီမင်း)**

# ဒက္ခိဏသီရိမြို့နယ်ရွှေခဲအင်းကျေးရွာအုပ်စု ကျွဲတဲကျေးရွာရွာလုံးကျွတ်ဆိုလာလျှပ်စစ်မီးလင်းပြီ

**နေပြည်တော် မတ် ၁၉**

နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ခုနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်ဒက္ခိဏသီရိမြို့နယ်ရွှေခဲအင်းကျေးရွာအုပ်စု ကျွဲတဲကျေးရွာ ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် ညနေ ၆ နာရီတွင် ကျွဲတဲကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဖြည့်စွက်ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် National Grid Line ဖြင့်ဆောင်ရွက်ပေးနိုင်သည့် ကျေးရွာငါးရွာအား 11KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး National Grid Line ဖြင့် မမှီသည့်ကျေးရွာကိုးရွာအား ဆိုလာလျှပ်စစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယနေ့ ကျွဲတဲကျေးရွာကျေးရွာလုံးကျွတ် ဆိုလာမီးလင်းရေးအတွက် ပေးအပ်ခဲ့ရာ မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးအတွက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

အခမ်းအနားသို့နေပြည်တော်ကောင်စီဝင် ဒက္ခိဏသီရိမြို့နယ်တာဝန်ခံ ဦးစောလှ၊ ကောင်စီဝင်ဦးဘုန်းဇော်ဟန်၊ လျှပ်စစ်အင်ဂျင်နီယာချုပ် ဦးကျော်ငြိမ်း၊ စိုက်ပျိုးရေး ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဝင်း၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ NGO အသင်းအဖွဲ့များနှင့်ကျေးရွာပြည်သူလူထုများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**မင်းမင်းလတ်(ရုပဗေဒ)**

# ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများအား မြို့နယ်များသို့ပေးအပ်

**သရက် မတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး ကိရိယာများအားမြို့နယ်များသို့ ပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၈ နာရီက သရက်ခရိုင် မီးသတ်ဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်နှင့် တာဝန်ရှိသူများက ခရိုင်အတွင်းရှိ မြို့နယ်များမှ မီးသတ်ဦးစီးမှူးများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ရုံးသုံးပစ္စည်း၊ စာရွက်စာတမ်းများ ပေးအပ်ရာ မြို့နယ်များမှ မီးသတ်ဦးစီးမှူးများက လက်ခံရယူခဲ့သည်။

ယင်းနောက် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသည့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်များက လိုက်လံကြည့်ရှုရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းက ရှင်းလင်းပြသပြီး မီးသတ်ဝန်ထမ်းများက လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မြောင်မြို့နယ် သာဇေယျ တံတားဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**မြောင် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အတွင်းရှိ ကျေးရွာများ ခရီးသွားလာမှု အဆင်ပြေစေရေးနှင့် ဒေသထွက်ကုန်များ ရာသီမရွေးသယ်ယူပို့ဆောင်နိုင်ရေး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် လမ်းတံတားများကို ဆောင်ရွက်လျက်ရှိရာ သရက်သာ-ကျောက်ရစ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သာဇေယျ တံတားမှာ ၉၀ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးပြီဖြစ်၍ မကြာမီ ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားမှာ အလျား ၁၄၆ ပေ နှင့် ချဉ်းကပ်လမ်းအရှည် တစ်ဖက်လျှင် ပေ ၄၀၊ စုစုပေါင်းတံတားအရှည် ၂၂၆ ပေရှိပြီး သံကူကွန်ကရစ် နှစ်တိုင်စင်ဖြင့် ရာသီမရွေးသွားလာနိုင်ရေး ဆောက်လုပ်ထားရှိပြီး မေတ္တာစွမ်းရည်ရွှေသိမ်တော်ဆရာတော် အရှင်စန္ဒိမာ နှင့် နှစ်ဖက်သော မိဘများအားအမှူးထား၍ ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးနေ အလှူရှင် ဦးမျိုးမြင့်-ဒေါ်ခင်မာဆွေသန်း မိသားစုတို့က မတည်လှူဒါန်းကာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၏ စုပေါင်းအလှူဒါနဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀၊ အလှူရှင်မှ မတည်လှူဒါန်းငွေ ကျပ်သိန်း ၂၅၀၊ ပြည်သူများ ထည့်ဝင်ငွေ ၆၅ သိန်း စုစုပေါင်းကုန်ကျငွေ ၃၆၅ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားသည် ကျောက်ရစ်ကျေးရွာအရှေ့ဘက်ရှိ သရက်သာကျေးရွာ အပါအဝင် ကျွန်းထဲကျေးရွာများအားလုံးနှင့် အနောက်ဘက်ရှိ ကျီးတောကျေးရွာတို့ကို ရာသီမရွေးသွားလာနိုင်အောင် ဆက်သွယ်ပေးရာတွင် အဓိကအရေးပါလာမည့်တံတား ဖြစ်သည်။

တံတားဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားတွင် မေတ္တာစွမ်းရည်ဆရာတော် အရှင်စန္ဒိမာ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရဘိဝံသ အရှင်သူမြတ်တို့က ဧပြီလ ၅ ရက်၊ ၆ ရက် ညများတွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်သည်။ **မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



# "လက်မှုမှသည် အနုပညာဆီသို့" အနုပညာပြပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၉**

လက်မှုအနုပညာ ဖန်တီးမှု လက်ရာအသစ်များကို ခင်းကျင်းပြသမည့် "လက်မှုမှသည် အနုပညာဆီသို့" ခေတ်ပြိုင်လက်မှုအနုပညာပြပွဲကို ဗြိတိသျှကောင်စီ၊ SDC Swiss Agency for Development and Cooperation နှင့် New Zero Art Space တို့မှပူးပေါင်းပြီး ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ Goethe Villa (ယခင် ပန်းချီပန်းပုကျောင်း၊ ရေခဲဆိုင်မှတ်တိုင်အနီး) တွင် မတ် ၂၁ ရက်မှ ၂၅ ရက်ထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ရှမ်းပြည်နယ် အင်းလေးဒေသ မန္တလေးနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့မှ လက်မှုပညာရှင်များ၏ တီထွင်ဖန်တီးမှု လက်မှုအနုပညာပစ္စည်း ၃၅၀ ကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ယင်းအပြင်သက်ဆိုင်ရာဒေသ အသီးသီးရှိ လက်မှုပညာရပ်များအလိုက် မှတ်တမ်းရယူထားသော မှတ်တမ်းဗီဒီယိုများကိုလည်း ပြပွဲတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ဒေသအသီးသီးမှ လက်မှုပညာရှင်အချို့နှင့် ဒေသဆိုင်ရာ လက်မှုပညာရှင်များ၏ ကိုယ်စားလှယ်များလည်း ရှိနေကြမည်ဖြစ်ပြီး လက်မှုပညာကို ချစ်မြတ်နိုး၊ စိတ်ပါဝင်စားကြသည့် မည်သူမဆို လာရောက်ကြည့်ရှု၍ သိလိုသည်များကို လွတ်လပ်စွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း ဗြိတိသျှကောင်စီမှ သိရသည်။

ပြပွဲတွင် အနုပညာလက်ရာများအဖြစ် ဝါးဖြင့်ပြုလုပ်ထားသည့် အနုပညာလက်ရာများ၊ ရွှေချည်ထိုး၊ ရုပ်သေး၊ သစ် သားပန်းပု၊ ကျောက်ဆစ်၊ ယွန်းထည်၊ ငွေထည်၊ ချည်ထည်၊ ဂျပ်ခုတ်နှင့် ရက်ကန်းထည်တို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသန့်**

# ကျွန်းလှမြို့နှင့် ကြက်မွေးမြူရေးဇုန်ဆက်သွယ်သော မြေသားလမ်းဖောက်လုပ်



**ကျွန်းလှ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နှင့် ကြက်မွေးမြူရေးဇုန်ဆက်သွယ်သောမြေသား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မတ် ၁၅ ရက်ကစ၍ စက်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေသားလမ်းပြီးပါကပြည်သူများ၏ ကျန်းမာရေးကိုရှေးရှုပြီးပတ်ဝန်းကျင်အနံ့ဆိုးများကင်းဝေးစေရန်အတွက် မြို့တွင်းကြက်ခြံများကို ကြက်မွေးမြူရေးဇုန်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း မြို့နယ်တိရစ္ဆာန်ဆေးကုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာညွှန့်သောင်းက ပြောသည်။

"ကျွန်တော်တို့ ကြက်မွေးမြူရေးဇုန်ကိုသွားတဲ့လမ်း ဖောက်ပေးတဲ့အတွက် သွားရေးလာရေး လွယ်ကူမှာဖြစ်ပါတယ်။ မွေးမြူရေး အတွက် သွင်းကုန်ထုတ်ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင်လည်း အဆင်ပြေမှာဖြစ်ပါတယ်။ မြို့နဲ့လည်း ဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ကြက်မွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးထိန်ဝင်းက ပြောသည်။

ယင်းသို့ မြေသားလမ်းဖောက်နေခြင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီများ၊ မြို့နယ်အထောက် အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ ကြက်မွေးမြူရေးဇုန်ကော်မတီများနှင့် တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**




Solar Impulse မြန်မာပြည်ခရီးစဉ်ကို ABB မှဂုဏ်ယူဝင့်ကြွားစွာကြိုဆိုပါ၏

နေရောင်ခြည်စွမ်းအင်ဖြင့်မောင်းနှင်သော Solar Impulse ကမ္ဘာပတ်လေယာဉ်ပျံသည်ပထမဦးဆုံး ကမ္ဘာတစ်ပတ်ပျံသန်းမှုသမိုင်းကိုမှတ်တိုင်ပြုနေပြီဖြစ်ပါသည်။ ABB မှဤဆန်းသစ်တီထွင်မှု၊ နည်းပညာပူးပေါင်းမှုကိုကိုလိုက်လှဲစွာ ဂုဏ်ယူအပ်ပါသည်။ ABB သည် မြန်မာနိုင်ငံတွင် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုနှင့်လူမှုဘဝတိုးတက်မြှင့်မားမှုတို့ကို ဆန်းသစ်သောနည်းပညာကြီဆမှုတို့ဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပံ့ပိုးဝန်ဆောင်ပေးပါသည်။ Solar Impulse နှင့်အတူလက်တွဲလျက်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေသော "သန့်ရှင်းစွမ်းအင်" ပိုမိုတိုးတက်အသုံးပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ **www.abb.com/betterworld**

Power and productivity
for a better world™
ABB

ကြော်ငြာ

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)အမှတ်စဉ်(၁၂)သင်တန်း၊

(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)အမှတ်စဉ်(၁၂)သင်တန်း

၂။ အဆိုပါမဟာဘွဲ့ သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူ ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်သူမဖြစ်စေရ။

(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းအတွက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ၂၃-၃-၂၀၁၅ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၁၂-၅-၂၀၁၅ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၆-၅-၂၀၁၅ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။

၇။ ဝင်ခွင့်ဖြေစဉ် ကာလအတွင်း နေထိုင်ရေးစီစဉ်ပေးမည်ဖြစ်ပါသည်။

၈။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းတက်ရောက်မှု အချိန်စာရင်းမှာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေ နေ့တိုင်းဖြစ်ပါသည်။

၉။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ပါမောက္ခချုပ်ရုံးခန်း၊ ဖုန်း- ၀၆၄-၃၉၂၈၅၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(ခ) မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၆၄-၃၉၂၇၈၊ ၀၉-၄၀၂၆၆၂၃၁၃၊ ၀၉-၇၉၈၅၅၄၆၅၂၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

**(အေးဇော်)**
**မော်ကွန်းထိန်း**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**







## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းအတွက် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း
## (Letter of Expression of Interest)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)အား ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အတွေ့အကြုံရှိ ပြည်တွင်း/ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Letter of Expression of Interest-LOEI) တင်သွင်းရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI တွင် တင်ပြရန် လိုအပ်သည့်အချက်အလက်များနှင့် စက်ရုံဆိုင်ရာအချက်အလက်များကို စွမ်းအင်ဝန်ကြီးဌာန၏ **Website (http://www.energy.gov.mm/index.php/en/information/announcement)**နှင့် **(www.facebook.com/Ministry Of Energy. Myanmar)** တို့တွင် ရရှိနိုင်ပြီး အောက်ဖော်ပြပါလိပ်စာတွင်လည်း ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ရယူနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူး | - Fax-067-411124 |
| စီမံရေးဌာန | - Email-MPEHO @ mptmail.net.mm |
| မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | - Email-mpeict @ gmail.com |
| ရုံးအမှတ်(၄၄)၊ နေပြည်တော် | |

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (LOEI)ကို Website တွင် ဖော်ပြထားချက်များနှင့်အညီ အောက်ဖော်ပြပါလိပ်စာတွင် ၄-၅-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ရုံးအမှတ်(၄၄)၊ နေပြည်တော်

၄။ Email/Fax/ အမြန်ချောပို့ဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်သွင်းလာသည့် LOEI အဆိုပြုလွှာများအနက်မှ အလားအလာရှိသောလုပ်ငန်းလုပ်ကိုင်လိုသူများကို ပဏာမစိစစ်ရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

## အိမ်ငှားရန်ရှိသည်
## (စီးပွားရေးလုပ်ရန်နေရာကောင်း)

၁။ ပေ(၂၀×၆၀)၊ စည်ပင်လမ်းမကြီး၊ (၂၄)ရပ်ကွက်၊ တ/ဒဂုံ(ဂိတ်ဟောင်းမှတ်တိုင်အနီး၊ လူစည်ကား)၊ (၆)သိန်း

၂။ ပေ(၁၂½×၇၀)၊ မြေညီ(၂)ထပ်၊ ပြင်ဆင်ပြီး၊ အိမ်ကြီးလမ်း၊ ရေကျော် (ဗိုလ်ချုပ်လမ်းမ ကျောကပ်၊ ရေကျော်ဈေးအနီး)၊ (၆)သိန်း

၃။ ပေ(၆၀×၁၂၀)၊ ဂိုဒေါင်(၁)လုံးပါ၊ မြစ်ကြီးနားလမ်း၊ စက်မှုဇုန်(၁)၊ တ/ဒဂုံ(စက်ရုံလုပ်ငန်းများ အသင့်လုပ်နိုင်)၊ (၁၀)သိန်း

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၉၀၃၃၀၊ ၀၉-၅၀၉၆၄၇၂**

## ရောင်းရန်

(၁) ပြည်မြို့၊ အောင်မြင်ပါဟု၊
လူးကြီးစခန်းတွင် မြေ(၁၀)ဧက ရောင်းရန်ရှိသည်။ နေရာကောင်း၊ ထောင့်ကွက်ဖြစ်သည်။

(၂) ကွမ်းခြံကုန်းမြို့၊ တော်ခရမ်းလေးကျေးရွာ၊ လမ်းမအပေါ် နေရာကောင်း မြေ(၁)ဧကရောင်းရန်ရှိသည်။ နေရာကောင်းဖြစ်သည်။

ဆက်သွယ်ရန်ဖုန်း- 09-799403988, 09-254839457

## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော မြန်မာ့မီးရထားပိုင်ရေးတံတား(ချောင်းတောင်တံတား)၏ ၃-၄-၂၀၁၅ရက်မှ ၂-၄-၂၀၁၈ရက်ထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား | - ရေးတံတား (မြန်မာ့မီးရထား၊ ချောင်းတောင်တံတား) |
| (ခ) | ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ | - မန်နေဂျာ (သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၈)၊ မော်လမြိုင်မြို့။ |
| (ဂ) | အိတ်ဖွင့်တင်ဒါ လေလံတင်သွင်းရမည့်ရက်နှင့်အချိန် | - ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ | - မန်နေဂျာ(သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၈)၊ မော်လမြိုင်မြို့။ |
| (င) | အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန် | - ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)၊ ၁၄း၀၀နာရီ |
| (စ) | အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ | - မန်နေဂျာ(သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၈)၊ မော်လမြိုင်မြို့ |

မှတ်ချက်။ ။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် ၁၀၀၀၀ိ/-ကျပ်နှုန်းဖြင့် ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၈)၊ မော်လမြိုင်တွင် ဝယ်ယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တံတားအသုံးပြုခွင့်လိုင်စင်လေလံတင်ကြီးကြပ်ရေးအဖွဲ့**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၈၂၁**

## (၁၉၆၄-၁၉၈၈)လူရည်ချွန်များကို ဖိတ်ကြားခြင်း

လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့မှ လူရည်ချွန်စကားဝိုင်း(၄)ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း လူရည်ချွန်ဆု၊ သချၤာ လူရည်ချွန်ဆု ရရှိခဲ့သူများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **နေရာ** | - ORCHID HOTEL၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ |
| **နေ့ရက်** | - ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ |
| **ခေါင်းစဉ် (အကြောင်းအရာ)** | - အစားအသောက်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး |
| **ဟောပြော (ဆွေးနွေး)မည့်သူ** | - လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့မှ လူရည်ချွန်နှစ်ဦးဖြစ်သည့် မြန်မာနိုင်ငံအစားအသောက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်းမှ ဒုဥက္ကဋ္ဌ ဦးစိန်သောင်းဦးနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ငြိမ်းအေး |

နံနက်စာနှင့် နေ့လည်စာဖြင့်ဧည့်ခံပါမည်။အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ ၀၉-၇၃၁၆၁၃၁၃၊ ၀၉-၅၁၀၂၉၈၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့**

## ရုံးဝန်ထမ်းအလိုရှိသည်

လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့၏ ရုံးခန်း (လမ်းမတော်မြို့နယ်၊ ရန်ကုန်)တွင် ရုံးဝန်ထမ်းတစ်ဦးအလိုရှိသည်။ ကွန်ပျူတာနှင့် အင်တာနက် ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ ရုံးလုပ်ငန်းအတွေ့အကြုံရှိသူနှင့် ပညာအရည်အချင်းသာသူ ဦးစားပေးမည်။ လစာညှိနှိုင်းပေးမည်။ CV Form နှင့်အတူ ၃၁-၃-၂၀၁၅ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့၊ ဗဟိုစာတိုက်ကြီး၊ စာတိုက်သေတ္တာနံပါတ် (၈၂၈)သို့ ပေးပို့လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ ၀၉-၇၃၁၆၁၃၁၃၊ ၀၉-၅၁၀၂၉၈၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ပင်မသိုလှောင်ရုံ(ရွာသာကြီး)ရှိ အသုံးပြုရန် မသင့်တော်တော့သည့် တာယာအဟောင်းနှင့် ဘက်ထရီအဟောင်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပုံစံနှင့် လေလံစည်းကမ်းချက်တို့အား ၁၆-၃-၂၀၁၅ ရက်မှ ၉-၄-၂၀၁၅ ရက်အထိ အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေရာ၊ နေ့ရက်၊ အချိန်အား ထပ်မံ အကြောင်းကြားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**




## လူပျောက်



ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်-၃၇ A၊ ၆လွှာ၊ ဘူတာရုံလမ်းနေ ဒေါ်ချန်ဒရာ အသက် (၆၆)နှစ်သည် ၉-၃-၂၀၁၅ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဖုန်း-၀၉-၅၁၃၂၉၄၉၊**
**၀၉-၅၁၁၃၄၀၂၊ ၀၉-၇၃၀၇၅၆၉၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ မမိုးမိုးစံ[၁၀/ရမန(နိုင်)၀၀၀၃၈၆] နှင့် မောင်စိုးကိုကိုထွန်း[၁၀/ရမန(နိုင်)၀၈၂၀၅၆]သည် ၁၁-၃-၂၀၁၅ရက်မှစ၍ မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း ကျွန်မသဘောဆန္ဒအရ အများသိစေရန် ကြေညာအပ်ပါသည်။ **မမိုးမိုးစံ**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးမြင့်[၁၂/ဥကတ(နိုင်)၀၈၀၂၁၃]၊ ဒေါ်တင်တင်အောင်[၁၂/ဥကတ(နိုင်)၀၀၆၈၂၈]တို့၏သမီးဖြစ်သူမစန္ဒီစိုးမြင့်[၁၂/ဥကတ(နိုင်)၁၆၄၆၂၇]သည် မိမိသဘောဆန္ဒအရ ပြုမူပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးစိုးမြင့်၊ ဒေါ်တင်တင်အောင်**

## ကန့်ကွက်ပါသည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၁၂-၃-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)၌ ဖော်ပြပါရှိသော လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၃)၊ ဧရိယာ(၀. ၅၆၈) ဧကနှင့် မြေကွက်အမှတ်(၆၄)၊ ဧရိယာ(၀. ၉၃၃)ဧကအနက်မှ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြေအမျိုးအစား (အစိုးရမြေ)အမည်ပေါက်အား ဒေါ်ခင်စန်းယု (ခ) အိပ်ချ်မေယု[၁၂/လမန(ပြု)၀၀၀၁၂၉]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားခြင်းကို ကန့်ကွက်ပါသည်။

**ဦးခင်ဝင်း+(၆)ဦး**
**လက်ရှိနေထိုင်သူများ**

**POPULAR STAR** Travel & Services
Find us on Facebook
လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

| တောင်ကြီး - အင်းလေး - ပင်းတယ<br>ကလော - ထမ်ဆမ်း - မွေတော်ကက္ကူ | မန္တလေး - မင်းကွန်း<br>ပြင်ဦးလွင် - စစ်ကိုင်း |
|---|---|
| Mar 26 - 130000 ကျပ် | Mar 26 - 130000 ကျပ် |
| Apr 11,12,13,17 - 190000 ကျပ် | Apr 12,17 - 150000 ကျပ် |

Scania (2+2) Bus, 3 Stars Hotel, Restaurants

အမှတ် ၇၄ (ပထမထပ်)၊ နံ့သာလမ်း၊ ဥဿနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

**NEW MOTION** Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျားသစ်လွင် သင်္ကြန်ခရီးစဉ်

| | | | |
|---|---|---|---|
| ရွှေစက်တော် | Mar; 26 | ထားဝယ်-ကန်ချွန်ဘုရား | April; 13 |
| မန္တလေး | Mar; 26, April; 13,17 | မန္တလေး-တောင်ကြီး | April; 12 |
| ပုဂံ | Mar; 26, April; 12,13,17 | ပုဂံ-တောင်ကြီး | April; 11,12 |
| တောင်ကြီး | Mar; 26, April; 11,12,13,17 | ပုဂံ-ရွှေစက်တော် | April; 12,13 |
| အလောင်းတော်ကဿပ | Mar; 26, April; 12,13,17 | မြောက်ဦး | April; 13 |
| မိုးကုတ် | April; 13 | ငွေဆောင် / ငပလီ | April; 13,15 |

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 09-4925 2922

**Konica ရွှေစာ** Wedding Dress Photo Studio


စိုင်းစိုင်းခမ်းလှိုင်

ဘွဲ့ခါတ်ပုံ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။

* အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊
၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့ ။ ဖုန်း - ၂၂၅၀၀၄

* အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊
ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ် ။ ဖုန်း-၅၂၅၃၀၄

**MORES MYANMAR** Travels & Tours

| | | | |
|---|---|---|---|
| ဝန်ကောက်-ပတ္တရား | Mar 25,April 10,14 | တောင်ကြီး-အင်လေး | Mar 26,April 12 |
| ဝန်ကောက်-ဖူးခက် | April 10 | အလောင်းတော်ကဿပ-စစ်ကိုင်း-မုံရွာ | Mar 26,April 12 |
| စင်ကာပူ ခရီးစဉ် | April 13 | မန္တလေး-ပြင်ဦးလွင်-မင်းကွန်း | April 12 |
| ဗီယက်နမ်-ဟန်နွိုင်း | April 14 | ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် | April 12 |
| ချောင်းသာကမ်းခြေ | (နေ့စဉ်) | ပုဂံ-ပုပ္ပါး-ရွှေဆောင်တော်လေးဆု | April 12 |
| ငွေဆောင်ကမ်းခြေ | (နေ့စဉ်) 5pax up ++Discount | | 10 + 1FOC |

ပြည်-အကောက်တောင်/ကရင်ပြည်နယ်-ဆွေနံ့ဂူ/မော်လမြိုင်-ကျိုက္ကမီ-စက်ဆဲ နေ့ရှင်းပြန်(အပတ်စဉ်စနေ)

၁၃၂၊ ၃ ထပ်၊ ၁၆-လမ်း၊ (လမ်းမတော်)Ph: 01-376955, 09-30045776, 09-5074744,09-5038819

**Travel Palace**
အဆင့်မြင့်ဘုရားဖူးနှင့်ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ်ဆမ်း၊မွေတော်ကက္ကူ | 4N/5D 140000 | Mar 26th, April 12th 17th |
| ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး | 4N/5D 150000 | |
| အလောင်းတော်ကဿပ၊စစ်ကိုင်း၊မန္တလေး၊ပြင်ဦးလွင် | 4N/5D 160000 | |

Hotel 3 N
01 577795, 09 253981795
09 448025596, 09 5155170
Hotel တည်း Restaurant ကျွေး
သင်္ကြန်ခရီးစဉ်များအတွက် ကြိုတင်လက်မှတ်များရနိုင်ပါပြီ
အသင်းအဖွဲ့များအတွက် ခရီးစဉ်များ စီစဉ်ပေးသည်။

သွေးသည်အသက်

ကားမျိုးစုံငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။
ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
09-31065335, 09-975599880

ချို သင်္ကြန်မှာ ချိုနဲ့အတူ ခရီးသွားရအောင်.. ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့?
မိတ်တောင်း/ထစ် များအတွက် အထူးစေတနာထုတ်ထူး *ဗုဒ္ဓဂါယာအာပုံလိုက်ပါခွင့်ကံစမ်းမဲ*
Restaurant,Hotel,VIP Tour Express - SCANIA (2+1, 2+2) ကားသစ်ကြီးများဖြင့် Apr-12/13/17
သင်္ကြန်ခရီးစဉ်များအားလုံး 50% Discounts အားလုံးစရိတ်ငြိမ်း

တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကက္ကူ–ထမ့်စမ်း
(ကုံလုံဆရာတော်၏ထူးခြားဖြစ်စဉ်ဖူးမျှော်ရန်) ၄ည/၅ရက် ယခင် 320000 ယခု 160000

ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ (ရွှေဆောင်တော်လေးဆုပြည့်ငါးပြည့်) လမ်းဘုရားစုံ
သင်္ကြန်သီးသန့်(၄)ည (၅)ရက် ခရီးစဉ် VIP 2+1 Car 160000

ပုဂံ–မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင် (ရွှေဆောင်တော်လေးဆုပြည့်ငါးပြည့်အထူး)
(ညပိုင်း Dinner စားရင်း ပျော်ဖြေမှုပါ။) ၄ည/၅ရက် ယခင် 320000 ယခု 160000

အလောင်းတော်–မန္တလေး–စစ်ကိုင်း–မုံရွာ
**မုံရွာဝင်းသုနတ်တိုတယ်တွင် (၂)ညအိပ်** ၄ည/၅ရက် VIP 2+1 Car ယခင် 340000 ယခု 180000

၂၀၁၅ သင်္ကြန်အတွက် သီးသန့်အဆင့်မြင့် စရိတ်ငြိမ်း ခရီးစဉ်အားလုံး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်(၅၄)၊ Orange Center ဘေး၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း။ အိမ်တိုင်ရာရောက် လက်မှတ်ဝန်ဆောင်မှု
Ph: 09-420073607, 09-73211079, 09-49250637




Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar


LIEBHERR




## အာရှတိုက်၏အမြင့်ဆုံးသော လူနေမှုဆု "Green Asia Habitat Awards"

"Green Asia Habitat Awards"သည် ယနေ့တိုင် အာရှတိုက်တွင် ဩဇာအကြီးဆုံး၊ အဆင့်အတန်းအမြင့်ဆုံးသောအိမ်၊ ခြံ၊ မြေ ဆိုင်ရာဆုတံဆိပ်ဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း ၊ အာရှပစိဖိတ်ဆိုင်ရာ လူနေထိုင်မှုဌာန၏ ညွှန်ကြားချက်လက်အောက် ဖြစ်သော အာရှတွင်ဩဇာအရှိဆုံးပညာရေးအဖွဲ့အစည်းဖြစ်သည့် "Asia HS" နှင့် ပူးပေါင်းလက်တွဲကာ အာရှပစိဖိတ်ဒေသတွင် ကိုယ်စားပြုနိုင်သော လူနေမှုပတ်ဝန်းကျင် စိမ်းလန်းစိုပြေစေရန်နှင့် ဖွံ့ဖြိုးတိုးတက် စေရန် စံပြအဖြစ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၎င်းဆုတံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဓိကအားဖြင့် ၎င်းဆုတံဆိပ်သည် အစိမ်းရောင်ဂေဟပတ်ဝန်းကျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နည်းစွာ အသုံးပြုနိုင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းစသည့် ကဏ္ဍတို့တွင်ထူးချွန်စွာအကျိုးပြုနိုင်သည့် မြို့၊ ရပ်ကွက်၊ လူပုဂ္ဂိုလ်များကိုချီးမြှင့်ပေးသည်။ ၎င်းအဖွဲ့အစည်းသည် အာရှပစိဖိတ်ဒေသတွင်ရှိသော မြို့ပြစီမံကိန်းများနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင်လူနေမှုပတ်ဝန်းကျင်အား အစဉ်အဆက်မပြတ်တိုးတက်မှုများကို ဆက်လက်ဆောက်ရွက်၍ သုတေသနပြုလုပ်မှုကို မြှင့်တင်ပေးရန်ရည်ရွယ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆု ဆွတ်ခူးရရှိခဲ့သည့် စီမံကိန်းဖြစ်သော GOLDEN CITY သည် မြန်မာနိုင်ငံမြို့ပြနေထိုင်မှုနှင့် လူနေမှုပတ်ဝန်းကျင်၊ လူနေမှုအဆင့်အတန်းအား ရှေ့သို့လှမ်းရိုက်ကာ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်အား စိမ်းလန်းစိုပြေခြင်း၊ဂေဟစနစ်ရရှိခြင်း၊ ကျန်းမာခြင်း၊အဆက်မပြတ်တိုးတက် နိုင်ခြင်းတို့ အပေါ်အလေးထား၍ဖွံ့ဖြိုးတိုးတက်မှုကို ခေါ်ဆောင်ပေးပါသည်။



## မြန်မာနိုင်ငံ၏ ပထမဆုံးသော အသိအမှတ်ပြုခံရသည့် စီမံကိန်း GOLDEN CITY သည် နိုင်ငံတကာစံချိန်စံညွှန်းနှင့် တစ်ပြေးညီ ဖြစ်ခြင်း။

GOLDEN CITYသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော အဆင့်မြင့်အိမ်ရာ၊ ဈေးဝယ် စင်တာ၊ ဟိုတယ်တိုက်ခန်းများ၊ စီးပွားဆိုင်ရာရုံးခန်းများစသည်တို့ အားလုံးပါဝင်သော မြို့ပြအမှတ်အသား အထင်ကရအဆောက်အအုံဖြစ်ကာ မြန်မာနိုင်ငံတွင် ကိုယ်စားပြုသော နိုင်ငံတကာအဆင့်မီနေထိုင်မှုအဆောက်အအုံ ဖြစ်ပါသည်။ ယခုချိန်တွင် ကုလသမဂ္ဂလူမှုနေထိုင်ရေးဌာန၏ စစ်ဆေးအကဲဖြတ်စံညွှန်း (၁၅)ချက်ကို အောင်မြင်ပြီး "Green Asia Habitat Awards"ဆုကို ဆွတ်ခူးရရှိခဲ့ကာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အကြီးဆုံးသောအဖွဲ့အစည်းက အသိအမှတ်ပြုခြင်းခံရသော လူနေထိုင် မှုစီမံကိန်းကြီးလည်းဖြစ်ခဲ့သည်။ GOLDEN CITY သည် နိုင်ငံတကာအဆင့်မီ လူနေထိုင်မှု၏ အဆင့်မြင့်အရည်အသွေးကို တစ်ဖန်သက်သေပြနိုင်ခဲ့သည်။

GOLDEN CITYသည် ယခုအကြိမ်ဆုတံဆိပ်ရရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံရှိ မြို့ပြလူနေထိုင်မှုတိုးတက်ရေးအပေါ် တွန်းအားအသစ်ပေးစွမ်းခဲ့သည်။ ဤသည်ကား မြန်မာနိုင်ငံသည် နိုင်ငံတကာ အဆင့်မီနေထိုင်မှုအဆင့်သို့ ရောက်ရှိနေပြီဟု ဖော်ပြနေခြင်းဖြစ်ကာ GOLDEN CITY၏အရည်အသွေးကိုထပ်မံ၍ ကျွမ်းကျင်မှုဆိုင်ရာအသိအမှတ် ပြုလိုက်ခြင်းလည်းဖြစ်သည်။စီမံကိန်းသည် အင်းယားကန်၊ ရွှေတိဂုံစေတီ နှင့် ကပ်လျက်တည်ရှိပြီး လေဆိပ်မှ ကားဖြင့်လာပါက (၁၅)မိနစ် သာကြာသည်။ အများတကာထက်သာလွန်သော ပထဝီအနေအထားရှိခြင်း၊ ရန်ကုန်မြို့၌ အမြင့်ပေ (၃၆၀) ရှိသော အဆောက်အအုံပိုင်ဆိုင်ခြင်း၊ စီမံကိန်းအတွင်းပိုင်းတွင် ရန်ကုန်မြို့၏ ပထမဦးဆုံးသော ၂.၅ ဧကရှိသော ပန်းခြံဥယျာဉ်တည်ဆောက်ထားခြင်း၊အာရှတိုက်ရှိ နာမည်ကြီး ဖိမ်ခံအမှတ်တံဆိပ်အရောင်းဆိုင် Reebonz ထားရှိခြင်း၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အဆင့်မြင့်ကလပ်ကို ဖန်တီးပေးခြင်း၊ အမေရိကန်ရှိ Colliers International အား စီမံကိန်းအကြံပေးအဖြစ် ဖိတ်ခေါ်ထားခြင်း စသည့် ကဏ္ဍ(၂၀)ခုပါဝင်သော နိုင်ငံတကာလူနေထိုင်မှု စံချိန်စံညွှန်းများရှိကာ မြန်မာနိုင်ငံအား နိုင်ငံတကာ အဆင့်မီဂေဟနေထိုင်မှုစနစ်ကို ဖန်တီးပေး မည်။



## ဆုရရှိမှုအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း။ GOLDEN CITY Phase 2 မှာ မြန်မာနိုင်ငံတွင် ထွက်ပေါ်လာခြင်း။

GOLDEN CITY Phase 2 တွင် အသစ်တီထွင်ထားသော အိမ်ခန်းအကျယ်အဝန်း၊ ရှုခင်းမြင်ကွင်း စသည့်အပိုင်းများကို မြှင့်တင်ထားသည်။ အသိအမှတ်ပြုသည့်ကာလတွင် မတူထူးခြားဆန်းပြားမှုများရှိသည်။ GOLDEN CITY Phase 2 တွင် 517 sq.ft.(1 Bedroom)၊ 760-986 sq.ft.(2 Bedrooms)၊ 1,291-1,499 sq.ft.(3,4 Bedrooms) ပါဝင်သော အခန်းပုံစံများ၊ ခေတ်နှင့်အမီ တီထွင်ပြုလုပ်ထားသော အခန်းပုံစံမျိုးစုံနှင့် အထပ်မြင့်ဇိမ်ခံ Penthouse များရှိသည်။ဈေးနှုန်းကွာဟချက်များမှာ $130,000—$330,000 ရှိသည်။ မြင့်မားသော ဈေးနှုန်းနှိုင်းယှဉ်ချက်များရှိသည်။ မြို့ပြနေထိုင်သူများအတွက် အဆင့်တန်းမြင့်မားစေသည့်အပြင် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ကိုယ်ပိုင်နေထိုင်ခြင်းအတွက် အကောင်းဆုံးရွေးချယ်ရာ နေရာလည်းဖြစ်သည်။

GOLDEN CITY မှ ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုရန် GOLDEN CITY အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများ ရွေးချယ်လိုက်သူတိုင်းကို အထူးခံစားခွင့် Promotion များ၊ Show Gallery သို့ လာရောက်ကြည့်ရှုသော ဧည့်သည်များကိုလည်း အထူးလက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်သည်။



**Hotline: +95(0)1-8605111 +95(0)1-8605222**

Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar Website: www.glredcl.com

Developer: Golden Land Real Estate Development Co., Ltd.

Hot Line No-0930500100



နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရပ်နားစဉ်။

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

**မန္တလေး မတ် ၁၉**

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ နာရီပေါင်း ၁၅ နာရီကျော် မောင်းနှင်လာသည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 သည် မြန်မာနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မန္တလာမြေသို့ ခရီးတစ်ထောက်ခိုနားရန် မတ် ၁၉ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် စတင်ရောက်ရှိပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၈ နာရီခွဲတွင် ရောက်ရှိရပ်နားသည်။

အဆိုပါ ဆိုလာလေယာဉ်မှ လေယာဉ်မှူး ဘာထရန်ပစ်ကဒ်နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်တို့အား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးတို့က ခရီးဦးကြိုဆိုကြပြီး**(ယာပုံ)** တိုင်းရင်းသား တိုင်းရင်းသူလေးများ၊ ဘင်ခရာနှင့်ပန်းဖွားအက၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




ယနေ့ **မာတိကာ**

မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာသုံးခု လက်မှတ်ရေးထိုး
စာမျက်နှာ - ၅

တပ်မတော်စစ်ကြောင်းများက ပွိုင့် - ၁၄၇၉ တောင်ကုန်းအား သိမ်းပိုက်ရရှိ
စာမျက်နှာ - ၁၁



> မီးခလုတ်
> ဘရေကာ
> အလှဆင်မီး
> လေစုပ်ပန်ကာ
> လျှပ်စစ်မီးကြိုး
> မီးအားမြှင့်စက်

Panasonic

YANDAYAR TRADING CO.,LTD
အမှတ်– ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊ ရန်ကုန်။
☎ ၀၁–၅၀၂၃၃၃၊ ၅၀၃၂၉၆၊ ၅၁၂၉၁၁

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့် အဆင့်မြင့် ဘော်ဒါ

- ရန်ကုန်မြို့၏ No.1 ကျွမ်းကျင်ဆရာများချည်းသာ နှစ်စဉ်နှစ်ဆုံးသင်ကြားခဲ့သည်မှာ နှစ်(၂၀)တိုင်ခဲ့ပြီ။
- ဝါရင့် လက်ထောက်ဆရာကြီးများ၊ ဘာသာစုံ GUIDE များ လိုလေသေးမရှိ။
- စာသင်ခန်းမကျယ်ကြီးများ၊ ရေချိုးခန်း၊ အိမ်သာ တွဲလျက်၊ အိပ်ခန်းများတွင် ပန်ကာ၊ AIR CON အပြည့်အစုံ တပ်ဆင်လျက်...
- တစ်ပတ်တာ နံနက်စာ၊ နေ့လယ်စာ၊ ညစာကို စာချွပ် ချွပ်၍ ဝိုင်းပြီးဆုံး ကိုယ်တိုင် ချက်ပြုတ် ကျွေးမွေးသည်။
- ရန်ကုန်မြို့၏ နေရာဒေသအသီးသီးအတွက် FERRY အပြည့်အစုံ စီစဉ်ပေးသည်။
- ဤသတင်းကြေငြာချက်ပါ ပညာရေးအင်အားစု ဆရာများအားလုံး အပြောင်းအလဲမရှိ နှစ်စဉ် ပညာသင်နှစ် ပြီးဆုံးသည်ထိ မပျက်မကွက် သင်ကြားကြကြောင်း စာချုပ် ချုပ်ဆိုပေးသည်။

တပည့်ရင်း
၂၀၁၄ ခု ဘာသာစုံ ဂုဏ်ထူးရှင် (၄၅) ဦး၊ မြန်မာစာ ဂုဏ်ထူးရှင် (၁၂၅) ဦးတို့အား
၁၅.၁၁.၂၀၁၄ နေ့က ချီးမြှင့်ပြီးဖြစ်သည်။
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)

၄၊၅၊၆၊၇၊၈၊၉၊၁၀ တန်း တန်းခွဲသစ်များ ဧပြီလ (၂၇) ရက် ဖွင့်ပြီ

အစိုးရစစ် အဋ္ဌမတန်း နှင့် ဒသမတန်းအတွက် အထူးစီစဉ်ထားရှိသည်။ ကြိုတင်အပ်နှံမှ စိတ်ချရမည်။

အတုမရှိ၊ အတုမရှိသည့် ဆရာအင်အား
- ဂုဏ်ထူး ဦးသိန်းနိုင်
- ဆရာ နေအုပ်(စိန်ပေါက်)
- ဂုဏ်ထူး ဦးအောင်နိုင်
- ပါမောက္ခ ဒေါက်တာထွန်းခင်
- ဒေါက်တာ ညီညီ
- ဒေါက်တာ ဇီဝ
- ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ဝိုင်းစိန်မြင့်အောင်

စုံစမ်းအပ်နှံရန်... ● မြို့အမှတ် ၁၄၊ မင်းနန္ဒာ လုံးချင်းအိမ်ရာ၊ ရေဝတီလမ်းမကြီး၊ သုဝဏ္ဏတံတားထိပ် (ရွှေပုဇွန်ကိတ်နှင့် မျက်နှာချင်းဆိုင်) ဖုန်း ၀၁ ၅၅၃၄၁၀၊ ၀၁ ၃၇၅၅၀၉၊ ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၇၃၁၀၉၀၉၂
ကျောင်းတည်နေရာ ● မြို့အမှတ် ၂၀ (A)+၂၀ (B)၊ ဥယျာဉ်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၅၁၀၁၃၇၇၊ ၀၉၄ ၂၀၁၀၇၂၇

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily